http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက

အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဖြေကြားတော်မူသော

# ဘဝပြုသာသနာ

ဝဏ္ဏကျော်ထင် ဒေါက်တာဦးမြင့်ဆွေ လျှောက်ထားသည်

သာသနာ - ၂၅၅၁ ကောဇာ - ၁၃၆၉ ခရစ် - ၂၀၀၈

http://www.dhammadownload.com

# ကံနှင့် ကံ၏အကျိုး ပေးပုံ၏မဏ်းချက်

၁။ သူ့ကိုသတ်ဖြတ်, သက်တိုတတ်, မသတ် အသက်ရှည်။

၂။ ညှဉ်းဆဲသူကား, အနာများ, သနား ကျန်းမာသည်။

၃။ ဒေါသမီးလျှံ, အကျည်းတန်, သည်းခံ လှပသည်။

၄။ မနာလိုမှာ, ခြွေရံကွာ, ကြည်သာ ခြွေရံစည်။

၅။ မပေးလှူက, မွဲပြာကျ, လှူမှ ပေါကြွယ်သည်။


၆။ မရိုမသေ, မျိုးယုတ်ချေ, ရိုသေ မျိုးမြတ်သည်။

၇။ မမေးမမြန်း, ဉာဏ်မြင်ကန်း, စုံစမ်း ဉာဏ်ကြီးသည်။

၈။ ဆိုးတာပြုက, ဆိုးတာရ, ကောင်းမှ ကောင်းစားသည်။

၉။ ဆိုးကောင်းနှစ်တန်, ကံစည်မံ, ခံ စံကြရသည်။

http://www.dhammadownload.com



အနန္တကျေးဇူးတော်ရှင် ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

## မဟာစည် ဆရာတော်ဘုရားကြီး

ဆဋ္ဌသံဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

ကျေးဇူးတော်ရှင်

# မဟာစည်ဆရာတော်ဘုရားကြီး

ဖြေကြား၍

ဝဏ္ဏကျော်ထင်

ဒေါက်တာဦးမြင့်ဆွေ

(အမ်ဘီဘီအက်စ်)လျှောက်ထားသော

# ဘဝပြဿနာ

သာသနာ-၂၅၃၆ ကောဇာ-၁၃၅၄ ခရစ်-၁၉၉၂

http://www.dhammadownload.com

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက်အမှတ်(၈၁၃/၉၁) (၁၂)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်– (၆၂/၉၂) (၇)

ဆဋ္ဌမအကြိမ်

အုပ်ရေ (၂၀ဝ၀)

တန်ဖိုး (၁၅)ကျပ်

မျက်နှာဖုံးပန်းချီ – စံတိုး

၁၉၉၂–ခုနှစ် (ဩဂုတ်လ)

ထုတ်ဝေသူ – ဦးလေးမောင်(ယာယီ–၂၄၈)
ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
(၁၆)ဟာမစ်တစ်လမ်း ၊ ဗဟန်း ၊ရန်ကုန်မြို့။

ပုံနှိပ်သူ – ဦးတင်အောင်ဝင်း (ဝ၃၃ဝ၉)
ဖိုးရာဇာပုံနှိပ်တိုက်
၁၆၂–(၄၅)လမ်း[အထက်]
ဗိုလ်တထောင်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

# အကြောင်းရင်း

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် သာသနာနှစ် ၂၃၅-ခုနှစ်သို့အရောက် မဇ္ဈိမဒေသမှ သောဏထေရ်နှင့် ဥတ္တရထေရ် အမှူးပြုသော မထေရ် ငါးပါးတို့သည် ဗုဒ္ဓသာသနာတော်ကို မြန်မာနိုင်ငံအောက်ပိုင်း သုဝဏ္ဏဘူမိ သထုံပြည်သို့ စတင် ဆောင်ယူတော် မူခဲ့ကြလေသည်။

သထုံပြည့်ရှင် သီရိမာသောကမင်းနှင့်တကွ တိုင်းသူ ပြည်သား လူထုအများတို့သည် သမ္မာဒိဋ္ဌိအယူဖြစ်သော ဗုဒ္ဓ သာသနာတော်ကို သက်ဝင် ယုံကြည်ကြလေသည်။

သာသနာနှစ် ၁၆၀၁-ခုနှစ်သို့ အရောက်တွင် ရှင်အရဟံမထေရ်မြတ်သည် သထုံပြည်မှ ဗုဒ္ဓသာသနာတော်ကို မြန်မာနိုင်ငံအထက်ပိုင်း အရိမဒ္ဒန ပုဂံပြည်သို့ စတင် ဆောင်ယူတော်မူခဲ့လေသည်။

ပုဂံပြည့်ရှင် အနော်ရထာမင်းနှင့် တကွ တိုင်းသူပြည်သား လူထုအများတို့သည် သမ္မာဒိဋ္ဌိ အယူဖြစ်သော ဗုဒ္ဓသာသနာတော်ကို သက်ဝင် ယုံကြည်ကြလေသည်။

ဤသို့အားဖြင့် ဗုဒ္ဓသာသနာတော်သည် မြန်မာနိုင်ငံတော်အဝှမ်း ထွန်းလင်း ပြန့်ပွားခဲ့သည့်အလျောက် မြန်မာမင်း

http://www.dhammadownload.com



အဆက်ဆက် တို့သည်လည်း ဗုဒ္ဓသာသနာ ကြီးပွားထွန်းလင်းရန် အလို့ငှါ စွမ်းအားရှိသလောက် ပစ္စယာနုဂ္ဂဟဖြင့် ချီးမြှောက် ထောက်ပံ့ခဲ့ကြလေသည်။

မှားယွင်းသော အယူရှိကြကုန်သော တိုင်းသူ ပြည်သားလူထုအများတို့ကိုလည်း သမ္မာဒိဋ္ဌိအယူဖြစ်သော ဗုဒ္ဓသာသနာတော်၌ သက်ဝင် ယုံကြည်စေကုန်သည်။

သို့ဖြစ်သောကြောင့် မှန်နန်းရာဇဝင် ဘုရင့်နောင် အခန်း၌ "အပြည်ပြည်ထောင်သော မိစ္ဆာဒိဋ္ဌိတို့ကို သမ္မာဒိဋ္ဌိဖြစ်အောင် ဆုံးမလေ့ရှိသော သာသနာ့ ဒါယကာမင်း" ဟူ၍ငင်း "မိစ္ဆာအယူမှသည် သမ္မာဒိဋ္ဌိကြီးဖြစ်စေ၍ ပရိယတ္တိ ပဋိပတ္တိ သာသနာတော်ကို တည်စေသည်" ဟူ၍ငင်း ရေးသားခဲ့လေသည်။

ငင်းရာဇဝင်များ အရဆိုလျှင် မြန်မာနိုင်ငံ အောက်ပိုင်း၌ သာသနာနှစ် ၂၃၅-ခုနှစ်ကစ၍ သာသနာထွန်းလင်းခဲ့ကြောင်း မြန်မာနိုင်ငံ အထက်ပိုင်း၌ သာသနာနှစ် ၁၆၀၁- ခုနှစ်ကစ၍ သာသနာ ထွန်းလင်းခဲ့ကြောင်း၊ သာသနာကို သက်ဝင်ယုံကြည်ကြကုန်သော မြန်မာတိုင်းဘွား လူမျိုးအားလုံးကိုလည်း "သမ္မာဒိဋ္ဌိလူမျိုး" ဟူ၍ ခေါ်ဝေါ်ကြကြောင်း ထင်ရှားခဲ့လေသည်။

* သမ္မာဒိဋ္ဌိလူမျိုးဟူ၍ ခေါ်ဝေါ်ကြခြင်း၏ အကြောင်းရင်းမှာ မြတ်ဘုရား၏ သာသနာတော်ကို သက်ဝင်ယုံကြည်

---

* သမ္မာဒိဋ္ဌိဟု ခေါ်ဝေါ်ပုံ ဓမ္မပဒ အဋ္ဌကထာ ဒါရုသာကဋိက ပုတ္တဝတ္ထု နှာ-၂၀၄ ၌ရှုပါ။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ကြကုန်သော သူတို့သည် "သမ္မာဒိဋ္ဌိအကျင့်"ကို ကျင့်ကြသူများ ဖြစ်ကြသောကြောင့် ဖြစ်ပေသည်။

* သမ္မာဒိဋ္ဌိအကျင့်ဟူသည် သရဏဂုံ ဆောက်တည်ခြင်းဖြင့် ဥပါသကာ ဥပါသိကာမအဖြစ်ကို ခံယူကြ၍ ငါးပါးသီလကို ခါးဝတ် ပုဆိုးကဲ့သို့ မြဲစွဲကြကာ မဂ်ဖိုလ် နိဗ္ဗာန်ရကြောင်း သမ္မာဒိဋ္ဌိ ရှေ့သွားရှိသော မဂ္ဂင်ရှစ်ပါးကို ကျင့်သော အကျင့်ပင်ဖြစ်သည်။

မဂ္ဂင်ရှစ်ပါးကို ကျင့်သောသူသည် သစ္စာလေးပါးကို သိမြင်၍ မဂ်လေးပါး ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော လောကုတ္တရာတရားကိုးပါးကို မိမိတို့ ပါရမီအဆင့်အတန်း အလျောက် မျက်မှောက် ပြုနိုင်ကြသည်။

ဤသမ္မာဒိဋ္ဌိအကျင့်သည် ဂေါတမဗုဒ္ဓ သဲစုမက ပွင့်ဘော်မူကြကုန်သော ဘုရားရှင်တို့ ဟောကြားတော်မူသောအကျင့်ပဋိပတ်ဖြစ်၍ ဘုရားရှင်တို့၏ သာသနာထွန်းလင်းသောအခါတို့၌ တည်ရှိလေသည်။

ဤ သမ္မာဒိဋ္ဌိအကျင့်ကို ကျင့်၍ အောက်ထစ်ဆုံးအားဖြင့် သောတာပတ္တိ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကိုရသောသူသည် သောတာပန် ပုဂ္ဂိုလ်အဆင့်အတန်းသို့ ရောက်လေသည်။

သောတာပန် ပုဂ္ဂိုလ်သည် ဤဘဝမှ စုတိစိတ် ကျလျှင် အပါယ် ဒုဂ္ဂတိဘုံဘဝသို့ မသွားတော့ဘဲ ကာမဘုံ၌ အလွန်ဆုံး (၇)ဘဝ နေပြီးနောက် ရုပ်နာမ်ချုပ်ငြိမ်း၍ နိဗ္ဗာန်ဝင်လေတော့သည်။

http://www.dhammadownload.com



သကဒါဂါမိ မဂ်ဉာဏ်, ဖိုလ်ဉာဏ် ရသောသူသည် သကဒါဂါမ် ပုဂ္ဂိုလ်အဆင့်အတန်းသို့ ရောက်လေသည်။

သကဒါဂါမ်ပုဂ္ဂိုလ်သည် ဤဘဝမှ စုတိစိတ်ကျလျှင် နတ်ပြည်၌ဖြစ်ပြီးနောက် ဤဘဝသို့ တကြိမ်ပြန်လာကာ ရုပ်နာမ်ချုပ်ငြိမ်း၍ နိဗ္ဗာန်ဝင်လေတော့သည်။

အနာဂါမိ မဂ်ဉာဏ်, ဖိုဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် အနာဂါမ် ပုဂ္ဂိုလ် အဆင့်အတန်းသို့ ရောက်လေသည်။

အနာဂါမ် ပုဂ္ဂိုလ်သည် ဤကာမဘုံသို့ပင် ပြန်မလာတော့ဘဲ အထက်ဗြဟ္မာ့ပြည်၌ဖြစ်ကာ ရုပ်နာမ် ချုပ်ငြိမ်း၍ နိဗ္ဗာန်ဝင်စံလေတော့သည်။

အရဟတ္တ မဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို ရသော ပုဂ္ဂိုလ်သည် ရဟန္တာပုဂ္ဂိုလ် အဆင့်အတန်းသို့ ရောက်လေသည်။

ရဟန္တာပုဂ္ဂိုလ်သည် ဤဘဝမှ စုတိစိတ်ကျသည်နှင့် တပြိုင်နက် ရုပ်နာမ်ချုပ်ငြိမ်း၍ နိဗ္ဗာန် ဝင်စံလေတော့သည်။

ဤသို့သော သမ္မာဒိဋ္ဌိအကျင့်ကို ကျင့်သုံး လာခဲ့ကြသည့် ရှေးမြန်မာတိုင်းဘွား လူမျိုးများအဘို့မှာ မိမိတို့ကျင့်သုံးအပ်သော အကျင့်အားလျော်စွာ လားရောက်ကြရမည့် ဘဝကို အတော်အတန် ခန့်မှန်းနိုင် ကြသောကြောင့် "တမလွန်ဘဝ ရှိ,မရှိ" ဟူသော ပြဿနာ မပေါ်ပေါက်ခဲ့ကြချေ။

မကောင်းသော အမှုကိစ္စကိုပြုလျှင် ထိုမကောင်းမှုကံကြောင့် မကောင်းကျိုး ပေးသည့်, မကောင်းသော အပါယ်ဒုဂ္ဂတိ

http://www.dhammadownload.com



ဘဝသို့ ရောက်သည်ကိုရင်း, ကောင်းသော အမှုကိစ္စကိုပြုလျှင် ထိုကောင်းမှုကံကြောင့် ကောင်းကျိုးပေးသည် ကောင်းသော နတ်ရွာ သုဂတိဘဝသို့ ရောက်သည်ကိုရင်း ယုံကြည်ကြပြီး ဖြစ်လေသည်။

မြန်မာနိုင်ငံတော်၌ကား ဤသို့ သမ္မာဒိဋ္ဌိ အယူရှိကြကုန်သော မြန်မာလူမျိုးတို့ချည်း အစဉ်ထာဝရ နေထိုင်ကြသည် မဟုတ်ကြချေ။

မြန်မာ့ ရာဇဝင်များကို ပြန်လည်၍ လေ့လာသောအခါ အင်းဝခေတ် အစပိုင်းလောက်ကစ၍ နိုင်ငံခြားသားများ ဖြစ်ကြသော ပြင်သစ်, ပေါ်တူဂီ, အင်္ဂလိပ်, ဒပ်ချ်, အိန္ဒိယစသော လူမျိုးများသည် ကုန်သည်အဖြစ်ဖြင့်ရင်း, မင်းမှုထမ်းအဖြစ် ဖြင့်ရင်း, မြန်မာနိုင်ငံသို့ ဝင်ရောက် နေထိုင်ကြကြောင်း သိရလေသည်။

ရင်းနိုင်ငံခြားသားတို့အား မြန်မာလူမျိုးတို့က ကုလားဖြူ, ကုလားမဲတို့ဟူ၍ရင်း, သိုးဆောင်းလူမျိုးတို့ဟူ၍ရင်း ခေါ်ကြလေသည်။ ရင်းတို့နှင့် ပါလာသော အယူဝါဒ တို့မှာလည်း မြန်မာလူမျိုးတို့ ယူကြသော သမ္မာဒိဋ္ဌိအယူနှင့် ဖြောင့်ဖြောင့် ဆန့်ကျင်ကြ၍ "ဤဘဝမှသေလွန်လျှင် ဘဝဇာတ်ပြတ်ခြင်း အယူဝါဒရှင် ဘုရားတို့၏အမိန့်ကို နာခံခြင်းလျှင် အဆုံးသတ် ကြလေသည်။

http://www.dhammadownload.com



သို့ဖြစ်သောကြောင့်လည်း ရှေးပဝေနီမှစ၍ သမ္မာဒိဋ္ဌိအယူရှိကြသူ မြန်မာလူမျိုးတို့က ၎င်းနိုင်ငံခြားသား လူမျိုးတို့အား ဗျတိရေက နည်းအားဖြင့် "မိစ္ဆာဒိဋ္ဌိလူမျိုး"ဟူ၍ ခေါ်ဝေါ်ခဲ့ကြလေသည်။

၎င်းနိုင်ငံခြားသားတို့နောက်မှလည်း နိုင်ငံခြားသာသနာပြုဘုန်းကြီးများ မြန်မာပြည်တွင်းသို့ လိုက်ပါလာကြသည်ဟု ဆိုလေသည်။ "နိုင်ငံခြား သာသနာပြု ပုဂ္ဂိုလ်တို့အနက် အလင်ရှားဆုံးသော ပုဂ္ဂိုလ်မှာ ဒေါက်တာဂျဒ်ဆင်ဖြစ်၍ ၎င်းပုဂ္ဂိုလ်သည် ခရစ်သက္ကရာဇ် ၁၈၁၃-ခုနှစ်က မြန်မာနိုင်ငံသို့ ရောက်လာသည်"ဟု သိရလေသည်။

အမရပူရခေတ် ဘိုးတော်မင်းတရား လက်ထက်သို့ ရောက်လာသောအခါ ဒေါက်တာဂျဒ်ဆင် စသော သာသနာပြုပုဂ္ဂိုလ်တို့သည် မြန်မာတို့က ၎င်းတို့အား"မိစ္ဆာဒိဋ္ဌိလူမျိုး"ဟူ၍ ခေါ်ဝေါ်နေကြသည်ကို ပပျောက်စေရန် "၎င်းတို့သည် ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်ကြသည့် ခရစ်ယာန် လူမျိုးဟူ၍၎င်း" သမ္မာဒိဋ္ဌိလူမျိုးဟူ၍ ဝင့်ကြွားခဲ့သော မြန်မာလူမျိုးတို့အားလည်း ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်ကြသည့် ဗုဒ္ဓဘာသာလူမျိုး"ဟူ၍၎င်း ကင်ပွန်းတပ်ခဲ့ကြလေသည်။

၁၃၀၇-ခုနှစ်က စက်တင်ပုံနှိပ်ခဲ့သော ဦးခင် အမည်ရှိပုဂ္ဂိုလ်ပြုစုသည့် "ဗုဒ္ဓဘာသာဆိုတာ ဘာလဲ"စာအုပ်၌ အငြိမ်းစားအရေးပိုင်မင်း ဦးဘိုးစရေးသည့် စာအုပ်ဝေဖန်ချက်အခန်း၌

http://www.dhammadownload.com



"ဗုဒ္ဓဘာသာဟူသောစကားသည်ဘိုးတော်မင်းတရားလက်ထက် လောကကစ၍ လူတို့ခေါ်ဝေါ်ရာသုံးစွဲခဲ့သော စကားဖြစ်သည်။ ၎င်းစကားကို မသုံးစွဲမီ ဗုဒ္ဓဘာသာတရားကို သမ္မာဒိဋ္ဌိတရားဟု ခေါ်ဝေါ်သုံးစွဲကြ၏"ဟု တွေ့ရလေသည်။

ဗုဒ္ဓဘာသာဟူသော အသုံးအနှုန်းသည် ပိဋကတ်စာပေတို့၌၎င်း, ရှေးသာသနာဝင် ရာဇဝင်တို့၌၎င်း မတွေ့ရချေ။ နိုင်ငံခြားသား သာသနာပြုတို့ မြန်မာပြည်တွင်းသို့ ရောက်လာကာမှသာ နိုင်ငံခြားသား သာသနာပြုတို့က ခေါ်ဝေါ်ကြသဖြင့် ဖြစ်ပေါ်လာသော စကားခွန်းဖြစ်ကြောင်း သိရလေသည်။

"ဗုဒ္ဓဘာသာဟူသော စကားခွန်းသည် ဘိုးတော်မင်းတရား လက်ထက်လောကကစ၍ ပေါ်ပေါက်လာသည်"ဟု ဆိုရခေကာမူ လူသုံးများသည့် စကားအဖြစ်သို့ကား ထိုစဉ်က မရောက်ခဲ့ချေ။ သက္ကရာဇ် ၁၂၄၇-ခုနှစ်မှ သည်ဘက် မြန်မာမင်းတို့ မရှိသည့်နောက် မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ အုပ်စိုးသောအခါ ခရစ်ယာန် သာသနာပြုတို့ လွတ်လပ်စွာ သာသနာပြုနိုင်သည့် အချိန်မှစ၍ ဗုဒ္ဓဘာသာ ဟူသောစကားသည် တစတစ တွင်ကျယ်လာကြောင်း သိရလေသည်။

ခရစ်ယာန် သာသနာပြုတို့သည် မြန်မာ လူမျိုးတို့အား အသက်မွေးဝမ်းကြောင်း ပညာကိုပေးခြင်းအားဖြင့် သာသနာပြုကြလေသည်။ မဟာမေဒင် သာသနပြုတို့သည် မြန်မာ အမျိုးသမီးတို့နှင့် လက်ထပ်ခြင်းအားဖြင့် သာသနာ ပြုကြလေသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဗုဒ္ဓသာသနာပြုတို့၏ စက်ကွင်းသို့ တနည်းနည်းနှင့် ၀င်မိကြသည့်သူတို့က အစပြု၍ "သမ္မာဒိဋ္ဌိ"အစား "ဗုဒ္ဓဘာသာ" ဟု စတင်သုံးစွဲခေါ်ဝေါ်ကြကြောင်း သိရလေသည်။ ယနေ့ဆိုလျှင် ဘာသာခြားတို့သာ မဟုတ်တော့ဘဲ သာသနာ့၀န်ထမ်း ရဟန်းတော်တို့သည်ပင်လျှင် သုံးစွဲခေါ်ဝေါ်ရသည့်အခြေသို့ ရောက်နေလေတော့သည်။

ဤသို့ "သမ္မာဒိဋ္ဌိတရားကို ဗုဒ္ဓဘာသာ"ဟု ပြောင်းလဲခေါ်ဝေါ်ကြသည်မှာ မမှန်ကန်ဟု မဆိုလိုသော်လည်း ထိုသို့ ခေါ်ဝေါ်သည့် အချိန်မှစ၍ မြန်မာနိုင်ငံတော်တွင် ဘာသာအယူ၀ါဒကွဲများ ပွါးနွံ့လာခဲ့သည်နှင့်အမျှ တမလွန်ဘ၀ မရှိဟူသော ပြဿနာ စတင် ပေါ်ပေါက်လာခဲ့သည်ကိုရင်း မှတ်တမ်းတင်ရန်ဖြစ်ပါသည်။

လောကဓာတ် ပညာ ထွန်းကားလာသော ဤခေတ်တွင် ခေတ်ပညာတတ်ပုဂ္ဂိုလ်တို့သည် မည်သည့်အရာမဆို လက်တွေ့ပြသနိုင်ပါမှသာလျှင် ယုံကြည်ချက်ကျကြ၏။ အယူ၀ါဒတရားတို့၌လည်း အကြောင်းအကျိုး ဆက်စပ်၍မရသော အယူ၀ါဒတို့ကို မယုံကြည်ကြချေ။

သို့ကြောင့်လည်း အချို့နိုင်ငံတို့၌ မိမိတို့မိဘိုးဖလာ သက်၀င်ယုံကြည်ကြသည့် အယူ၀ါဒတရားကို အကြောင်းအကျိုး ဆက်စပ်၍မရသောကြောင့် စွန့်ပယ်ကြလေသည်။ ယခု အခါတွင် ဘာသာမရှိသော လူမျိုးပင်လျှင် ကမ္ဘာ၌ရှိနေလေပြီ။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူအပ်သော သမ္မာဒိဋ္ဌိတရား မှာကား အကြောင်းအကျိုးဆက်စပ်ရသော တရားဖြစ်ပေရာ၊ ချဉ်သောမျိုးစေ့ကို စိုက်လျှင် ချဉ်သောအပင်ပေါက်၍ ချဉ်သော အသီးကိုစားရသကဲ့သို့ မကောင်းသောအလုပ်ကိုလုပ်လျှင် မကောင်းသော ဘဝသို့ရောက်ကာ မကောင်းကျိုးကို ခံစားရကြောင်းကိုရင်း၊ ချိုသောမျိုးစေ့ကိုစိုက်လျှင် ချိုသောအပင် ပေါက်၍ ချိုသောအသီးကို စားရသကဲ့သို့ရင်း၊ ကောင်းသော အလုပ်ကိုလုပ်လျှင် ကောင်းသော ဘဝသို့ရောက်ကာ ကောင်းကျိုးကို ခံစားရကြောင်းကိုရင်း၊ တစ်တစ်ခွခွ ဟောကြားတော်မူသော တရားတော်ဖြစ်ပေသည်။

သို့ကြောင့်ပင် ဟင်နရီ-အက်စ်-အော်လ်ကောက် ရေးသားအပ်သော "ဗုဒ္ဓဘာသာ အမေးအဖြေကျမ်း" နိဒါန်း၌ "မြတ်စွာဘုရားသခင် ဟောကြားတော်မူအပ်သော ဒေသနာတော်သည် ယခုလောက၌ ဖြစ်ပျက်သော အကြောင်းအရာများကို ထင်ရှားစေရန် စီမံပြုလုပ်သော လောကီပညာများနှင့် တပြေးတည်း ညီညွတ်ကြောင်းကို အမှန်မုချ သိရပါလိမ့်မည်" ဟု ရေးသားခဲ့လေသည်။

အကယ်၍သာ ဗုဒ္ဓမြတ်ဘုရား ဟောကြားတော်မူအပ်သော တရားတော်ကို သိနားလည်သည်အထိ လေ့လာဆည်းပူးမိပါက ဆည်းပူးမိသူတိုင်း "အားကိုးအားထား ပြုရသော တရားတော် အစစ်ကေန်ဖြစ်ပါပေသည်" ဟု ဝန်ခံကြရပေမည်။

ဆင့်မအကြိမ်

http://www.dhammadownload.com



အချို့သောသူတို့မှာ ပြည့်စုံလုံလောက်စွာ မဆည်းပူးကြရသောကြောင့် တရားဓမ္မအယူအဆတို့၌ ဉာဏ်မမှီကြဘဲ သံသယ တန်းလန်းဖြင့် ဖြစ်ရသည်လည်း ရှိပေသည်။

အချို့မှာ မိမိတို့၏စိတ်ထဲ၌ ကျေနပ်လောက်အောင် လေ့လာ အားထုတ်ခဲ့ကြရစေကာမူ တဖက်သား နားလည်အောင် ဟော ကြားပြသနိုင်သည်အထိ စွမ်းအားမရှိကြစေကာမူ ထောက်တည် ရာ ရကြသည်လည်း ရှိပေသည်။

တရားတော်ဟူသည် လိုက်စားလေလေ ကျယ်ဝှမ်းလေလေ၊ သိလိုသည့် အချက်အလက်တခုခုကို လေ့လာဆည်းပူးလေလေ၊ သိကောင်းစရာ များစွာသော အချက်တို့ ပေါ်ပေါက်လာလေ လေ ဖြစ်ပေရာ၊ နက်ရှိုင်းသော မဟာသမုဒ္ဒရာကို စူးစမ်းကြ သည်နှင့် ပမာတူလှလေသည်။

ကျွန်ုပ်တို့သည် သမ္မာဒိဋ္ဌိအယူရှိကြသော မိဘတို့မှ ဘွားမြင် လာကြသူများဖြစ်ကြ၍ ငယ်ရွယ်စဉ်ကပင် မြတ်စွာဘုရား ဟော ကြားတော်မူအပ်သည့် တရားတော်တို့ကို အချိန်ရတိုင်း လေ့လာ ခွင့်ရသော်လည်း "ကျွန်ုပ်တို့သိအပ်ပြီးသော တရားတော်အသိမှာ သမုဒ္ဒရာကို ထောက်၍ ကြည့်သော နှံ့စုပ်ငှက်ငယ်၏ အသိနှင့် မခြားလှ"ဟု ထင်မိပါသည်။

လွန်ခဲ့သော ၁၉၅၈-ခု မတ်လဆန်းလောက်က ကျန်းမာရေး ချို့တဲ့သဖြင့် ဆန္ဒဝပ်လမ်း ဒေါက်တာ ဦးမြင့်ဆွေ၏ဆေးတိုက်သို့ သွားရောက်၍ ဆေးဝါးကုသခဲ့ရာ၊ ဒေါက်တာ ဦးမြင့်ဆွေသည်

http://www.dhammadownload.com



ဆေးကုကြလာသည့် ဆရာတော်တို့နှင့် တရားဓမ္မဆွေးနွေးသည့် အသံတို့ကို နေ့စဉ်လိုလို ကြားရပေသည်။

ဒေါက်တာ ဦးမြင့်ဆွေသည် ခေတ်ပညာတတ် ဆရာဝန်ကြီး တဦး ဖြစ်သည့် အားလျော်စွာ မည်သည့်ကိစ္စ၌မဆို လက်တွေ့ ပြနိုင်မှသာလျှင် ယုံကြည်လေ့ရှိပေသည်။ ဒေါက်တာဦးမြင့်ဆွေ သည် မန္တလေးမြို့၌ အင်္ဂလိပ်ခေတ်, ဂျပန်ခေတ်တို့က ထင်ပေါ် ကျော်ကြား ခဲ့သော ဒေါက်တာ ဦးစံကြူး၏ သားဖြစ်၍ ငယ်ရွယ်စဉ်ကပင် ရဟန်းသံဃာအား ဆည်းကပ် လာခဲ့သော * ဗုဒ္ဓသာသနာဝင်တဦးဖြစ်သောကြောင့် ဗုဒ္ဓတရားတော်တို့ကို သူ့အနေအားဖြင့် အကြွင်းမဲ့ယုံကြည်ပြီးဖြစ်သော်လည်း အခြား မိတ်သင်္ဂဟတို့နှင့် နှီးနှောသည့်အခါ တဖက်ပုဂ္ဂိုလ်တို့ ကျေနပ် လောက်အောင် မပြောကြား နိုင်သည့် တရားတော် များကို ရဟန်းသံဃာအား လျှောက်ထား မေးမြန်းလေ့ ရှိကြောင်း သိရ ပေသည်။

လူတို့က ရဟန်းတော်တို့အား ပစ္စည်းလေးပါးဖြင့် ထောက် ပံ့၍ သာသနာပြုကြရ၏။ ရဟန်းတော်တို့က လူတို့အား တရား တော်ဖြင့် ချီးမြှောက်၍ သာသနာပြုကြရ၏။ ဤသို့ သာသနာ ပြုခြင်းမှာကား မှန်ကန်သော သာသနာပြုခြင်း ဖြစ်ပေသည်။

---

* ဒေဝမနုဿာ ဥပါသက ဘာဝေန ပစ္စဇ္ဇိတ ဘာဝေန ဝါ သာ သနံ ဩသရန္တိ၊ (ခုဒ္ဒကပါဌ အဋ္ဌကထာ နှာ ၃)

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



တနေ့သော် ဒေါက်တာ ဦးမြင့်ဆွေသည် "တမလွန်ဘဝ ရှိ, မရှိ"ကို ဆရာတော်ကြီးတပါးအား မေးမြန်းလျှောက်ထား လေသည်။ ဆရာတော်ကြီး ကလည်း စိတ်ပါ ဝင်စားစွာ အဘိဓမ္မာနည်းအားဖြင့် ပဋ္ဌာန်းပစ္စည်းဆက်၍ ဖြေကြားတော်မူသည်တို့ကို ဆေးခန်းအပြင်၌ စောင့်နေကြရသော ကျွန်ုပ်တို့ ကြားရပေသည်။

ဒေါက်တာ ဦးမြင့်ဆွေမှာကား ပါဠိသံတို့ဖြင့် ရောပြွမ်းနေသော ဆရာတော်ကြီး၏ အဖြေစကားတို့ကို ကျေနပ်ပုံမရချေ။ ကျွန်ုပ်တို့အား ဆေးကုသသည့်အလှည့်သို့ ရောက်သောအခါ "တမလွန်ဘဝ ရှိ, မရှိ" ကို မေးမြန်းပြန်လေသည်။

စောစောက ရေးသားခဲ့သည့်အတိုင်း ဗုဒ္ဓတရား၌ နှီးစပ်ငှက်ငယ်၏အသိနှင့် မခြားလှသော အသိဉာဏ် မျှသာ ရှိသည့် ကျွန်ုပ်တို့သည် "ဆရာတော် ဘုရားကြီးတပါး ဖြေကြားသည်ကိုပင် ကျေနပ်မှုမရသော သူအားဖြေကြားနေပါက အကြောင်းထူးမည်မဟုတ်"ဟု သဘောပေါက်မိသောကြောင့်"ဆရာတော်များကို လျှောက်ထား ကြည့်ပါအုံးမည်"ဟု နှုတ်သိမ့်ခဲ့ရတော့သည်။

သို့သော်- ကိစ္စကားမပြီးသေးချေ။ နှစ်ရက် သုံးရက် လွန်မြောက်သောအခါ ဒေါက်တာက ပြန်၍ စကားစပြန်သည်။ "ဒေါက်တာ ဒီပြဿနာဟာ ဖြေဘို့လွယ်ကူတဲ့ ပြဿနာမဟုတ်ဘူး။ ကျေနပ်လောက်အောင် ဖြေကြားနိုင်မဲ့ပုဂ္ဂိုလ် အတော်

http://www.dhammadownload.com



ရှားလိမ့်မယ်ထင်တယ်။ မဟာစည် ဆရာတော်ကြီးကို လျှောက်ထားကြည့်ရလျှင်ကောင်းလိမ့်မယ်" ဟုပြောပါသည်။ဒေါက်တာဦးမြင့်ဆွေက ဆောင်ရွက်ပေးပါဟု ပြောကြားသဖြင့် ဆရာတော်အား လျှောက်ထားရပါသည်။

ဆရာတော်က "မသိတာ လျှောက်ထားဘို့က ဒကာတို့ရဲ့တာဝန်ဘဲ။ မသိတာ သိအောင် ဖြေကြားဘို့က ဘုန်းကြီးတို့တာဝန်ဘဲ" ဟု မိန့်ကြားလိုက်ပါသည်။

လျှောက်ထားခွင့်ရကြောင်းကို ဒေါက်တာ ဦးမြင့်ဆွေအား သိစေသောအခါ ဒေါက်တာ ဦးမြင့်ဆွေသည် ဝမ်းမြောက်ဝမ်းသာစွာဖြင့် မေးမြန်းလျှောက်ထားလိုသည့် ပြဿနာ ၃-ရပ်ကို စာဖြင့်ရေး၍ ဆရာတော်အား ဆက်ကပ်လေသည်။

ဆရာတော်ဘုရား ကလည်း ဘုရားဟော ဒေသနာတော်နှင့်အညီ စာဖြင့်ရေးသား၍ ဖြေကြားတော်မူလေရာ၊ မျက်စိလည်လမ်းမှားနေသောသူအား လမ်းမှန်ကို ညွှန်ပြဘိ သကဲ့သို့ရင်း၊ မှောက်ထားအပ်သောအိုးကိုလှန်၍ပြဘိသကဲ့သို့ရင်း၊မှောင်သောတိုက်ခန်း တွင်း၌ စမ်းတဝါးဝါး သွားနေသော သူအားဆီမီးတိုင်ကို မြှောက်၍ပြဘိသကဲ့ရင်း၊ ရှင်းလင်း ပြတ်သားလှပေသည်။

၁၉၅၈-ခုနှစ် မေလ ၉-ရက် စနေနေ့ညနေ၌ ဒေါက်တာဦးမြင့်ဆွေနှင့် ဆရာဝန်ကတော် ဒေါ်တင်ထွေးတို့သည် ကျွန်ုပ်တို့နှင့်အတူ ဆရာတော်ဘုရား၏ရှေ့မှောက်သို့ လာရောက်ကြကာ

http://www.dhammadownload.com



ဆရာတော် ဖြေကြားပေးသနားတော် မူအပ်သော အဖြေလွှာတို့ကို တပိုဒ်စီ တပိုဒ်စီ ဘတ်၍ မသဲကွဲသည် များကို ထပ်မံလျှောက်ထားပြန်သည်။ ဆရာတော်ဘုရား ကလည်း အကျယ်တဝင့်အားဖြင့် ဖြေကြားတော်မူပြန်သည်။ (ဤသို့ထပ်မံ ဖြေကြားတော်မူချက်ကို မူလအဖြေတွင် ခရေပွင့်ပြ၍ စာမျက်နှာတိုင်း၏ အောက်ခြေ၌ ၁၄-ပွိုင့် စာလုံးများဖြင့် ဖေါ်ပြထားပါသည်။)

၂-နာရီခန့်မေးမြန်းလျှောက်ထားပြီးသောအခါ ဒေါက်တာဦးမြင့်ဆွေသည် ကျေနပ်အားရလှ၍ ကြည်လင် ရွှင်ပြသော မျက်နှာဖြင့် ဆရာတော်အား လက်အုပ်ချီကာ ဤသို့ လျှောက်ထားလေသည်။

"တပည့်တော်တို့အား ဆရာတော်ဘုရားက ကရုဏာတရားရှေ့ထားပြီး အခုလိုဖြေကြားတော် မူသည့်အတွက် တပည့်တော်တို့မှာ ဖုံးထားသောအရာကို ဖွင့်ပြသကဲ့သို့ စမ်းတဝါးဝါးဖြစ်နေသော အယူအဆများ ရှင်းရှင်းလင်းလင်း သိရပါပြီဘုရား။ တပည့်တော်တို့အဘို့၌ အရသာတကာတို့ထက် ကောင်းသော အရသာကို စားသုံးရသကဲ့သို့ ဝမ်းသာအားရရှိလှပါသည် ဘုရား"

ဤသို့သော အကြောင်း အတ္ထုပ္ပတ်ကြောင့် ဤမည်သော ဘဝပြဿနာ စာအုပ်သည် ဖြစ်ပေါ်လာခဲ့ပါသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဤစာအုပ်ကို ဘတ်ရှုကြကုန်သော ရဟန်း ရှင် လူအပေါင်း တို့သည် ဘဝပြဿနာနှင့်စပ်၍ သမ္မာဒိဋ္ဌိ အမြင်မှန်ပေါက်ကြကာ ကောင်းသော "တမလွန်ဘဝ" နတ်ရွာသုဂတိသို့ လားရောက်ကြ၍ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

မင်္ဂလာအောင်မြင့်
၁၅-၆-၅၈
သာသနာ့ရိပ်သာ၊ ရန်ကုန်မြို့

http://www.dhammadownload.com

# ဘဝပြဿနာ

## ( နောက်ဆက်တွဲ အမှာ )

ဘဝပြဿနာ စာအုပ်ကို ၁၉၅၇-ခုနှစ်က ပဌမ အကြိမ် ၁၉၅၈-ခုနှစ်က ဒုတိယအကြိမ် ပေါင်း ၂-ကြိမ် ပုံနှိပ်ခဲ့ပြီးပါပြီ၊ ယင်း ပုံနှိပ်ပြီးခဲ့သော စာအုပ်များ ကုန်ခဲ့လေသဖြင့် တတိယ အကြိမ် ပုံနှိပ်ရန် ဗဟုသုတလိုလားကြသည့် အမျိုးသား အမျိုး သမီးတို့က အကြိမ်ကြိမ် တောင်းပန်ကြသော်လဲ မှတ်ပုံတင် အခက်အခဲကြောင့် ပုံမနှိပ်ဖြစ်ခဲ့ပါ။

ယခုမူ ဒေါက်တာဦးမြင့်ဆွေက ဆရာဝန်လောကဌ် အရေး တကြီး လိုအပ်သော ပြဿနာငါးရပ်တို့ကို ကျေးဇူးတော်ရှင် မဟာစည် ဆရာတော်ဘုရားကြီးအား ထပ်မံမေးလျှောက်ပြန်ရာ ဆရာတော် ဘုရားကြီးကလဲ သတ္တဝါအများအား ကရုဏာ ရှေ့ထားတော်မူကာ ဖြေကြားတော် မူပါသောကြောင့် ယင်း နောက်ဆက်တွဲ ပြဿနာငါးရပ် မေးခွန်းတို့နှင့် အဖြေတို့ပါ ပူးပေါင်း၍ ဤ ဘဝပြဿနာ စာအုပ်ကို ဖြစ်သည့်နည်းဖြင့် တတိယအကြိမ် ပုံနှိပ်အပ်ပါသည်၊ပြဿနာငါးရပ်ကား ဆရာဝန် လောကဌ်သာမက တလောကလုံး၌ မည်မျှအရေးတကြီးလိုအပ် သည် မည်သည့် ပြဿနာတို့ ဖြစ်သည်ကို ဗဟုသုတလိုလား အမျိုးကောင်းသား အမျိုးကောင်းသမီးတို့ ဤ ဘဝပြဿနာ စာအုပ် နောက်ဆက်တွဲ၌ ဖတ်ရှုနိုင်ကြပါမည်။

၁၃၃၀-ခု နယုန်လဆန်း ၂-ရက် (၂၉-၅-၇၆)

မင်္ဂလာပါခင်ဗျား
မင်္ဂလာအောင်မြင့်

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com

ဆဋ္ဌသင်္ဂီတိပုစ္ဆက အဂ္ဂမဟာပဏ္ဍိတ

# မဟာစည်ဆရာတော်ဘုရားကြီး၏

## စကားပလ္လင်

ဒေါက်တာဦးမြင့်ဆွေ၏ မေးမြန်း လျှောက်ထားချက်များမှာ အကျဉ်းချုပ်အားဖြင့် အောက်ပါ ၃-ချက်ပင် ဖြစ်သည်။

၁။ ဘဝတခုမှ သေသွားသော သတ္တဝါတဦးသည် ဘဝသစ်၌ ပဋိသန္ဓေတည်လျက် မည်ကဲ့သို့တဖန် ဖြစ်ပါသနည်း။

၂။ ရောဂါဖြစ်ပွားစေသော ရောဂါပိုးမွှားကလေးများသည် ပါဏာတိပါတကံအရာ၌ ပါဏာမည်သော အသက်ဝိညာဉ်ရှိ သတ္တဝါမျိုးဟုတ်ပါသလား။

၃။ သွေးတိုးရောဂါစသည်ဖြစ်ခြင်းနှင့် ထူးခြားစွာအသက်ရှည်ကြခြင်းတို့မှာ အဘယ်အကြောင်းများကြောင့်ပါနည်း။

အထက်ပါမေးခွန်း ၃-ချက်မှာ အဋ္ဌကထာတို့၌ ပြောပြရန်ခက်သည်-ဟုဆိုထားသော အခက်ကြီး ၄-မျိုးနှင့် စပ်ဆိုင်လျက်ရှိ၏၊ ၎င်းအခက်ကြီး ၄-မျိုးမှာ—

၁။ သစ္စာလေးပါးအကြောင်း၊

၂။ သတ္တဝါအကြောင်း၊

၃။ ပဋိသန္ဓေအကြောင်း

http://www.dhammadownload.com



၄။ အကြောင်း အကျိုးဆက်၍ ဖြစ်ပုံ ပဋိစ္စ သမုပ္ပါဒ် အကြောင်း၊ ဤ ၄-ပါးတို့ပင်ဖြစ်သည်။

အထက်ပါ အခက်အခဲများနှင့် ဒေါက်တာဦးမြင့်ဆွေ၏ မေးခွန်းများကို စပ်ဟပ်ကြည့်လျှင် အောက်ပါအတိုင်းတွေ့ရ၏။

အမှတ် ၁-မေးခွန်းသည် အမှတ်၃-အခက်အခဲနှင့်စပ်ဆိုင်၏။

အမှတ် ၂-မေးခွန်းသည် အမှတ် ၂-အခက်အခဲနှင့်စပ်ဆိုင်၏။

အမှတ် ၃-မေးခွန်းသည် အမှတ် ၄-အခက်အခဲနှင့်စပ်ဆိုင်၏။

သို့ဖြစ်၍ မေးခွန်း ၃-ချက်လုံးပင် သဘောကျ ကျေနပ်လောက်အောင် ဖြေဆိုရန်ခက်ခဲသော အရာချည်းဖြစ်သည့်ပြင်၊ လက်တွေ့ သာဓကများနှင့်လည်း နီးနှော၍ ရှင်းလင်းပြရမည် ဖြစ်သောကြောင့် သာ၍ပင်ခက်ခဲလျက်ရှိ၏။

ထို့ကြောင့် ဤအရာ၌ အောက်ပါအချက်ကို ရှေးဦးစွာ လေးလေးနက်နက် နှလုံးသွင်းထားစေလိုပါ၏။ ၎င်းမှာ-

ရှေးခေတ်က သာမန်လူများ မတွေ့မြင်နိုင်ခဲ့သော အရာများကို ယခုခေတ်လူတို့ မျက်မြင်ကိုယ်တွေ့ဖြစ်နေကြ၏။ ထို့အတူ ယခုခေတ်လူတို့ မတွေ့မြင်နိုင်သော အရာများကိုလည်း နောင်ခေတ်လူတို့ မျက်မြင်ကိုယ်တွေ့ ဖြစ်ကြပေဦးမည်။ ရှေးခေတ်ကလည်း ၎င်းတို့ကို မျက်မြင်ကိုယ်တွေ့ဖြစ်သူ ပုဂ္ဂိုလ်ထူးတွေ ရှိနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

(မေးခွန်းနှင့် အဖြေများကို တပိုဒ်စီပူးတွဲ၍ ပြဆိုသွားမည်ဖြစ်ကြောင်း။)

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com

# တမလွန်ဘဝ ရှိသလား

---

## မေးခွန်း အမှတ်-၁

မေး။ ။(က) ဝယမ္မော သင်္ခါရာ အပ္ပမာဒေန သမ္ပာဒေထ-ဟူသော ဘုရားရှင်၏ တရားတော်အရ "ဖြစ်တတ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကုန်၏" ဆိုသည့်အတိုင်း ရုပ်တရားပျက်လျှင် နာမ်တရားလည်း ပျက်စီးသည်ကို သဘောကျပါသည်။

"သေသွားသော သတ္တဝါတဦးသည် ရုပ်ရောနာမ်ပါ ပျက်စီးသွားပြီဖြစ်ပါလျက် ထိုသတ္တဝါသည် နောက်ဘဝတခု၌ ဖြစ်ပြန်သည်"ဟု ဆိုရာ မည်ကဲ့သို့ဖြစ်ပါသနည်း။

## အဖြေ အမှတ်-၁

### ပဋိသန္ဓေအကြောင်း

ဖြေ။ ။(က) လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀-ကျော် ကာလက လောက၌ ပွင့်ထွန်းတော်မူခဲ့သော ဗုဒ္ဓမြတ်စွာဘုရားသည် သတ္တဝါတို့ဖြစ်စဉ်ဘဝများကို ကိုယ်တိုင်တွေ့ သိမြင်ပြီးလျှင် ထုတ်ဖေါ် ဟောကြားထားခဲ့၏၊ ၎င်းတို့မှာ ရုပ်နာမ် နှစ်ပါးလုံးရှိသောဘဝ, ရုပ်သက်သက်သာ ရှိသောဘဝ, နာမ်သက်သက်သာရှိသောဘဝဟူ၍ ၃-မျိုးရှိ၏။

---

၁။ "နားမလည် မရှင်းလင်းသော အချက်များကို ထပ်မံ၍ မေးလျှောက်လိုပါသည်"ဟု စကားပလ္လင်ခံပြီးလျှင် "ရုပ်သက်သက်

http://www.dhammadownload.com



ထိုတွင် ရုပ်သက်သက်ရှိသောဘာဝနှင့် နာမ်သက်သက်ရှိသော ဘာဝတို့ကို ဘာဝနာနည်းဖြင့်သာ ကိုယ်တွေ့သိနိုင်သည်။ ရုပ်၌ စမ်းသပ်သော နည်းမျိုးဖြင့်ကား တွေ့သိနိုင်ရန်အကြောင်း

—သာရှိသော ဘဝ၌ စိတ်, နာမ်တရားက ဘယ်ကိုရောက်သွားပါသနည်း''ဟု ဆရာဝန်က မေးလျှောက်ပြန်သောကြောင့် ထပ်မံ၍ ဖြေကြားပြန်သည်မှာ-

ဆရာဝန်၏ မူလမေးလျှောက်ချက် အစမှာပင် ''ဝယဓမ္မာ သင်္ခါရာ ဖြစ်တတ်သော သင်္ခါရတရားတို့သည် ပျက်စီးခြင်း သဘောရှိကုန်၏''ဟု ဖေါ်ပြထားသည့်အတိုင်း ရုပ်, နာမ်, သင်္ခါရတရား ဟူသမျှတို့သည် ဖြစ်ပေါ်လာပြီးလျှင် တခဏခြင်းပင် ပျက်စီးပျောက်ကွယ်သွားကြ၏။ ၎င်း ရုပ်,နာမ်အဟောင်းတို့ကို အမှီပြု၍ အသစ်အသစ် ဆက်လက်၍ ဖြစ်နေသော ရုပ်,နာမ် အသစ်တို့ကိုသာ တွေ့နေကြရ၏။ ဥပမာ ဘိုး,ဘွား,မိ,ဘတို့သည် အချိန်ကျသောအခါ သေပျောက်သွားကြ၏၊ အသစ်အသစ် ဖြစ်ပွားလာသော သား,မြေး, မြစ်တို့ကိုသာ တွေ့မြင်နေကြရသကဲ့သို့ပင်တည်း။ သို့ဖြစ်၍ ရုပ်, နာမ် နှစ်ပါးလုံးရှိသော ဘဝ၌ မသေမီမှာလည်း ရုပ်,နာမ် အဟောင်းများ ခဏမစဲ ပျက်စီးပျောက်ကွယ်လျက်ရှိ၏။ အသစ်အသစ် ဖြစ်ပေါ်လာသော ရုပ်,နာမ် အသစ်များကိုသာ တွေ့ရ၏။ ထို့အတူပင် သေသောအခါ၌လည်း ဘဝဟောင်းက ရုပ်,နာမ် အားလုံးပင် အကြွင်းမဲ့ ပျက်စီးပျောက်ကွယ်သွား၏။ ဘဝသစ်၌ ရုပ်,နာမ် အသစ်များ ဆက်လက်၍ မပြတ်ဖြစ်ပွားသွား၏။ ရုပ်သက်သက်သာရှိသော အသညသတ်ဘဝ၌ဖြစ်သောသူမှာမူကား ဘာဝနာကံ၏ အစွမ်းကြောင့် စိတ်နာမ်အသစ် မဖြစ်ပေါ်လာတော့ဘဲ ရုပ်သက်သက်သာ ဖြစ်ပေါ်လျက်ရှိ၏။

**ဆဋ္ဌမအကြိမ်**

http://www.dhammadownload.com



မရှိပေ။ သို့သော်လည်း နာမ်သက်သက်သာရှိသော ဘဝ၌ စိတ်ဖြစ်နေပုံကို ဆင်ခြင်ကြည့်လျှင် စိတ်နာမ်၏ စွမ်းအားသတ္တိများ ပေါ်လာနိုင်၏။ ထို့ကြောင့် ဆင်ခြင်ကြည့်နိုင်ရန် အနည်း

---

ဖြစ်ပုံမှာ အချို့သောသူသည် "အမှတ်သညာရှိ၍, စိတ်အသိရှိ၍ တပ်မက်ခြင်း, ပြစ်မှားခြင်း, မိုက်မှားခြင်း, စိတ်ဆင်းရဲခြင်း, နာကျင် အခံခက်ခြင်းများ ဖြစ်ရချေသည်၊ အမှတ်သညာမရှိ, စိတ်မရှိလျှင်ကား မဖြစ်နိုင်၊ အမှတ်သညာမရှိခြင်း စိတ်မရှိခြင်းသည်သာ ကောင်းပေသည်"ဟု စိတ်၌အပြစ်မြင်ပြီးလျှင်၊ စိတ် သညာကင်းအောင် ရည်သန်လျက် ရူပါဝစရ စတုတ္ထဈာန်ကို ပွားစေ၏၊ ထိုသူအား ထိုဘဝမှ စုတေ၍ ရုပ်, နာမ်ဟောင်းအားလုံး ပျက်စီးသွားသောအခါ ဘဝသစ်၌ ရုပ်သက်သက်သာဖြစ်၏။ စိတ်နာမ်၌ စက်ဆုပ်သော ဘာဝနာကံ၏ အစွမ်းကြောင့် စိတ်,နာမ် မဖြစ်ပေါ်လာတော့ဘဲ ကင်းလျက်ရှိ၏။ ကမ္ဘာငါးရာပတ်လုံး ထိုဘုံ၌ အစ်သားရုပ်ကျောက်ရုပ်များကဲ့သို့ တည်နေ၏။ သေခဲ့စဉ်က ဣရိယာပုထ်အတိုင်းပင် ထိုင်လျက်ဖြစ်စေ၊ လျောင်းလျက်, ရပ်လျက်ဖြစ်စေ မလှုပ်မယှက်ဘဲ တည်နေ၏။ ကမ္ဘာငါးရာ စေ့သောအခါ ယခင်သေခါနီးက စွဲလမ်းခဲ့သော စိတ်အာရုံကိုပင် စွဲသမ်းလျက် လူ့ဘုံ,နတ်ဘုံ၌ ပဋိသန္ဓေစိတ်ဖြစ်ပေါ်လျက် ရုပ်,နာမ်နှစ်ပါးစုံ ဘဝအသစ်ဖြစ်၏။

ဤသို့ ဘာဝနာ၏ အစွမ်းကြောင့် စိတ်နာမ် မဖြစ်ပေါ်ဘဲ ပြတ်စဲနေသည်မှာ အသညသတ်ဘဝ၌သာ မဟုတ်သေး၊ လူ့ဘဝ၌လည်း ရဟန္တာတို့အား နိရောဓသမာပတ်ဝင်သောအခါ ဘာဝနာ၏ အစွမ်းကြောင့် ၇-ရက်တိုင်အောင် စိတ်နာမ် မဖြစ်ပေါ်ဘဲ ပြတ်စဲနေသည်လည်း ရှိသေး၏။ ဘာဝနာ၏

http://www.dhammadownload.com



ငယ် ဖော်ပြအံ့။ ထိုနာမ်သက်သက်ဘဝ၌ စိတ်နာမ်သည် ပဋိသန္ဓေမှ စုတိတိုင်အောင် စိတ်တခုပြီးတခု အသစ်အသစ် ဖြစ်ပျက်နေ၏။ သို့ဖြစ်ပျက်နေရာတွင် ရှေးစိတ်တခု ပျက်သွား

—အစွမ်း ထူးခြားပုံကို လက်တွေ့ဖြစ်အောင် ညွှန်ပြရလျှင် ယခုကာလ၌ ဘာဝနာကို နိုင်နင်းစွာ အားထုတ်ထားသောသူတို့ ရှိကြ၏၊ ထိုသူတို့တွင် အချို့သောသူများမှာ မိမိတို့ရရှိထားသော တရားထူးသို့ ရောက်နေသောအခါ မြင်မှု၊ကြားမှု၊ထိမှု၊ ကြံစည်စဉ်းစားမှု၊ သာမန်စိတ်များ ဖြစ်ပေါ်ခြင်းမရှိဘဲ နာရီပေါင်း များစွာပင် ထိုင်လျက်၊ ရပ်လျက်၊ တည်နေနိုင်ကြသည်ကို တွေ့ရ၏။ ထိုသို့သာမန်စိတ်များ ဖြစ်ပေါ်ခြင်းမရှိဘဲ ကြာရှည်စွာ တည်နေနိုင်ကြသည်ကို ထောက်ဆသောအားဖြင့် ဘာဝနာ၏ အစွမ်းကို ယုံကြည်အပ်ပေ၏။

ဤမျှဖြင့် ရုပ်သက်သက်ရှိသော (အသညသတ်) ဘဝ၌ စိတ်နာမ် လုံးဝမရှိဘဲ တည်နေပုံကို သိနိုင်လောက်ပြီ။

၂။ "စိတ်နာမ် သက်သက်ဖြစ်နေသော ဘဝက သတ္တဝါကို မျက်စိဖြင့် မြင်တွေ့နိုင်ပါသလား၊ အဘယ့်ကြောင့် စိတ်ချည်း ဖြစ်နေပါသနည်း၊ ထိုသို့ဖြစ်နေသည့်အတွက် မဆင်းရဲပါလား" စသည်ဖြင့် ထပ်မံ၍ မေးပြန်သောကြောင့် ထပ်မံ၍ရှင်းပြသည်မှာ—

နာမ်သက်သက်သာ ရှိသော အရူပဘုံမှာ လေးဆင့်ရှိ၏။ ရူပါဝစရဈာန်လေးပါးလုံးကို ရပြီးသောသူသည် "ရုပ်ရှိ၍ ရောဂါအမျိုးမျိုး ဖြစ်ရသည်၊ အရိုက်အနှက် အသတ်အဖြတ် အနှိပ်စက် ခံရသည်၊ ရုပ်မရှိလျှင် ထိုကဲ့သို့သော ဆင်းရဲများ မဖြစ်နိုင်၊ ရုပ်မရှိတာက ကောင်းသည်" ဟု ရုပ်၌ အပြစ်ကို မြင်ပြီးလျှင် ရုပ်ကင်းစေရန် ရည်သန်တောင့်တ၍ အရူပဈာန်

http://www.dhammadownload.com



ပြီးနောက်၊ နောက်စိတ်တခု ဖြစ်ပေါ်လာရန် မှီရာတည်ရာဟူ၍ တစ္စန်းတစ ဘာမျှမရှိချေ။ သို့သော်လည်း ပျက်သွားသော ရှေးရှေးစိတ်၏ အဟုန်အစွမ်းကြောင့် နောက်နောက်စိတ်များ မပြတ်ဆက်၍ ဖြစ်နေ၏။ ဤနေရာ၌ အရေးကြီးသော ကိစ္စ တခုကို စူးစူးစိုက်စိုက် ကြံစည်နေခိုက်မှာ ကြားစရာအသံတွေ ရှိနေသော်လည်း ကြားသောစိတ် မဖြစ်ပေါ်ရဘဲ ကြံစည်သော စိတ်ချည်းသာ ဆက်လက်ဖြစ်နေတတ်သည်ကို ထောက်ဆကြည့် လျှင် ရှေးရှေးစိတ်အဟုန် ထက်မြက်ပုံကို သဘောပေါက်နိုင်၏။ သို့ဖြစ်၍ နာမ်သက်သက်သာရှိသော ဘဝ၌ မသေမီမှာလည်း ရှေးရှေးစိတ်၏ အဟုန်သက်သက်ကြောင့် နောက်နောက်စိတ် များ ဖြစ်နေပုံကို သဘောပေါက်နိုင်လျှင် ထိုဘဝမှ သေသွား သောအခါ၌လည်း နောက်ဘဝ၌ မှီရာရှိသည်ဖြစ်စေ၊ မရှိသည်

---

လေးပါးကို ပွားစေ၏။ ထိုသူသည် ထိုဘဝမှ စုတေသောအခါ အရူပလေးဘုံတွင် မိမိရထားသောဈာန်နှင့်ဆိုင်သည့်ဘုံ၌ဖြစ်၏။ ဖြစ်သောအခါ ဘာဝနာ ကံ၏အစွမ်းကြောင့် ရုပ်မဖြစ်ပေါ် လာဘဲ စိတ်နာမ်သက်သက်သာ ဖြစ်ပေါ်လျက်ရှိ၏။ ထိုစိတ်နာမ် ထဲတွင် မခံသာသော ဆင်းရဲ မပါပေ၊ ချမ်းသာကြည်လင်သော စိတ်နှင့် အလယ်အလတ် နေသာသော စိတ်ကောင်းချည်းသာ ပါဝင်၏။ ထို့ကြောင့် ထိုသို့ စိတ်နာမ်ချည်းဖြစ်နေသည့်အတွက် ဆင်းရဲခြင်းမရှိပေ၊ ချမ်းသာလျက်သာ ရှိပေသည်။ ထို့ပြင် စိတ်နာမ် တရားမှာ မျက်စိဖြင့် မြင်နိုင်ကောင်းသောတရား မဟုတ်သောကြောင့်၊ ၎င်းနာမ်သက်သက်သာရှိသောပုဂ္ဂိုလ်ကို ပကတိမျက်စိဖြင့် မည်သူမျှ မမြင်နိုင်။ ဗုဒ္ဓမြတ်စွာဘုရားတို့သည် သာလျှင် သဗ္ဗညုတဉာဏ်ဖြင့် သိမြင်နိုင်ပေသည်။

http://www.dhammadownload.com



ဖြစ်စေ၊ ရှေးဘဝကစိတ်၏ အဟုန်ကြောင့်ပင်လျှင် နောက်ဘဝမှာ ပဋိသန္ဓေစိတ်ဖြစ်နိုင်သည်ကို သဘောကျဘို့ရှိ၏။ ဤသည်ကား စိတ်နာမ်တရား၏ စွမ်းရည်သတ္တိကို ချင့်ချိန်နိုင်ရန် 'အမြွက်မျှ' ဖော်ပြခြင်းပေတည်း။

သေသွားသော သတ္တဝါမှာ ရုပ်ရော‌နာမ်ပါ ပျက်စီးသွားသော်လည်း သေခါနီးက စွဲလမ်းခဲ့သော ရှေးစိတ်များ၏ အစွမ်းကြောင့် နောက်ဘဝ ဌာန၌ စိတ်အသစ်ဆက်စပ်လျက် ဖြစ်သွားပြန်၏။ ၎င်းကို ပဋိသန္ဓေစိတ်ဟုခေါ်သည်။ ဖြစ်ပုံမှာ—

သေခါနီးသို့ ရောက်နေသော သတ္တဝါသည် မိမိပြုထားဘူးသော ကောင်းမှုကံ မကောင်းမှုကံ တခုခုကိုဖြစ်စေ, ထိုကံကို ပြုစဉ်က တွေ့ကြုံခဲ့ရသော အာရုံကိုဖြစ်စေ, ဖြစ်ရမည့် နောင်ဘဝက အခြေအနေကိုဖြစ်စေ၊ ထင်မြင်စွဲလမ်းလျက် ရှိနေ၏။ ထိုအာရုံကို အလိုမရှိသော်လည်း ထိုအခါမျိုးမှာ ပယ်ဖျောက်၍

—ထိုအရူပဘုံ၌ မျက်စိရုပ်, နားရုပ် စသည် ဘာရုပ်မျှ မရှိသောကြောင့် ဘုရားကိုလည်း မဖူးမြင်နိုင်၊ တရားကိုလည်း မနာကြားနိုင်။ ထို့ကြောင့် ထိုဘုံသို့ ပုထုဇဉ်ပုဂ္ဂိုလ် ရောက်သွားလျှင် ထိုဘဝ၌ မဂ်ဖိုလ်တရားထူးကို မရနိုင်၊ အသက်တမ်းစေ့၍ ထိုဘဝမှ စုတေလာသောအခါ လူ့ဘဝ နတ်ဘဝသို့ ပြန်ရောက်လာရ၏၊ ထိုအခါမှာ အခြားသူများနှင့် တန်းတူပင် ဖြစ်နေပြန်၏။ အကယ်၍ လူ့ဘဝနတ်ဘဝက သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်ပြီးမှ ထိုအရူပဘဝ၌ ဖြစ်ပါမူကား ထိုအရူပဘုံများမှာပင် အထက်မဂ်,ဖိုလ် အဆင့်များကိုရကာ ရဟန္တာဖြစ်၍ ထိုဘုံများမှာပင် ပရိနိဗ္ဗာန် ဝင်စံရသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



မရ။ ထို့ကြောင့် သေခါနီး၌ မိန်းမောတွေဝေနေသော သူတို့တွင် တချို့မှာ တစုံတခုကို ပြုလုပ်နေသကဲ့သို့ငှင်း, တချို့မှာ ဝမ်းသာစရာ ပျော်ရွှင်စရာများနှင့် တွေ့နေသကဲ့သို့ငှင်း, တချို့မှာ ကြောက်လန့်စရာ ဘေးရန်များနှင့် တွေ့နေသကဲ့သို့ငှင်း, ထူးထူး ခြားခြား ဖြစ်နေသည်ကို အနီးအပါးရှိ လူများက ထင်ရှား တွေ့ရလေသည်။ တချို့မှာ မိန်းမော တွေဝေရာက ပြန်လည် သတိရသောအခါ "ဘယ်လိုလူက ခေါ်သွားသည်၊ ဘယ်နေရာကို ရောက်သွားသည်၊ ဘယ်လိုဟာတွေကို တွေ့ခဲ့ရသည်" စသည်ဖြင့်လည်း ပြန်လည်၍ ပြောပြတတ်ကြ၏[၃]။

---

၃။ ဤအရာ၌ ဆရာဝန်တို့က ဦးနှောက်ပျက်ခြင်းကြောင့် တကယ်မဟုတ်ပါဘဲ တကယ်ဟုတ်သလို ထင်မြင်သည်" ဟု ယူဆကြောင်း လျှောက်ပြန်သဖြင့် ထပ်မံ၍ ရှင်းလင်းပြသည်မှာ—ဆရာဝန်တို့ အလိုအားဖြင့် ဦးနှောက်ပျက်ခြင်းကြောင့်၊ ဗုဒ္ဓကျမ်းဂန်တို့ အလိုအားဖြင့် နှလုံးသွေး ပျက်ခြင်းကြောင့် မဟုတ်သည်ကို အဟုတ်ကဲ့သို့ ထင်ခြင်းလည်း ရှိနိုင်ပေ၏။ ထို့ပြင် သေခါနီးကာလ၌ တကိုယ်လုံးမှ ရုပ်အားလုံးပင် ပျက်နေသောကြောင့် ဦးနှောက်ရုပ်လည်း ဆုတ်ယုတ် ပျက်စီးမည်မှာ ယုံမှားဘွယ်မရှိပေ။ သို့သော်လည်း ထိုသို့သော အာရုံ နိမိတ်များမှာ ကိလေသာ မကင်းသောပုဂ္ဂိုလ်တို့အားသာထင်သည်၊ ကိလေသာ ကင်းသော ရဟန္တာတို့အား မထင်။ ထင်သောပုဂ္ဂိုလ်တို့မှာလည်း အာရုံဆိုးချည်း ထင်သည်မဟုတ်၊ အာရုံကောင်းများလည်း ထင်သည်ပင်။ မကောင်းမှု၌ အလေ့အလာများသောသူတို့အား အများအားဖြင့် အာရုံဆိုးသာ ထင်တတ်၏၊ ကောင်းမှု၌ အလေ့အလာ များသောသူတို့အား အများအားဖြင့် အာရုံ

http://www.dhammadownload.com



ဤသို့သော အာရုံနိမိတ်တခုခုကို စွဲလမ်းယင်းပင် နောက်ဆုံး စုတိစိတ်ကလေး ချုပ်ပျက်လျက် သေသွား၏။ သေ့ဆိုသည်မှာလည်း ယခုကြုံသိလိုက်သည့် စိတ်ကလေးတခု ကုန်ဆုံးသွားခြင်းမျိုးပင် ဖြစ်သည်။ ထို့ကြောင့် ယခုကြုံသိနေသော ရှေးရှေးစိတ်များ ကုန်ဆုံးသွားတိုင်း ထိုစိတ်များ၏ အဟုန်ကြောင့် နောက်နောက် စိတ်များ မပြတ်ဆက်စပ်ကာ ဖြစ်နေသကဲ့သို့ စုတိစိတ်ကလေး ပြတ်စဲသွားသည်နှင့် တပြိုင်နက် သေခါနီးက စွဲလမ်းခဲ့သည့် အာရုံကိုပင် ဆက်လက်ထင်မြင်လျက် ဘဝသစ်၌နှ၌ စိတ်အသစ် စ၍ဖြစ်ပေါ်လာ၏။ ၎င်းကို ရှေးဘဝနှင့်

---

—ကောင်းသော ထင်တတ်၏၊ အိပ်မက်ကို မြင်မက်လျှင် အလေ့အကျင့်များရာကို မြင်မက်တတ်သကဲ့သို့ပင်တည်း။ ဝိပဿနာကို နိုင်နင်းစွာ အားထုတ်ထားသော သူမှာမူကား အာရုံကောင်းသာလျှင် ထင်၏၊ အာရုံဆိုးကား မထင်။ ထို့ကြောင့် သေခါနီးကာလ၌ ထူးခြားသော အာရုံနိမိတ်များကို ထင်မြင်ခြင်းမှာ ဦးနှောက်ပျက်သောကြောင့်ဟူ၍ မဆိုနိုင်၊ ထိုသူတို့ကိုယ်တိုင်ပြုလုပ်လေ့လာထားသော ကံအကြောင်းကြောင့် ထင်မြင်ခြင်းသာ ဖြစ်ပေသည်။

အချုပ်အားဖြင့် ဆိုလျှင် မည်သည့်အကြောင်းကြောင့်ပင် ထင်မြင်စေကာမူ ထိုအာရုံကိုစွဲ၍ သေသွားလျှင် ထိုအာရုံကိုပင် အာရုံပြုလျက် ဘဝသစ် ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာခြင်းမှာ ကိန်းသေပင် ဖြစ်၏။ ဥပမာ-ကျန်းမာစွာ ရှိနေသောသူမှာပင် အာရုံတခုခု၌ စွဲလမ်းမိလျှင်၊ ထိုအာရုံကိုပင် အာရုံပြုလျက် နောက်နောက်စိတ်များ ဆက်လက်ကာ ဖြစ်ပွားသွားခြင်းမှာ ကိန်းသေသကဲ့သို့ပင် မှတ်ရာ၏။

ဆဋ္ဌမအကြိမ်

ဆက်စပ်၍ ဖြစ်သောကြောင့် ပဋိသန္ဓေစိတ်ဟု ခေါ်သည်။ ဤအရာ၌ ရှေးဘဝက စွဲလမ်းခဲ့ရာကို ဆက်လက်၍ ထင်မြင်ပုံမှာ အိပ်မက် အထူးအဆန်းကို မြင်မက်ရာက နိုးလာသောသူသည် ထိုအိပ်မက်ကိုပင် ဆက်လက် စဉ်းစားနေသည်နှင့်လည်း တူ၏။ အိပ်ရာက ထလာသောအခါ ပြုလုပ်ရန် ကြံရွယ်ထားသော အရာကို အိပ်ရာမှ နိုးလာသောအခါ ပြန်လည်သတိရသည်နှင့်လည်း တူ၏။ ဤပဋိသန္ဓေစိတ်သည် ရုပ်ရှိသော ဘုံဌာန၌ ဖြစ်လာလျှင် သူ၏တည်ရာမှီရာ ရုပ်များလည်း ကံကြောင့် သူနှင့်အတူ တပါတည်းပင် ဖြစ်ပေါ်လာကြ၏။ ဤသို့ ပဋိသန္ဓေစိတ် ဖြစ်ပေါ်လာလျှင် နောက်ကာလများ၌ သိစရာ, ထိစရာ, ကြားစရာ, မြင်စရာအာရုံများကို သိလျက်,ထိလျက်, ကြားလျက်, မြင်လျက် စိတ်အမျိုးမျိုးတို့သည်လည်း ထိုက်သည် အားလျော်စွာ ဖြစ်ကုန်၏။ ဤသည်ကား သတ္တဝါသေပြီးနောက် ဘဝသစ်၌ ဖြစ်လာပုံ အကျဉ်းချုပ်ပေတည်း။

## မည်ကဲ့သို့ သန္ဓေတည်ပါသနည်း

မေး။ ။(ခ)သတ္တဝါတဦးသည် မိမိကုသိုလ်ကံ အလျောက် တဖန်ပြန်၍ လူဖြစ်လာသည်ဟု ဗုဒ္ဓဘာသာ တရားတော်အရ ဆိုရာ၌ အမိဝမ်းတွင်းဝယ် မည်ကဲ့သို့ သန္ဓေတည်ပါသနည်း။

(ခေတ်ပညာ ဆေးကျမ်းအရ လျောက်ထားရပါမူ သတ္တဝါတဦးတယောက်သည် သေသွားပြီးနောက် ဘဝတခုသို့ ပြန်၍ ဖြစ်ခြင်းရှိသည်ဟု မဆိုပါ။ သို့သော် သန္ဓေတည်နေပုံကို ပြဆို

http://www.dhammadownload.com



ရာ၌မူ အမိနှင့်အဘ သံဝါသဆက်စပ်ရာတွင် ဆေးပညာအလို အားဖြင့် အဘ၏သုက်၌ပါဝင်သော ငါးဖလောင်းနှင့် သဏ္ဌာန် တူသော စပါမယ်တိုဇွာ ( Spermatozoa ) ခေါ် အကောင် ကလေးများသည် သုက်နှင့်အတူ သန်းပေါင်းများစွာ အသက် ရှင်လျက် လူးလာကူးယှက်ပြီးလျှင် အမိအင်္ဂါတွင်းသို့ ဝင်ရောက် သွားကြပါသည်။

ထိုသုက်ရည်ထဲမှ အကောင်ပေါင်း များစွာတို့သည် မိခင်၏ အိုဗေရီ ( Ovary ) ခေါ် မျိုးစေ့အိမ်မှ အိုဗာ ( Ova ) ဆိုသည့် အစိတ်အပိုင်းတခု ဆင်းလာသည့်အခိုက်နှင့် ကြုံကြိုက် သောအခါ တခုသောအိုဗာကို သန်းပေါင်းများစွာ ရှိသော စပါမယ်တိုဇွာ ( Spermatozoa ) တို့အနက် တကောင်သော စပါမယ်တိုဇွာကသာလျှင် ဖယ်လိုပီယန်ကြူ (Fallopian Tube) ခေါ် သားအိမ်ကြော အတွင်းဝယ် ပေါင်းစပ်ရပါသည်။ ထိုသို့ ပေါင်းစပ်ပြီးမှ ဖြစ်လာသော အစိတ်အပိုင်းသည် သန္ဓေဦးအစ ဖြစ်ပါသည်။

ထိုသန္ဓေဦးအစသည် တဖန် သားအိမ်ရှိရာဘက်သို့ ပြန်၍ ဆင်းလာရပါသည်။ သားအိမ်အတွင်းသို့ ရောက်သော အခါ သားအိမ်၏ မျက်နှာကျက် အတွင်းသို့ တိုးဝင်ပြီး အကောင် အထည်ဖြစ်ကာ ဖွားမြင်သည့် တိုင်အောင် ၎င်းနေရာမှာပင် တည်နေပါသည်။

မေး။ ။(ခ) လူ့ဘဝ အမိဝမ်း၌ပဋိသန္ဓေတည်ပုံကို ပါဠိ ကျမ်းဂန်တို့၌ အောက်ပါအတိုင်း ပြထား၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



၁။ မာတာပိတရော စ သန္နိပတိတာ ဟောန္တိ၊ မိဘနှစ်ဦးတို့ သံဝါသပြုကြ၏။

၂။ မာတာ စ ဥတုနီ ဟောတိ၊ မိခင်မှာလည်း ဥတုပန်းပွင့်၏။

၃။ ဂန္ဓဗ္ဗော စ ပစ္စုပဋ္ဌိတော ဟောတိ၊ သူငယ်လောင်း ဖြစ်သူကလည်း အသင့်ရှိ၏။

ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿာဝက္ကန္တိ ဟောတိ- ဤသို့ အင်္ဂါသုံးပါး ညီညွတ်လျှင် ကိုယ်ဝန်သန္ဓေတည်သည်။ (မ၊ ၁-၃၃၂)

အထက်ပါ အင်္ဂါ သုံးပါးတို့တွင် အမှတ် (၁) အင်္ဂါမှာ အနောက်နိုင်ငံ ဆရာဝန်တို့၏ ကိုယ်တွေ့များ, ဆေးကျမ်းများနှင့် ညီနေသောကြောင့် အထူးပြောရန် မလိုပြီ။

အမှတ်(၂) ဥတုပန်းပွင့်သည်ဟု ဆိုသော အင်္ဂါမှာ ယခုခေတ် အနောက်နိုင်ငံဆရာဝန်တို့၏ ကိုယ်တွေ့နှင့် ရက်အနည်းငယ် ကွာနေသကဲ့သို့ ရှိ၏။ သို့သော်လည်း အိုဗေရီ (Ovary) ခေါ် သားဥအိမ်မှ အိုဗာ(Ova)ခေါ် သားဥကျဆင်းခြင်းသည် ဥတုပန်းပွင့်ပြီးသော အခါ၌သာဖြစ်၏။ ဥတုပန်း မပွင့်သော အရွယ်မရောက်သေးသူ, အရွယ်လွန်သူတို့၌မဖြစ်၊ အရွယ်ရှိသူပင်ဖြစ်သော်လည်း ဥတုပန်းမပွင့်သူတို့၌ အများအားဖြင့် မဖြစ်ဟူသော ဤအချက်မှာ တူညီမည်သာ။ ထို့ပြင် အိုဗာခေါ် သားဥ ကျဆင်းသည့် အချိန်ကာလကို သာမန်လူတို့ မသိနိုင်၊

http://www.dhammadownload.com



အနောက်တိုင်းဆရာဝန်တို့ သိကြသည်မှာလည်း အနှစ်(၃၀၀) ထက် ကြာမြင့်ဟန် မတူသေး၊ ဘုရားလက်ထက် နှစ်ပေါင်း ၂၅၀၀-ကျော် ကာလကမူ ထိုအကြောင်းကို ဆေးဆရာများ ပင် အများအားဖြင့် သိကြဟန်မတူပေ။ ထို့ကြောင့် အများက-မသိသော ထိုအဏ္ဍိဗာကျဆင်းချိန်ကို မြတ်စွာဘုရားက သတ်မှတ်၍ ဟောလျှင် ထိုစကားကို နားလည်နိုင်ကြမည် မဟုတ်။ “ဥတုပန်း ပွင့်ပြီးလျှင် ပဋိသန္ဓေ တည်နိုင်သည်” ဟူသော အချက်ကိုကား ရှေးရှေးကာလကပင် အထင်အရှား သိနေကြ၏။ ထို့ကြောင့် “လူအများ နားလည်နေသော ဥတုပန်းပွင့်ခြင်းဖြင့်ပင် သတ်မှတ်၍ ဟောထားသည်”ဟု ယူဆလျှင် ယခုခေတ် ဆရာဝန် တို့၏ ကိုယ်တွေ့နှင့်လည်း ညီညွတ်သည်သာ။ ဤအရာ၌ မြတ်စွာ ဘုရား၏ တရားတော်မှာ ဆေးကုရန် မဟုတ်သောကြောင့် အသေးစိတ်အားဖြင့် အတိအကျ ဟောရန် မလိုသည်ကိုရင်း၊ အတိအကျ ဟောခဲ့စေကာမူ ပဋိသန္ဓေတည်မှုနှင့်စပ်၍ ရဟန်း များမှာ ဆရာဝန်တို့၏နည်းမျိုးဖြင့် လက်တွေ့ စမ်းသပ်သင်ပြ ရန် မဖြစ်နိုင်သည်ကိုရင်း ထည့်သွင်း၍ စဉ်းစားသင့်၏။

“သူငယ်လောင်းကလည်း အသင့် ရှိနေသည်”ဟု ဆိုသော အမှတ် (၃) အင်္ဂါ၌ “မိဘနှစ်ဦးတို့ သံဝါသပြုနေဆဲမှာပင် အသင့်ရှိနေရမည်”ဟူ၍ကား ဆိုလိုသည်မဟုတ်၊ အမှန်အားဖြင့် မူကား အမှတ်(၁-၂)အင်္ဂါများအရ သန္ဓေသားဖြစ်ရန် အသင့် ရှိနေသော ကာလအတွင်းမှာ ထိုမိခင်၏ဝမ်း၌ ဖြစ်ထိုက်သော သူက ဘဝဟောင်းမှ စုတေလာခဲ့ခြင်းကိုသာ ဆိုလိုပေသည်။

http://www.dhammadownload.com



ထိုသူငယ်လောင်းသည် စပါမယ်တိုဇွာ( Spermatozoa ) ခေါ် သုက်ပိုး၏ကိုယ်ထဲ၌ ဖြစ်ခဲ့သလော၊ အိုဗာ ( Ova )ခေါ် သားဥထဲ၌ဖြစ်ခဲ့သလော။ သို့မဟုတ် ၎င်းနှစ်မျိုးတို့ ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ ဖြစ်ခဲ့သလောဟု စိစစ်ဖွယ်ရှိ၏။ ထိုတွင် သုက်ပိုး၏ကိုယ်ထဲ၌ဖြစ်ခဲ့လျှင် အဘကိုသာ မှီရာရောက်၏။ သားဥထဲ၌ ဖြစ်ခဲ့လျှင် အမိကိုသာ မှီရာရောက်၏။ ထိုနှစ်မျိုးလုံးပင် မသင့်။ ထို့ကြောင့် "မာတာပေတ္တိကသမ္ဘဝေ၊ မိဘတို့၏ သုက်သွေးကို မှီ၍ဖြစ်သည်" ဟူသော သိလက္ခန် ပါဠိစသည်နှင့်အညီ "သုက်ပိုးနှင့်သားဥ ပေါင်းစပ်ပြီးသော သားမျိုးရုပ်ထဲ၌ဖြစ်သည်"ဟု မှတ်အပ်၏။ ဤပါဠိ၌ "အမိ၏ သွေးဟူသည်မှာ အမိမှဖြစ်သော အိုဗာခေါ် သားဥပင်"ဟု မှတ်အပ်၏။ ထိုပဋိသန္ဓေ တည်နိုင်သော ကာလကို အဋ္ဌကထာ၌ အောက်ပါအတိုင်း သတ်မှတ်ပြဆိုထား၏။

သုဒ္ဓေ ဝတ္ထုမှိ မာတာပိတူသု ကေဝါရံ သန္ဓိပတိ
တေသု ယာဝ သတ္တဒိဝသာနိ ခေတ္တမေဝ ဟောတိ။
(မ-ဋ္ဌ ၂- ၂၁၀)။

သားအိမ်၌ ဥတုသွေး စင်ကြယ်သောအခါ မိဘနှစ်ဦးတို့ တကြိမ် သံဝါသပြုထားလျှင် ခုနစ်ရက်ပတ်လုံး သန္ဓေတည်နိုင်သော ခေတ်ချည်းဖြစ်သည်။ (ဘာသာပြန်)

ယခုခေတ် အနောက်တိုင်း ဆရာဝန်တို့၏ စမ်းသပ်ချက်အရအားဖြင့် "လူ၏သုက်ပိုးများမှာ သားဥနှင့် မပေါင်းစပ်မိလျှင်

http://www.dhammadownload.com



(၄) နာရီမျှ ကြာသောအခါ သေကုန်ကြသည်” ဟူ၍၎င်း၊ “၃၆-နာရီကြာသောအခါ သေကုန်ကြသည်”ဟူ၍၎င်း၊ “နှစ်ရက် သုံးရက်ကြာသောအခါ သေကုန်ကြသည်” ဟူ၍၎င်း၊ ပြဆိုထားသည်ကိုတွေ့ရ၏။ ထို့ကြောင့် ၎င်းပြဆိုချက်နှင့် အဋ္ဌကထာအဆိုကို နှိုးနှော၍ယူလိုလျှင် “အဘ၏သုက်သည် အမိ၏သွေးဥနှင့် နာရီအနည်းငယ်အတွင်း ပေါင်းစပ်မိ၍ ဖြစ်စေ, အလွန်ဆုံး ၃- ရက်အတွင်း ပေါင်းစပ်မိ၍ဖြစ်စေ၊ သံဝါသ ပြုပြီးသည်မှ နောက် ခုနစ်ရက် အတွင်း ပဋိသန္ဓေ တည်နိုင်သည်”ဟု ယူအပ်၏။

## ဘုရားလောင်း၏ သန္ဓေတည်ပုံ

အထက်ပါ ပြဆိုချက်များကို သာ၍ထင်ရှားစေရန် ဘုရားအလောင်း ပဋိသန္ဓေတည်ပုံကို ထုတ်ပြဦးအံ့။

ပဋိသန္ဓိံ ဂဏှန္တော ပန အာသာဠှိပုဏ္ဏမာယံ ဥတ္တရာသဠှနက္ခတ္တေန အဂ္ဂဟေသိ။ တဒါ ကိရ မဟာမာယာ ပုရေ ပုဏ္ဏမာယ သတ္တမဒိဝသတော ပဋ္ဌာယ ဝိဂတသုရာပါနံ မာလာဂန္ဓာဒိ ဝိဘူတိသမ္ပန္နံ နက္ခတ္တကီဠံ အနုဘဝမာနာ သတ္တမေ ဒိဝသေ ပါတော ဝုဋ္ဌာယ ဂန္ဓောဒကေန နှာယိတွာ သဗ္ဗာလင်္ကာရ ဝိဘူသိတာ ဝရဘောဇနံ ဘုဉ္ဇိတွာ ဥပေါသထင်္ဂါနိ အဓိဋ္ဌာယ သိရိဂဗ္ဘံ ပဝိသိတွာ သိရိသယနေ နိပန္နာ နိဒ္ဒံ ဩက္ကမမာနာ ဣဒံ သုပိနံ အဒ္ဒသ။ (မ-ဋ္ဌ ၄-၁၂၄)။ ဒီ-ဋ္ဌ ၂-၂၃-မှာလည်း အလားတူပြဆိုချက်ရှိ၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ပဋိသန္ဓေ စွဲယူသော ဘုရားအလောင်းတော်သည် ဝါဆို လပြည့်နေ့ ညဉ့်သန်ကောင် အချိန်၌ ဥတ္တရာသန် နက္ခတ်နှင့် ယှဉ်လျက်စွဲယူ၏။ ထိုစဉ်အခါက မယ်တော်မာယာသည် ဝါဆို လဆန်း ၉-ရက်နေ့မှစ၍ ပန်းနံ့သာစသည်ဖြင့် အလှအပ ပြင်ဆင်လျက် သေအရက်သောက်ခြင်း မပါသော ပျော်ပွဲကစားခြင်းကို ပြုလုပ်ခံစားလျက် ခုနစ်ရက်မြောက်ဖြစ်သော ဝါဆိုလပြည့်နေ့၌ နံနက်စောစောကပင် အိပ်ရာမှထကာ နံ့သာရေဖြင့် ရေချိုးပြီးလျှင် အလုံးစုံသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်လျက် ကောင်းမြတ်သောစားဘွယ်ကို စားပြီးလျှင် ဥပုသ်အင်္ဂါတို့ကို ဆောက်တည်၍ ကျက်သရေရှိသော တိုက်ခန်းသို့ဝင်ကာ ကျက်သရေရှိသောအိပ်ရာ၌ လျောင်းလျက် အိပ်ပျော်နေစဉ်မှာ (သန္ဓေတည်ကြောင်းကိုပြသော) ဤအိပ်မက်ကို မြင်မက်လေသည်။ (ဘာသာပြန်)

အထက်ပါ အဋ္ဌကထာ၌ "ဘုရားအလောင်း မယ်တော်သည် ဝါဆိုလဆန်း ၉- ရက်နေ့မှစ၍ လဆန်း ၁၄- ရက်နေ့ ညဉ့်တိုင်အောင် ပျော်ပွဲကစားခဲ့သည်။ လပြည့်နေ့မှာ ဥပုသ်စောင့်သုံးနေသည်။ ၎င်းညဉ့်သန်ကောင်အချိန်မှာ ဘုရားအလောင်း ပဋိသန္ဓေစွဲကပ်တည်နေသည်" ဟု ဆိုသော အချက်ကို အထူးသတိပြုအပ်၏။

ထိုတွင် "ပျော်ပွဲခံစဉ် ၆-ရက်အတွင်း၌ ဥပုသ်မစောင့်သေးသောကြောင့် ဘုရားလောင်း၏ ခမည်းတော်နှင့် ဆက်ဆံမှု

http://www.dhammadownload.com



ရှိနိုင်၏။ သို့သော်- ထိုရက်များ အတွင်းက ပဋိသန္ဓေ မတည်ခဲ့သေး။ ဗုဒ္ဓကျမ်းဂန် ဝေါဟာရအားဖြင့် မျိုးစေ့သုက်ခဲတ်များ၊ ဆရာဝန်တို့၏ ဝေါဟာရအားဖြင့် စပါမယ်တိုဇွာခေါ် သုက်ပိုးများမှာမူ ထိုရက်များအတွင်းကပင် မယ်တော်၏ ဝမ်းတိုက်၌ ကိန်းအောင်းလျက်ရှိသည်”ဟု သိအပ်၏။ ဥပုသ်ဆောက်တည်သော နံနက်အချိန်မှ စ၍ ပဋိသန္ဓေတည်သော ညဥ့်သန်းကောင် အချိန်တိုင်အောင် ၁၈-နာရီခန့်ရှိမည်။ ထို ၁၈-နာရီခန့် အတွင်းမှာဖြစ်စေ၊ ထိုထက်စောစော အချိန်နာရီများအတွင်းက ဖြစ်စေ၊ ပါဠိကျမ်းဂန် ဝေါဟာရအားဖြင့် သောဏိတ(သွေး) ဆရာဝန်တို့၏ ဝေါဟာရအားဖြင့် အိုဗာ(သားဥ) သည် မယ်တော်၏ သားဥအိမ်၌ကျခဲ့၍ ခမည်းတော်၏သုက်ပိုးနှင့် ပေါင်းစပ်မိပြီး ဖြစ်ရမည်။ ထိုနှစ်ပါးစုံ ပေါင်းစပ်ပြီးဖြစ်သော သန္ဓေမျိုးရုပ်ထဲ၌ ဘုရားအလောင်း၏ မေတ္တာရှေ့သွားရှိသော ကုသိုလ်ကံကြောင့်ဖြစ်သော ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသက ခေါ် ကလာပ် ၃-စီး ရုပ်ပေါင်း ၃၀- နှင့် တကွ ဘုရားအလောင်း၏ ပဋိသန္ဓေစိတ် ဖြစ်ပေါ်ခဲ့သည်ဟူ၍ရင်း၊ တည်မှီရာဖြစ်သောသုက်သွေးနှစ်ဦးစပ်သားမျိုးရုပ်နှင့်တကွ ကလာပ် ၃-စီး ရုပ်ပေါင်း ၃၀-ကို ကလလရေကြည်ရုပ် ခေါ်သည် ဟူ၍ရင်း ယူအပ်၏။

အထက်ပါ ဘုရားအလောင်း ပဋိသန္ဓေတည်ပုံကို ထောက်ဆ၍ အမိဝမ်း၌ ပဋိသန္ဓေတည်သောအချိန်ကို ဤသို့ပိုင်းခြား မှတ်သားအပ်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



# သန္ဓေတည်ချိန်

စာမျက်နှာ (၂၉) အဖြေ၌ပြခဲ့သော ပဋိသန္ဓေတည်ခြင်း၏ အင်္ဂါ ၃-ပါးတို့တွင် မိဘနှစ်ဦး သံဝါသပြုခြင်းဟူသော ပဌမ အင်္ဂါဖြင့် မျိုးစေ့သုက်ပိုးရခြင်းကိုသာ ပြ၏။ ထိုအခိုက်မှာပင် သန္ဓေတည်သည်ဟူ၍ကား မဆိုလို။ မိခင်မှာ ဥတုပန်းပွင့်သည် ဟူသော ဒုတိယအင်္ဂါဖြင့် ဥတုသွေးစင်ပြီးနောက် သားဥရရှိခြင်းကိုသာ ပြ၏။ ထိုဥတုပန်း ပွင့်ဆဲမှာပင် သန္ဓေတည်သည် ဟူ၍ကား မဆိုလို။ ဤသို့ သုက်ပိုးနှင့်သားဥ နှစ်ခုလုံးပြည့်စုံ၍ ၎င်းတို့ ပေါင်းစပ်မိလျှင် ထိုအခါမှ[၄] စ၍ ၎င်းသန္ဓေမျိုး ရှပ်ရေကြည်အဖြစ်၌ တည်နေစဉ်အတွင်း ထိုမိခင်၏ဝမ်း၌ ဖြစ်ထိုက်သော သတ္တဝါက ဘဝဟောင်းမှ သေလာသည့် အချိန်မှာ ပဋိသန္ဓေ တည်သည်ဟု မှတ်အပ်၏။

---

၄။ သုက်ပိုးနှင့် သားဥ ပေါင်းစပ်မိသော အခါမှာ လက်တွေ့စမ်းသပ်ထားသော ဆရာဝန်တို့၏ အတိအကျပြဆိုချက်အတိုင်း "ဓမ္မတာသွေးစ၍ပေါ်သည်မှ ၁၃-ရက်မြောက်၁၄-ရက်မြောက်ကိုပင် ယူသင့်၏။ သို့ရာတွင်သားဥအိမ်မှ ထိုသို့ကျဆင်းပြီးသော သားဥသည် နောက်တကြိမ် ဓမ္မတာသွေးပေါ်လာပြီးသည့်တိုင်အောင် မပျက်ဘဲ တည်နေသည်လည်း တခါတရံ ရှိတတ်သေးသည်"ဟု ဆရာဝန်တို့ကပင်ဆိုပြန်သောကြောင့် ဥတုသွေးစင်ကြယ်ခါစ၌လည်း သုက်ပိုးနှင့် ထိုသားဥ ပေါင်းစပ်မိခြင်း ဖြစ်နိုင်သေးသည်ဟူ၍လည်း မှတ်အပ်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဤအရာ၌ သန္ဓေတည်၍ ကြီးပွားလာပုံကို ဗုဒ္ဓတရားတော်အရ အားဖြင့်၎င်း၊ ယခုခေတ် ဆေးပညာအရ အားဖြင့်၎င်း အကျဉ်းချုပ် ထုတ်ဖော်လျက် နှိုးနှော၍ပြဦးအံ့။

## ဗုဒ္ဓဘာသာ တရားတော်အရ သန္ဓေတည်ပြီး ကြီးပွားလာပုံ

(၁) ပဌမံ ကလလံ ဟောတိ၊ ရှေးဦးစွာ ကလလရေကြည် ဖြစ်ပေါ်လာသည်။

(၂) ကလလာ ဟောတိ အဗ္ဗုဒံ၊ ကလလ ရေကြည်မှ အသား ဆေးရည်အရောင်ရှိသော အမြှုပ် ဖြစ်လာသည်။

(၃) အဗ္ဗုဒါ ဇာယတေ ပေသိ၊ အမြှုပ်မှပြုပ်ရည်နှစ်ကဲ့သို့ သားတစ်ဖြစ်သည်။

(၄) ပေသိ နိဗ္ဗတ္တတေ ဃနော၊ သားတစ်မှ အစိုင်အခဲ ဖြစ်လာသည်။

(၅) ဃနာ ပသာခါ ဇာယန္တိ၊ အစိုင်အခဲမှ ခေါင်း၊ လက်၊ ခြေ၊ ခက်မ ငါးခုဖြစ်လာသည်။

(၆) ကေသာ လောမာ နခါပိစ၊ ဆံပင်၊ အမွေး၊ ခြေသည်း၊ လက်သည်းများလည်း ဖြစ်လာကြသည်။

(သံ ၁-၂၀၈)

အထက်ပါမှာ "ကလေးသူငယ်သည် အမိဝမ်းတွင်း၌ ကိုယ်အင်္ဂါအစိတ်အပိုင်းအပြည့်အစုံ တပြိုင်နက်ဖြစ်ပေါ်လာသည်" ဟု အယူမှားသောသူအား မြတ်စွာဘုရားက ဖြေရှင်းဟောပြသော

http://www.dhammadownload.com



တရားတော် ဖြစ်သည်။ ဤတရားတော်၌ ကလလရေကြည်က ရက်ပေါင်းမည်မျှ အမြှုပ်က ရက်ပေါင်းမည်မျှ စသည်ဖြင့် အပိုင်းအခြားမပါ၊ ဖြစ်စဉ်သက်သက်ကိုသာ ပြထားသည်။

အဋ္ဌကထာတို့၌ကား "ကလလရေကြည် (၇) ရက်၊ အမြှုပ် (၇) ရက်၊ သားတစ် (၇)ရက်၊ အစိုင်အခဲ (၇)ရက်၊ ခက်မငါးခု (၇)ရက်"ဟု ရက်သတ္တငါးပတ်ဖြင့် သတ်မှတ်ပြပြီးလျှင် "ဆံပင်, အမွေး စသည်တို့မှာ ရက်သတ္တ (၄၂)ပတ်၌ ဖြစ်ကြကုန်သည်"ဟုပြဆိုထား၏။ ပစ္ဆိမဘာဝိက ဘုရားအလောင်းတော်ကဲ့သို့ ၁၀-လ ပဋိသန္ဓေ နေရသောသူကို ရည်၍ ၄၂-ပတ် အတွင်း၌ ဖြစ်သည်ကို ဆိုလိုဟန်ရှိ၏။

## ယခုခေတ် ဆေးပညာအရ သန္ဓေတည်ပြီး ကြီးပွားလာပုံ

၁။ ရက်သတ္တပတ် ၃-ပတ်တိုင်အောင် သားဥသည် သားအိမ်၌ မတွယ်မိသေး၊ စတုတ္ထပတ်မှာ သားအိမ်၌ တွယ်မိသည်။ သားဥမှာ ပကတိမျက်စိဖြင့် ကောင်းစွာမမြင်နိုင်အောင် အလွန်သေးငယ်လျက် ရှိသေးသည်။

၂။ ပဉ္စမပတ်အတွင်းမှာ ကျောရိုးဆက် ငါးခုမှရှစ်ခုအထိ ဖြစ်လာသည်။ သားကောင်၏ အရှည်မှာ တလက်မ၏ ၁၂-ပုံ ၁-ပုံ ရှိသည်။

၃။ ဆဋ္ဌမပတ် အစမှာ ဦးခေါင်းပုံသဏ္ဌာန်ပေါ်လာသည်၊ ၎င်းမှာလည်း ကိုယ်ပိုင်းထက် ကြီးလျက်ရှိ၏။ နှလုံး

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



သားကိုလည်း တွေ့မြင်နိုင်၏။ ၎င်းဆဋ္ဌမပတ် အကုန်မှာ ကျောရိုး အကုန်ပြည့်စုံသည်။ ခြေလက်များထွက်ပေါ်စ ပြုလျက်ရှိ၏။ မျက်လုံးဖြစ်မည့်နေရာ အရေခွံများတွင် နိမ့်ခွက်လာ၏။ ကိုယ်အရှည် တလက်မ၏ လေးပုံတပုံ ရှိ၏။

၄။ သတ္တမပတ်မှာ ရင်ဘတ် ဝမ်းဗိုက် အပြည့်အစုံဖြစ်လာသည်။ ခြေချောင်း လက်ချောင်းများ ပေါ်လွင်စပြုလာသည်။ မျက်လုံးများ ပြတ်သားထင်ရှားလာသည်။ ကိုယ်အရှည် လက်မဝက်ရှိ၏။

၅။ အဋ္ဌမပတ်မှာ မျက်နှာ အင်္ဂါများ ပေါ်လွင်လျက်ရှိသည်။ နားရွက်များလည်း ထွက်ပေါ် လာသည်။ ကိုယ်အရှည် တလက်မ၏ ရှစ်ပုံ ခုနစ်ပုံရှိသည်။

၆။ နဝမပတ်မှာ ကိုယ်အရှည် တလက်မနှင့် ငါးပုံတပုံ ရှိသည်။

၇။ ၃-လအကုန် ၁၃-ပတ်ခွဲမှာ လက်ချောင်း ခြေချောင်းများ ပြည့်ဝလျက် လက်သည်း ခြေသည်းများ ပေါက်လာသည်။ နားရွက်များ ပြည့်ဝလျက် ရှိသည်။ လိင်အင်္ဂါများ ထင်ရှားလာသည်။ ကိုယ်အရှည် ၃-လက်မ ရှိသည်။

၈။ ၄-လအကုန် ၁၈-ပတ်မှာ ကလေးလှုပ်ရှားသည်ကို မိခင် တွေ့ရသည်။ နှလုံး ခုန်သည်ကိုလည်း ကြားရသည်။ ထို့ကြောင့် ထိုအခါမှာ ဆရာဝန်တို့က ကလေးအသက် ဝင်သည်ဟု အသိအမှတ်ပြုကြသည်။ ကလေး၏ တကိုယ်

ဆဋ္ဌမအကြိမ်.

http://www.dhammadownload.com



လုံးမှာ မွေးညှင်းနုလေးများ ပြည့်လျက် ရှိသည်။ မျက်ခုံးမွေး မျက်တောင်မွေးများလည်း ပေါက်လာသည်။ ကိုယ်အရှည် ရှစ်လက်မခွဲရှိသည်။

၉။ ၅-လအကုန် ၂၂-ပတ်ခွဲမှာ ဆံပင်များ ပေါက်လာသည်။ ကိုယ်အရှည် ၁၂-လက်မ ရှိသည်။ မွေးလျှင် မိနစ် အနည်းငယ်မျှသာ အသက်ရှင်မည်။ မည်သည့်အခါမျှ အဖတ်မတင်နိုင်။

၁၀။ ၆-လအကုန် ၂၇-ပတ်မှာ မျက်လုံးများ ပွင့်လာသည်။ ကိုယ်အရှည် ၁၄-လက်မ ရှိသည်။ မွေးလျှင် နာရီ အနည်းငယ်သာ အသက်ရှင်မည်။

၁၁။ ၇-လ အကုန် ၃၁-ပတ်တွင် မွေးသော ကလေးမှာ အသက်ရှင်ရန် အကြောင်း အသင့်အတင့်ရှိသည်။ ကိုယ်အရှည် ၁၆-လက်မ ရှိ၏။

၁၂။ ၈-လအကုန် ၃၅-ပတ်၌ မွေးသောကလေးမှာ အသက်ရှင်ရန် အကြောင်းများစွာရှိသည်။ ၈-လ ဖွားကလေး အသက်မရှင်ဟု ဆိုသော ရှေးအယူဝါဒမှားသည်။ ကိုယ်အရှည် ၁၈-လက်မရှိသည်။

၁၃။ ၉-လအကုန် ရက်သတ္တပတ် ၄၀-မှာ နေ့စေ့လစေ့ ဖြစ်သည်။ ကလေး၏ ကိုယ်အရှည်မှာ လက်မ ၂၀-ရှိသည်။

အထက်ပါမှာ ယခုခေတ် ဆေးပညာအရ မိခင်နှင့် ပဋိသန္ဓေခေါ် စာအုပ်၌ ဖော်ပြထားသော သန္ဓေသား ကြီးပွားပုံ အကျဉ်းချုပ် ဖြစ်သည်။

ဆဋ္ဌမအကြိမ်


http://www.dhammadownload.com



အမိဝမ်းတွင်း၌ ၄-ပတ်မှ ၅-ပတ်အတွင်း (ရက်အားဖြင့် ၃၂-ရက်မြောက်) တည်ရှိသော သန္ဓေသား။



အမိဝမ်းတွင်း၌ ၅-ပတ်မှ ၆-ပတ်အတွင်း (ရက်အားဖြင့် ၄၀ ရက်မြောက်) တည်ရှိသော သန္ဓေသား။



အမိဝမ်းတွင်း၌ ၆-ပတ်မှ ၇-ပတ်အတွင်း (ရက်အားဖြင့် ၄၆-ရက်မြောက်) တည်ရှိသော သန္ဓေသား။



အမိဝမ်းတွင်း၌ ၇-ပတ်မှ ၈-ပတ်အတွင်း (ရက်အားဖြင့်၆၀-ရက်မြောက်) သန္ဓေသား

ဤပုံကလေးများကို(Alan Brews)ရေးသားသော(Eden and Holland Manual of Obsfefrics) စာအုပ် (ဒုသမန္နိပ်ခြင်း)မှ ကူးယူဖော်ပြသည်။

http://www.dhammadownload.com



## သန္ဓေတည်သည်နှင့်တပြိုင်နက် အသက်ဝင်ပါသလား

မေး။ ။ (၇) နောက်ဆုံး ဓမ္မတာ ပေါ်လာ ပြီးသည့် နောက် နောက်တကြိမ် ဓမ္မတာပေါ်မည့်ရက်တွင် ဓမ္မတာမလာသောအခါ သန္ဓေသားသည် တလရှိပြီဟု မှတ်ယူရသည်။

သန္ဓေ လေးလ မြောက်သောအခါ သားအိမ် အတွင်း၌ ရှိသော သန္ဓေသားသည် လှုပ်ရှားစပြု၍လာသည်ကိုပင် ခေတ်ပညာအရ အသက်ဝင်သည်ဟု ဆိုပါသည်။ "ဗုဒ္ဓ တရားတော်အရမူ သန္ဓေတည်သည်နှင့် တပြိုင်နက် ရုပ်ရောနာမ်ပါ တည်သည်ဟု ဆိုသဖြင့် သန္ဓေတည်သည်နှင့် တပြိုင်နက် အသက်ရှိသည်" ဟု ဆိုရာရောက်ပါသည်။ ခေတ်ပညာ ဆေးကျမ်းအရ သန္ဓေသား လေးလမြောက်သောအခါ သန္ဓေသား၏ နှလုံးသားလှုပ်ရှားသည့်အသံကို မိခင်၏ဗိုက်ပေါ်မှနေ၍ နားထောင်ကြည့်ခြင်းဖြင့် တွေ့ရပါသည်။

ခေတ်ဆေးပညာအရ "မမ်းမယ်လ် ( Mam Mal ) ခေါ် ကျောရိုးရှိသော သတ္တဝါမှန်သမျှတို့သည် အဖိုနှင့်အမ သံဝါသပြုကြမှသာ သန္ဓေတည်သည်" ဟု ဆိုပါသည်။

သံဝါသပြုသည်တိုင်အောင်လည်း အချို့အဖိုများတွင် စပါးမယ်တို့ဇာခေါ် အကောင်ကလေးများ သုက်ရေတွင်း၌ လုံးဝမရှိပါက သန္ဓေမတည်နိုင်ပါ။

မကြာမီက အိန္ဒိယပြည် ဝန်ကြီးချုပ် ဂျဝါဟာလာနေရူးသည် သန္ဓေတားဆီးရေးကို အရေးတကြီးလှုံ့ဆော်နေပါသည်။

http://www.dhammadownload.com



သန္ဓေ တားဆီးရေးအတွက် ဆေးများစွာတို့သည် ယခုအခါ ပေါ်ပေါက်လျက် ရှိပါသည်။ ထိုဆေးများကို အသုံးပြုပါက သန္ဓေတည်နိုင်သည့် သုက်သွေးတွင်ပါရှိသော စပ္ပါမယ်တိုဇွာတို့ သေကြေ ပျက်စီးကုန်ပါသည်။ သို့ပါသောကြောင့်—

ဗုဒ္ဓတရားတော်အရ "သန္ဓေတည်သည်နှင့်တပြိုင်နက် အသက်ဝင်သည်"ဟု ၎င်း၊ ခေတ်ပညာ ဆေးကျမ်းအရ "လေးလမြောက်မှ အသက်ဝင်သည်"ဟု၎င်း၊ ကွဲလွဲနေသည်ကို မည်ကဲ့သို့ ညှိနှိုင်းယူသင့်ပါသနည်း။

ဖြေ။ ။(ဂ) အဖြေ(ခ)ပါ ဗုဒ္ဓတရားတော်က ပြဆိုချက်နှင့် ဆေးပညာအရ ပြဆိုချက်တို့ကို နှိုးနှောကြည့်လျှင် တရားတော်က သန္ဓေရုပ် ကြီးပွားလာပုံကို အစပိုင်း၌ "ကလလ, အဗ္ဗုဒ, ပေသိ, ဃန" ဟု ၄-ဆင့်ပြထား၏။ ဆေးပညာအရ ထိုကဲ့သို့ ပြထားသည်ကို မတွေ့ရသော်လည်း သဘောအားဖြင့် တူညီဘွယ်ရှိ၏။ ထိုအပြင် တရားတော်က ဃနမှ ခေါင်း, လက်, ခြေ, ခက်မငါးခုပေါ်လာသည်ဆိုသောစကားနှင့် ဆေးပညာက ဆဋ္ဌမပတ် အစ၌ ခေါင်းပေါ်လာသည်။ ဆဋ္ဌမပတ်အကုန်မှာ လက်,ခြေများ ပေါ်လာသည်ဟု ပြဆိုချက်မှာ ညီညွတ်လျက်ရှိ၏။ "ပဉ္စမပတ်၌ ခက်မငါးခုပေါ်လာသည်" ဟုဆိုသော အဋ္ဌကထာမှာမူ ဆေးပညာက ပြဆိုချက်နှင့် အနည်းငယ် ကွဲလွဲသကဲ့သို့ ရှိ၏။ သို့သော်လည်း ပဉ္စမပတ် အဆုံးနှင့် ဆဋ္ဌမပတ်အစမှာ တဆက်တည်းပင် ဖြစ်သောကြောင့် နီးစပ်လျက်ပင်ရှိ၏။ ပဉ္စမပတ်အတွင်းကပင် မသိမသာ ဖြစ်စပြုလာ

http://www.dhammadownload.com



သည်လည်း ဖြစ်နိုင်သောကြောင့် အတော်အတန် ညီညွတ်သည် ဟူ၍သာ ဆိုသင့်၏။ ဤစာအုပ် စာမျက်နှာ ၄၀-တွင် ( Eden and Holland's Manual of Obsfefrics )မှ ကူးယူဖော်ပြထားသော ပုံများအရ ဆိုလျှင် အကွဲအပြား မရှိ ညီညွတ်ဟန် လက္ခဏာရှိ၏။ သေသေချာချာ ကွဲလွဲနေသော အချက်မှာ အသက်ဝိညာဉ်ပေါ်လာသော အချိန်ပင် ဖြစ်သည်။ ၎င်းကိုလည်း အောက်ပါအတိုင်း ညှိ၍ ယူသင့်၏။

စိတ်ဝိညာဉ်သည် အလွန်သိမ်မွေ့၏။ ပကတိ မျက်စိဖြင့်၎င်း၊ မှန်ဘီလူးဖြင့်၎င်း ကြည့်၍မမြင်နိုင်၊ အဘိညာဏ်၊ ဝိပဿနာဉာဏ် စသော ပညာမျက်စိဖြင့်သာလျှင် မြင်သိနိုင်ပေသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရားက ပညာမျက်စိဖြင့် သိတော်မူသည့် အတိုင်း "မိဘတို့၏သုက်သွေး ဥတုနှင့်တကွ ကမ္မဇရုပ် (၃၀) ဟူသော ကလလရေကြည်ရုပ်ထဲမှာပင် ပဋိသန္ဓေ ဝိညာဉ်စ၍ဖြစ်သည်" ဟု ဟောထားပေသည်။ ထိုစဉ်အခါမှာ သုက်ပိုးအခိုက်ကကွဲ၍ လှုပ်ရှားရန် လိုသည့်အခါလည်း မဟုတ်၊ လှုပ်ရှားခြင်းမှာလည်း စိတ်ရောရုပ်ပါ နှစ်ပါးစလုံး အားရှိသည့်အခါ၌သာ ဖြစ်နိုင်သည်။ အားမရှိသေးစဉ် အခါ၌ မိန်းမော တွေဝေနေသော သူကဲ့သို့ပင် မလှုပ်ရှားနိုင်၊ ကလလ ရေကြည်စသော သူငယ်၏ ရုပ်မှာ မိန်းမော တွေဝေနေသူ၏ ရုပ်ထက်ပင် သိမ်မွေ့လျက် အားနည်း၊ ငယ်သေး၏။ ထို့ကြောင့် လေးလအတွင်း၌ အသက်ဝိညာဉ်ရှိသော်လည်း မလှုပ်ဘဲ ရှိခဲ့မေသည်။ ဆရာဝန်တို့မှာ မူကား သူငယ်၏ အလွန်သိမ်မွေ့သော ထိုပဋိသန္ဓေစိတ်ဝိညာဉ်

http://www.dhammadownload.com



ကိုဂုဏ်း၊ လူကြီးတယောက်၏ ထိုမျှလောက် မသိမ်မွေ့သော စိတ်ဝိညာဉ်ကို ဂုဏ်း၊ မည်သည့် စိတ်ဝိညာဉ်ကိုမျှ မတွေ့မမြင်နိုင်ကြ၊ ရုပ်အမူအရာကိုသာလျှင် တွေ့မြင်နိုင်ကြ၏။ ထို့ကြောင့် "ကလေးသူငယ်၏ လှုပ်ရှားခြင်း နှလုံးခုန်ခြင်း ကိုသာလျှင် အထောက်အထားပြု၍ လေးလရှိမှ အသက်ဝင်သည်" ဟု သတ်မှတ်ထားကြပေသည်။ ထိုသတ်မှတ်ချက် ကိုလည်း စိစစ်ကြည့်သင့်သေး၏။ အသက်ဝင်သည်နှင့် တပြိုင်နက်ပင် လှုပ်ရှားသလော။ သို့မဟုတ် "အသက်ဝင်ပြီးနောက် စက္ကန့် မိနစ်မည်မျှကြာမှ လှုပ်ရှားသနည်း" ဟု စိစစ်ကြည့်သင့်၏။ ထိုသို့ စိစစ်ကြည့်လျှင် အတိအကျ ပြောဆိုရန် ခဲရင်းပေလိမ့်မည်။ ထို့ကြောင့် "လှုပ်ရှားမှ အသက်ဝင်သည်ဟု ယူဆချက်ကို တိကျမှန်ကန်ပြီ" ဟု မဆိုနိုင်။

ထို့ပြင် စိတ်ရှင်လန်းလျှင် ရုပ်ရှင်လန်း၏၊ စိတ်ညှိုးနွမ်းလျှင် ရုပ်ညှိုးနွမ်း၏။ ထို့ကြောင့် လေးလမပြည့်မီက သန္ဓေရုပ်၌ ရှင်လန်းမှု, ညှိုးနွမ်းမှု အပြောင်းအလဲကို စမ်းသပ် ကြည့်ခြင်းဖြင့် ထိုစဉ်ကာလက စိတ်ဝိညာဉ်ရှိ, မရှိကို ဆုံးဖြတ်နိုင်ရာ၏။ ယခုခေတ်၌ ထိုရုပ် အပြောင်းအလဲကို မမြင်နိုင်သေးလျှင် နောင်တခေတ်၌ မြင်နိုင်သူတို့ ပေါ်လာဘွယ်ရှိ၏။

ထို့ပြင် (၁) မိဘနှစ်ဦးတို့ သံဝါသပြုခြင်း၊ (၂) မိခင်မှာ ဥတုပန်းပွင့်ခြင်းဟူသော အင်္ဂါနှစ်ပါး ရှိသော်လည်း သူငယ်လောင်းက မရှိလျှင် ပဋိသန္ဓေ မတည်နိုင်ဟု (မ ၁-၃၃၂-မှာပင်) ဆိုထား၏။ ဂုဏ်းဖြင့် သုက်ပိုးနှင့် သားဥသို့ ပေါင်းစပ်

http://www.dhammadownload.com



မိသော်လည်း သူငယ်လောင်း၏ စိတ်ဝိညာဉ် မဝင်ရောက်လာလျှင် ဂုင်းသားမျိုးရပ် ပျက်စီးသွားသည်ဟု ဆိုလိုသောကြောင့် စပါမယ်တိုဇွာနှင့် အိုဗာတို ပေါင်းစပ်ပြီးမှ ၇-ရက်အတွင်းမှာ ပျက်စီးခြင်း ရှိ,မရှိကို ကြည့်ရှု၍လည်း ကလလရေကြည်အခိုက်က ဝိညာဉ် အသက်ဝင်,မဝင်ကို သိနိုင်ရာ၏။

အကြမ်းအားဖြင့် ပြရလျှင် ပစ္စည်းမဲ့ လူဆင်းရဲ များမှာ သား,သမီး ပေါများ၏၊ အများအားဖြင့် ပစ္စည်းရှိသူ လူချမ်းသာများမှာ သားသမီးနည်းပါး၏။ ထိုသို့ ဖြစ်ခြင်းမှာ "မိဘများ၏ ဗီဇမျိုးစေ့ရှုပ်ကြောင့်ချည်း မဟုတ်တန်ရာ၊ လူချမ်းသာဖြစ်ရန် ကုသိုလ်ကံ ရှိသူတို့ နည်းပါးသောကြောင့်လည်း ဖြစ်သည်" ဟု ဗုဒ္ဓဘာသာတရားတော်အရ ယူဆအပ်၏။

သို့ဖြစ်၍ ပြဆိုခဲ့သော အကြောင်းများကို ထောက်ဆသောအားဖြင့် လေးလမတိုင်မီက သန္ဓေရုပ်မှာ လှုပ်ရှားခြင်း သွေးခုန်ခြင်းများ မရှိသေးသော်လည်း ဗုဒ္ဓမြတ်စွာဘုရား ဟောပြထားသည့်အတိုင်းပင် သုက်နှင့်သွေးဥတို့ ပေါင်းစပ်မိပြီးနောက် ၇-ရက်အတွင်း ကလလရေကြည် အခိုက်ကပင် ပဋိသန္ဓေဝိညာဉ်စိတ် စ၍ဖြစ်ပေါ်ခဲ့သည်။ လေးလ ရှိသောအခါ လှုပ်ရှားနိုင်အောင် ကိုယ်အင်္ဂါများနှင့် နှလုံးသွေးကြောများ ပြည့်စုံလာသောကြောင့် ထိုအခါကျမှ လှုပ်ရှားသည်။ နှလုံးသွေး ခုန်သည်ဟု မှတ်ယူအပ်၏။

မေး။ ။(ဃ)ဗုဒ္ဓတရားတော်အရ သတ္တဝါတို့၏ စုတိစိတ်ကျသောအခိုက်၊ မိဘနှစ်ပါးတို့၏ သံဝါသ ပြုသောအခိုက်၊

http://www.dhammadownload.com



ဤသို့ဆုံးဆည်းချိန်တွင် သန္ဓေတည်သည် ဟုရင်း၊ ခေတ်ပညာ ဆေးကျမ်းအရ မိဘနှစ်ပါး သံဝါသပြုသောအခါ အဘ၏ သုက်ထဲမှ စပါးမှုယ်တို့ဇွာအကောင်ကလေးသည် မိခင်၏အိုဗေရီ မျိုးစေ့အိမ်မှ အိုဗာဆိုသည့် အစိတ်အပိုင်း တခုနှင့် သားအိမ် ကြော အတွင်းဝယ် ပေါင်းစပ်သောအခါ သန္ဓေတည်သည်ဟု ၎င်း ဆိုကြပါသည်။ မည်ကဲ့သို့ ညှိနှိုင်းယူသင့်ပါသနည်း။

ဖြေ။ ။(ဃ) ဤ (ဃ) မေးခွန်းမှာ စာမျက်နှာ ၃၄– သန္ဓေတည်ချိန် ဆုံးဖြတ်ချက်ဖြင့် ဖြေပြီးဖြစ်လေပြီ။ ၎င်းကို ပြန်ကြည့်ပါ။

## ရခဲသောဒုလ္လဘ

မေး။ ။(င) အကယ်၍ ဂျဝါဟာလာနေရူး၏ ဆန္ဒအရ သန္ဓေတားဆီးရေး အောင်မြင်ခဲ့ပါသော် လူ့လောက၌ လူ ဖြစ်လာကြရမည့် သတ္တဝါတို့အဘို့ ရခဲသော ဒုလ္လဘကြီးတခု ဆုံးရှုံးရတော့မည် ဖြစ်သောကြောင့် ထိုသတ္တဝါတို့၏ ကံတရား ကို မည်ကဲ့သို့ ဝေဘန်ရပါမည်နည်း။

ဖြေ။ ။(င)ပဋိသန္ဓေတားဆီးရေး အောင်မြင်သော်လည်း ၎င်းကို လူတိုင်းက အသုံးပြုကြမည်မဟုတ်၊ ထို့ကြောင့် လူဖြစ် ရန် ကံရှိသူတို့မှာ ၎င်းတို့၏ ကံအားလျော်စွာ ဖြစ်စရာမိခင်ဌာန ရှိမည်သာ၊ အချို့မှာ ဖြစ်ခွင့်မရဘဲရှိမည်မဟုတ်လောဟု မေးစရာ ရှိပါ၏။ သို့သော် ထိုသို့ဖြစ်ခွင့်မရကြသော သူတို့မှာ လူဖြစ်ရန် ကံမခိုင်လုံသောကြောင့်ဟု ယူရမည်။ ဥပမာ လူဖြစ်ရပါသော်

http://www.dhammadownload.com



လည်း အမိဝမ်းတွင်းမှာပင် ပျက်စီးရသော သူများ မွေးပြီး နောက်မကြာမီပင် ပျက်စီးရသော သူများကဲ့သို့ပင် မှတ်ရာ၏။

## ပဋိသန္ဓေတားဆေး သုံးလျှင်
## ပါဏာတိပါတကံ ထိုက်၊ မထိုက်

ဤအရာ၌ ပဋိသန္ဓေ တားဆေးကို သုံးသော်သူများ ဗုဒ္ဓ တရားတော်အရ ပါဏာတိပါတကံ ထိုက်၊ မထိုက်ကို မေးဘွယ် ရှိသေး၏။ အဖြေမှာ အသက်ဝိညာဉ် ရောက်လျက် ပဋိသန္ဓေ တည်ပြီးမှ သေပျက်စေသည့် ဆေးဖြစ်လျှင် ပါဏာတိပါတကံ ထိုက်၏။ သို့မဟုတ်ပါဘဲ အဘ၏ သုက်ခဲတ်ကို ပျက်စီးစေ၍ ဖြစ်စေ၊ အမိ၏သွေး(သားဥ)ကို ပျက်စီးစေ၍ဖြစ်စေ၊ ပဋိသန္ဓေ တည်ခြင်းပင် လုံးလုံးကင်းစေသော ဆေးဖြစ်လျှင်ကား ဗုဒ္ဓ တရားတော်အရ ပါဏာတိပါတကံ ထိုက်သည်-ဟု မဆိုနိုင်၊ အကြောင်းမှာ—

၁။ အသက်ခံရသော အရာမှာ သတ္တဝါဟုတ်ခြင်း၊

၂။ သတ်သူက ၎င်းကို သတ္တဝါဟု အမှတ်ရှိခြင်း၊

၃။ သေစေလိုခြင်း၊

၄။ သေအောင်ပြုလုပ်ခြင်း၊

၅။ ၎င်း သတ္တဝါသေခြင်းဟူသော ဤ အင်္ဂါ ၅ ပါးလုံး စုံလင်မှ ကံထိုက်သည်၊ ဤပဋိသန္ဓေအရာ၌ စပါမယ်တို့ဓာတ်ကို လှုပ်ရှားသွားလာခြင်း၊ ပိုးကောင်နှင့် သဏ္ဍာန်တူခြင်းတို့ကြောင့် ဆေးပညာအရ သုက်ပိုးဟု ခေါ်ထားသော်လည်း စိတ်ဝိညာဉ်

http://www.dhammadownload.com



ရှိသည်-ဟု မဆိုနိုင်သောကြောင့် ၎င်းကို ဗုဒ္ဓတရားတော် အရ သတ္တဝါ-ဟု အသိအမှတ်မပြု။ ထို့အတူပင် အိုဗာခေါ် သားဥ သက်သက်ကိုလည်း သတ္တဝါ-ဟု အသိအမှတ်မပြု။ ထို့ကြောင့် ပဋမအင်္ဂါ ချို့ယွင်းလျက်ရှိ၏။ သုက်ပိုးနှင့်သားဥတို့ စောစော ကပင် ပျက်စီးနေလျှင် ပေါင်းစပ်နိုင်ခွင့် ပဋိသန္ဓေဝိညာဉ် စည် နိုင်ခွင့် မရှိတော့ပြီ။ ထို့ကြောင့် သတ္တဝါသေခြင်းလည်း မရှိ တော့ပြီ။ ပဋ္ဌမအင်္ဂါ ချို့ယွင်းလျက် ရှိပြန်၏။ ဤသို့ ပဋ္ဌမနှင့် ပဋ္ဌမအင်္ဂါနှစ်ပါး ချို့ယွင်းသောကြောင့် ပဋိသန္ဓေ တည်နိုင်ခွင့် ပင် မရှိအောင် တားဆီးသော ဆေးကို သုံးသော သူအား ပါဏာတိပါတကံ ထိုက်သည်-ဟု မဆိုနိုင်။ ဥပမာ- သားသမီး မရလိုသောကြောင့် သံဝါသမပြုဘဲ ရှောင်ကြဉ် နေသူအား ပါဏာတိပါတကံ ထိုက်သည်-ဟု မဆိုနိုင်သကဲ့သို့ပင် မှတ်ရာ၏။

မေး။ ။(၈) မိခင်၏မျိုးစေ့အိမ်မှ အိုဗာသည် မိခင်၏ဥတု သွေး ပေါ်လာပြီးနောက် ၁၃-ရက်, ၁၄-ရက် မြောက်သော နေ့၌ မှည့်၍ မျိုးစေ့အိမ်က ကျွတ်ကျလာပါသည်။ မျိုးစေ့ အိမ်တွင် ရှိနေစဉ်က ၎င်းအိုဗာသည် သပြက်သီးနှင့် သဏ္ဍာန်တူ ပါသည်၊ သပြက်သီးမှ အစေ့ကျွတ်ကျသောအခါ အခွံသည် မျိုးစေ့အိမ်တွင် ကျန်ရစ်သကဲ့သို့ ထို့အတူပင် ၎င်းအိုဗာသည် မှည့်၍ ကျွတ်ကျပြီးသောအခါ မျိုးစေ့အိမ်က ကျန်နေရစ်ပါ သည်။ ထို့နောက် ၎င်းအိုဗာသည် မိတ်ဘက်ဖြစ်သော စပါမယ် တိုဇွာနှင့်တွေ့ရန် သားအိမ်ကြော အောက်သို့ ဆင်းရပါသည်။ ဥတုသွေးလာပြီးသည့်နောက် ၃-၄-၅-ရက်အတွင်းမှာ သံဝါသ

http://www.dhammadownload.com



ပြုသော်လည်း သန္ဓေမတည်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် အိုဗာသည် ထိုအချိန်၌အောက်သို့မဆင်း၊ မှည့်လည်းမမှည့်သေးပါ။ စပါမယ်တိုဇွာသည် သားအိမ်ကြောအတွင်းသို့တက်သော်လည်း သေကြေပျက်စီးကုန်ရပါသည်။ တဖန် အိုဗာဆင်းသည့်ရက်အတွင်း၌ အိုဗာဆင်းသည့်တိုင်အောင် ၎င်း၏ မိတ်ဘက် စပါမယ်တိုဇွာကို မတွေ့လျှင် ပျက်စီးရပါသည်။ ဤအဖြစ်အပျက်များသည် ကိုယ်တွေ့ဖြစ်ပါ၍ ရုပ်နာမ်များနှင့် မည်သို့သက်ဆိုင်ပါသနည်း။

မေး။ ။(ဆ) "သတ္တဝါတဦးဝင်စားမှုသည်ဤအကြောင်းအရာများနှင့် သက်ဆိုင်သည်"ဟု ဆိုပါမည်လား။

ဖြေ။ ။(စ-ဆ) သုက်နှင့်သွေး နှစ်ဦးစပ် သန္ဓေမျိုးရုပ်သည် ကမ္မဇရုပ် ၃၀-နှင့်တကွ ပဋိသန္ဓေ စိတ်၏တည်ရာ မှီရာဖြစ်သောကြောင့် စာမျက်နှာ ၃၅-သန္ဓေတည်ချိန်၌ ပြခဲ့သည့်အတိုင်း ရုပ်နာမ်တို့နှင့်လည်း သက်ဆိုင်၏၊ ဘဝအသစ်ဖြစ်သူနှင့်လည်း သက်ဆိုင်၏။ သက်ဆိုင်ပုံကို အနည်းငယ်ထပ်၍ ပြဦးအံ့။

## ပဋိသန္ဓေ ၄-မျိုး

ပဋိသန္ဓေသည် (၁)ဥပပတ်၊ (၂)သံသေဒဇ၊ (၃)အဏ္ဍဇ၊ (၄)ဇလာဗုဇ ဟူ၍ ၄-မျိုးရှိ၏။ ထိုတွင်—

(၁)ဥပပတ်မှာ ပဋိသန္ဓေစိတ်နှင့် တပါတည်းပင် တကိုယ်လုံး ရုပ်တွေအပြည့်အစုံ တပြိုင်နက် ဖြစ်ပေါ်ကြ၏။ တနေရာရာမှ ကျလာသကဲ့သို့ ဘွားကနဲဖြစ်ပေါ်လာသည်၊ ၎င်းမှာ မည်သည့်

http://www.dhammadownload.com



အရာကိုမျှ မမှီဘဲ ကံသက်သက်ကြောင့် ဖြစ်ပေါ်လာပေသည်။ နတ်ပြဟ္မာတို့၏ ပဋိသန္ဓေမျိုးပေတည်း။ ၎င်းနတ်ပြဟ္မာတို့၏ ရုပ်မှာ လူတို့တွေ့နေရသော လေရုပ်များထက်ပင် သိမ်မွေ့သေး၏။ ထို့ကြောင့် ၎င်းတို့ကို လူတို့မျက်စိဖြင့် မမြင်နိုင်၊ စမ်းသပ်၍လည်း မတွေ့နိုင်။

(၂)သံသေဒဇပဋိသန္ဓေမှာ ရေညှိ အပုပ်အညှိ စသည်ကို စွဲမှီ၍ဖြစ်၏။ပိုးလောက်စသည်တို့၏ ပဋိသန္ဓေမျိုးပေတည်း။ ၎င်းပဋိသန္ဓေရုပ်နာမ်မှာ အညှိတမျိုးမျိုးကို အမှီရမှ ဖြစ်နိုင်သည်။ သန့်ရှင်းခြောက်သွေ့နေသော ပန်းကန်ပြားစသည်၌ကား မဖြစ်နိုင်။

---

၁။ "ဗြဟ္မာများမှာ လူတို့ကဲ့သို့ ယောကျ်ား မိန်းမ ရှိပါသလား။ ဥပပတ် နတ်များမှာ သား,သမီး ရှိပါသလား" ဟူသော နောက်ထပ်အမေးကို ဖြေရှင်းပြန်သည်မှာ—

ဗြဟ္မာတို့မှာ လူတို့ကဲ့သို့ ယောကျ်ား မိန်းမတို့၏ လိင်အင်္ဂါ မရှိ၊ ကာမရာဂစိတ်လည်း မရှိ၊ ဒေါသစိတ်လည်းမရှိ။ သို့သော် ကိုယ်အနေအထားမှာ ယောကျ်ားအသွင်ဖြင့်ခံ့ညားထွားကြိုင်းစွာ ရှိ၏။

ဥပပတ်နတ်များမှာ သား,သမီး ရှိကြ၏။ ၎င်း သား,သမီး တို့မှာ ရင်ခွင်ထဲ၌ ဖြစ်ပေါ်လာကုန်၏။ ဇနီးသည် နတ်မိန်းမ တို့မှာ အိပ်ရာပေါ်၌ ဖြစ်လာ၏။ အလုပ်အကျွေး အခြွေအရံ တို့မှာ အိပ်ရာဘေးပတ်လည်၌ ဖြစ်လာကုန်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



(၃) အဏ္ဍဇ-ဥ၌ဖြစ်သော ပဋိသန္ဓေနှင့် (၄) ဇလာဗုဇ-အချင်း၌ဖြစ်သော ပဋိသန္ဓေတို့မှာ မိဘတို့၏ သုက်သွေးကို အမှီ ရမှ ဖြစ်နိုင်သည်။

ဤအရာ၌ မှီရာရုပ်ရှိလျှင် ၎င်းကိုမှီ၍ ကမ္မဇရုပ်နှင့် စိတ် ဝိညာဉ်ဖြစ်နိုင်ပုံမှာ လူတို့၏ ကိုယ်၌ အသားအစားထိုးပေးခြင်း ဖြင့် ထင်ရှား၏။ ဆရာဝန်တို့သည် လူနာ၏ ကိုယ်မှ အူစသော မကောင်းသော အသားကိုထုတ်၍ ကောင်းသောအသားကို အခြားသူ၏ကိုယ်မှ ယူ၍ ထည့်ပေးကြ၏။ ထိုအသားသစ်မှာ အခြားသူထံမှ ထုတ်ယူပြီးသော ကာလက ကာယပသာဒခေါ် ကမ္မဇရုပ်မရှိတော့ပြီ။ ဥတုဇသက်သက်သာ ရှိတော့၏။ သို့သော် လည်း လူနာ၏ ကိုယ်က အသားနှင့်ကောင်းကောင်း ဆက်စပ် မိသောအခါ ထိုအသစ်ထည့်ထားသော အသားပိုင်း၌ ကာယ ပသာဒခေါ် ကမ္မဇရုပ်နှင့် ထိသိမှု ကာယဝိညာဉ်စိတ် ဖြစ်ပေါ် သည်ကို လူနာကိုယ်တိုင် တွေ့နိုင်၏။ ထို့အတူပင် သံသေဒဇ, အဏ္ဍဇ, ဇလာဗုဇပဋိသန္ဓေရုပ်, နာမ်တို့မှာလည်း အညှိ, သုက် သွေးဟူသော ဥတုဇရုပ်တို့ကိုပင်မှီ၍ ဖြစ်ကြရ၏။ ထို့ကြောင့် သုက်ပိုးနှင့် သားဥပေါင်းစပ်မိပြီးသော သန္ဓေမျိုးရုပ်သည် ပဋိသန္ဓေရုပ်, နာမ်တို့နှင့်လည်း သက်ဆိုင်ပေ၏။ ဘဝအသစ် ဖြစ်သော သတ္တဝါနှင့်လည်း သက်ဆိုင်ပေ၏။

ဤအရာ၌ အထူးမှတ်ဖွယ်အချက်တခုမှာ သံသေဒဇ, အဏ္ဍဇ, ဇလာဗုဇသတ္တဝါတို့သည် ရုပ်ကြွင်းများကို မှီ၍ ပဋိသန္ဓေတည် လာခဲ့ရသောကြောင့် သေသွားသောအခါ၌ စိတ်ဝိညာဉ်နှင့်

http://www.dhammadownload.com



ကမ္ဘာ့ဇရုပ်နုများ ဖျုပ်ပျောက်သွားကြသော်လည်း ဥတုဇရုပ်ကြမ်းကြီးမှာ မူလကအတိုင်းပင် ကျန်နေရ၏။ ဥပပတ်သတ္တဝါနတ်ပြဟ္မာတို့မှာမူ ပဋိသန္ဓေမကပင် ရုပ်ကြမ်းများကို မမှီဘဲ ဖြစ်လာခဲ့သောကြောင့် သေသွားသောအခါ၌လည်း ဘာမှမကျန်ရစ်ဘဲ တကိုယ်လုံး ပျောက်သွားရလေသည်။

## သုက်ရည်သည် သတ္တဝါမဟုတ်

**ဓမေး။** ။(၉) သုက်ရည်တွင်ရှိသော စပါမယ်တိုဇွာ အကောင်ကလေးများသည် ဘယ်အကြောင်းကံ ရှိပါသနည်း။

**ဖြေ။** ။(၉) ဆေးပညာအရအားဖြင့် စပါမယ်တိုဇွာ ခေါ်သောသုက်ပိုးများကို ဗုဒ္ဓဘာသာတရားတော်အရအားဖြင့် သတ္တဝါဟု အသိအမှတ်မပြု။ သားမျိုးရုပ်ဟူ၍သာ အသိအမှတ်ပြု၏။ ထို့ကြောင့် ၎င်းသုက်ပိုးတို့ကို မည်သည့်အကြောင်းကံကြောင့်မျ ဖြစ်သည်ဟု မဆိုနိုင်။ အမှန်အားဖြင့် မူလတည်ရာကိုယ်မှ လွတ်ထွက်သွားပြီးသော ထိုသုက်များမှာ ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်သက်သက်သာဖြစ်၏။ သို့သော် ပဋိသန္ဓေတည်မည့်သူငယ်၏ အဆင်းလှခြင်း, မလှခြင်း, ကျန်းမာခြင်း, မကျန်းမာခြင်း စသည်တို့၏ အခြေခံလည်း ဖြစ်သောကြောင့် သတ္တဝါတို့၏ အသုံးအဆောင် ဥယျာဉ်ဗိမာန်စသည်ကဲ့သို့ ကမ္မပစ္စယ ဥတုဇရုပ်ဟူ၍လည်း ဆိုသင့်သေး၏။ ပဋိသန္ဓေနေမည့်သူ၏ကံအကြောင်း အားလျော်စွာ ဥတုကြောင့် ဖြစ်သောရုပ်ဟုဆိုလိုသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



## တမလွန်ဘဝ ရှိသလား

မေး။ ။ (၈၂) ရုပ်ဝါဒအရ အမိနှင့်အဘ ပေါင်းစပ်သောအခါ သန္ဓေတည်သည်ကို ခေတ်ဆေးပညာက လက်ခံပါသည်။ ဗုဒ္ဓကျမ်းစာများအရ တမလွန်ဘဝရှိသည်ကို အထက်ပါအကြောင်းများ အရ နားလည် လွယ်အောင် မိန့်ကြားတော်မူပါဘုရား။

(ခေတ် ဆေးပညာအရ "တမလွန်ဘဝ ရှိကြောင်း" ကို ဘယ်နည်းနှင့်မျှ သက်သေထုတ်ပြီး မဖော်ပြနိုင်ပါ။ မိဘ နှစ်ပါးတို့ ပေါင်းစပ်သံဝါသပြု၍ ဖြစ်ပေါ်လာသော သားသည်အိုမင်း၍ သေသောအခါ ၎င်း၏ဘဝ ကုန်ဆုံးပါတော့သည်။)

ဖြေ။ ။(၈၂) ဆေးပညာသည် ရုပ်၌ ဖြစ်ပေါ်လာသော ရောဂါတို့ကို ကုစားရန်အတွက် ဖြစ်၍ ၎င်းပညာဖြင့် စမ်းသပ်ရှာဖွေလျှင် ရုပ်အကြောင်းကိုသာ မှန်ကန်စွာ သိနိုင်ပေမည်။ ဘဝသစ် ဖြစ်ခြင်းသည်ကား အဓိကအားဖြင့် နာမ်၏ အရာဖြစ်ပေသည်။ အဝိဇ္ဇာ, တဏှာ, ဥပါဒါန်, ကံ, ဟူသောအကြောင်းတရားတို့ကြောင့် ပဋိသန္ဓေ ဝိညာဉ်ခေါင်းဆောင်သော နာမ်, ရုပ်တို့၏ အသစ် ဖြစ်ပေါ်လာခြင်း သဘော ဖြစ်ပေသည်။ ထိုအဝိဇ္ဇာ အစရှိသော အကြောင်း နာမ်တရားနှင့် ပဋိသန္ဓေဝိညာဉ် အစရှိသော အကျိုးနာမ်တရားတို့၏ ဖြစ်ပုံကို ရုပ်၌စမ်းသပ်သောနည်းဖြင့် မသိနိုင်ကြောင်း စာမျက်နှာ (၂၈)နှင့် (၄၂) (၄၃)တို့၌ ပြခဲ့ပြီ။ ၎င်းတို့ဖြင့်ပင် ဤ (၈၂) မေးခွန်းကိုဖြေပြီး ဖြစ်နေလေပြီ။

http://www.dhammadownload.com



ဤအရာ၌ ထပ်မံ၍ပြောလိုသည်မှာ မျက်စိဖြင့်မြင်နိုင်သော အဆင်းကို နားဖြင့်မကြားနိုင်၊ နားဖြင့် ကြားနိုင်သောအသံကို လည်း မျက်စိဖြင့်မမြင်နိုင်၊ ကင်မရာဖြင့် ဖမ်းယူနိုင်သောရုပ်ပုံကို ရကော်ဒါဖြင့်မဖမ်းနိုင်၊ ရကော်ဒါဖြင့် ဖမ်းယူနိုင်သောအသံကို ကင်မရာဖြင့်မဖမ်းနိုင်ဟူသော သဘောတရားကို ယုံကြည်လက်ခံ နိုင်သကဲ့သို့ ထိုအတူပင် အဘိညာဉ်စသော ဉာဏ်ထူးများဖြင့်သာ သိမြင်နိုင်သော တမလွန်ဘဝ အကြောင်းကို ရုပ်၌သာ စမ်းသပ်နိုင်သော ဆေးပညာဖြင့်မသိမမြင်နိုင်ဟူသော သဘော တရားကိုလည်း လက်ခံသင့်၏။ ထိုသို့လက်မခံပါဘဲ "ဆေးပညာ ဖြင့် မတွေ့ရသောကြောင့် တမလွန်ဘဝမရှိ" ဟု ယူဆလျှင် ထိုအယူမှာ "မျက်စိဖြင့် မမြင်ရသောကြောင့် အသံကို မရှိ"ဟု ယူသကဲ့သို့ရင်း၊ "နားဖြင့် မကြားရသောကြောင့် အဆင်းကို မရှိ"ဟု ယူသကဲ့သို့ရင်း အမှားသာဖြစ်မည်ဟု သိအပ်၏။

ထို့ကြောင့် ပကတိမျက်စိဖြင့် မမြင်နိုင်သော ပိုးမွှားကလေး များ မှုန်မွှားကလေးများကို မြင်လိုလျှင် ၎င်းတို့ကိုမြင်စေနိုင်သော မှန်ဘီလူးများဖြင့် ကြည့်ရသကဲ့သို့ တမလွန်ဘဝ အကြောင်းကို သိလိုလျှင် ၎င်းကိုသိစေနိုင်သော အဘိညာဉ်, ဝိပဿနာဉာဏ် တို့ကိုဖြစ်အောင် အားထုတ်၍ကြည့်အပ်၏။ ထိုဉာဏ်ထူးများကို ရအောင် အားမထုတ်နိုင်လျှင် ဗုဒ္ဓတရားတော်များ၌ ညွှန်ပြ ထားသည့်အတိုင်း အကြောင်းအကျိုးဆက်သွယ်ပုံကို ဆင်ခြင်၍ သိရာ၏။ ထိုသို့မှ မဆင်ခြင်နိုင်လျှင် ဘဝဟောင်းကအကြောင်း များကို ပြန်ပြောနိုင်သော ဇာတိဿရခေါ် လူဝင်စားတို့၏ ဖြစ်ပုံကို စုံစမ်းဆင်ခြင်၍ ယုံကြည်ယူဆသင့်၏။

ဆင့်မအကြိမ်

http://www.dhammadownload.com



လူဝင်စားဆိုသူများမှာ နိုင်ငံတကာ၌ အနည်းငယ်စီရှိကြ၏။ သို့သော် "တမလွန်ဘဝ မရှိ"ဟု ယူဆထားသော သူတို့က ထိုလူဝင်စားတို့၏ တကယ်အမှန် ပြောချက်ကို မယုံကြည်ကြ၊ မိစ္ဆာအယူကို ပြောသည်ဟု လူကြီးများက ဟန့်တားထားသော ကြောင့် "တမလွန်ဘဝ မရှိ"ဟု အယူရှိသော လူမျိုးတို့၏ ကလေးများမှာ မပြောဝံ့သဖြင့် မထင်ရှားဘဲ ပျောက်ကွယ် သွားရှာကြ၏။ တကယ်အားဖြင့်ဆိုလျှင် ကလေးများမှာ ဘယ်က အယူဝါဒကိုမျှ လက်မခံရသေး၊ မိမိတို့သိသည့် အတိုင်းသာ ပြောကြပေသည်။ လူကြီးများမှာမူ သက်ဆိုင်ရာဘာသာတရား အရအားဖြင့်ရင်း၊ မိမိတို့ ကိုယ်တိုင် တွေးခေါ် ကြံဆချက် အားဖြင့်ရင်း အယူဝါဒများကို လက်ခံထားကြ၏။ ထို့ကြောင့် မှားသောအယူကို လက်ခံ ထားလျှင် ထိုလူကြီးများသာလျှင် မှားမည်။ ကလေးများမှာ မှားဘွယ်အကြောင်း မရှိပေ။ ဤ အချက်ကို စဉ်းစားကြည့်လျှင် အားကြီးသော လူကြီးမိဘ များက အားငယ်သော ကလေးသူငယ်၏ အမှန်အကန်ပြောဆို ချက်ကို ဖိနှိပ်တားမြစ်ကြသည်မှာ အလွန်ပင် မတရားရာရောက် နေကြောင်း ထင်ရှား၏။

သို့သော် ဘဝဟောင်းက အကြောင်းကို ပြောသူတိုင်း အမှန်ချည်းဟူ၍ကား မဆိုနိုင်ပါ။ လူကြီးမိဘများက သင်ပေး သောကြောင့် ပြောသူများလည်း ရှိပေလိမ့်မည်။ ပညာဖြင့် ချင့်ချိန်၍ ယုံသင့်သည်ကိုသာ ယုံရမည်။ ယုံသင့်သော ဝတ္ထု အနည်းငယ်ကို ဤ၌ ထုတ်ပြဦးအံ့။

ဆင္မမအကြိမ်

http://www.dhammadownload.com



## သုံးနှစ်သမီး ကလေးမကလေး

၁၉၅၆-ခုနှစ်က ဖျာပုံမှ သုံးနှစ်အရွယ် ကလေးမကလေး တယောက် ဘုရားဖူးရန်လာသော မိခင်နှင့်အတူ ကမ္ဘာအေးသို့ ရောက်လာ၏။ ၎င်းကလေးမမှာ ပိဋကပါဠိစာများကို အချိုးတကျ သွက်သွက်လက်လက် ဖတ်နိုင်၏။ ပါဠိစာပေမှာ ခေတ်ပညာတတ် လူကြီးများပင် အချိုးကျအောင် မဖတ်နိုင်သည်သာ များ၏။ ၎င်း၏ မိဘများမှာလည်း ဆင်းရဲသော တောသူ တောသားများသာဖြစ်သည်။ သင်ပေးချိန်လည်း ရှိမည်မဟုတ်။ သူတို့ ကိုယ်တိုင်ကပင် သင်ပေးနိုင်လောက်အောင် စာလည်း မတတ်ကြ၊ ယင်းကလေးမကလေး ဘိတ်စာတခုကိုဖတ်နေသည်မှ စ၍ စာဖတ်တတ်မှန်း အံ့အားသင့်လျက် သိရသည်ဟု ဆို၏။ ရှေးဘ၀အကြောင်းကို မေးလျှင် ငိုသောကြောင့်၎င်း၊ အချို့ ရဟန်းများ၏ အမည်ကို သူ့အလိုလိုသိသည့်ပြင် မောင်နန္ဒိယ စသည်ဖြင့် မရှိမသေ ခေါ်သောကြောင့်၎င်း၊ မိမိတို့၏ ဆရာ ဘုန်းကြီးကပင် ဖြစ်လာသည်ဟု သက်ဆိုင်သူတို့က ယူဆကြရ၏။ ၎င်းကလေးမမှာ စာမသင်ရဘဲ အဖတ်ခက်သော ပါဠိများကို သွက်သွက်လက်လက် အချိုးတကျဖတ်နိုင်သည်ကို ရှေးဘ၀က အလေ့အလာကြောင့်ပင်ဟု ယူဆသင့်၏။ သို့သော် ဤဝတ္ထုမှာ ဉာဏ်ကောင်းသူအား သင်ပေးလျှင် ဖြစ်နိုင်သည်ဟု မယုံချင်သူတို့က ဆင်ခြေပေးစရာ ရှိသေး၏။

ဆင့်မအကြိမ်

## မျောက်ဘဝက လူ

၁၉၄၈-ခုနှစ်က ရွှေဘိုခရိုင် ဆိပ်ခွန်ရွာ မဟာစည်ကျောင်းတိုက်သို့ ကျွန်းလှနယ် ပုတီးရွာမှ ဦးဒီပခေါ် ရဟန်းတပါးလာရောက်၍ တရားအားထုတ်၏၊ ၎င်းက "သူဟာ ရှေးဘဝက မျောက်ဖြစ်ခဲ့ကြောင်း၊ ညီအစ်ကိုနှစ်ယောက်ရှိရာ သူ့ကိုမိခင်က ယို၍ချစ်ကြောင်း ကလေးထိန်းရာမှာ နေရာမကျ၍ မျောက်မကြီးကရိုက်ကြောင်း၊ ပြောင်းဖူးကိုစားလျှင် လက်နှစ်ဘက်နှင့် ကိုင်၍စားလေ့ရှိကြောင်း စသည်များကိုပြော၏။ ယင်းဦးဒီပမှာ ယခုထက်တိုင် သူ၏နေရပ်၌ ရှိနေ၏။

## ခွေးဘဝက လူ

မြင်းခြံခရိုင် ရောဝတီကျွန်းထဲက မိဖုယားရွာ၌ မယ်အိမ်ခေါင်း၏သား (ယခု အသက် ၅၀-ခန့်ရှိ) မောင်တိုက်စိုးဆိုသူသည် ရှေးဘဝက မယ်မင်းပု- ဖိုးခိုတို့၏အိမ်၌ ခွေးမဖြစ်ခဲ့ကြောင်း၊ ခွေးသားကလေးများမွေးလျက် တညသောအခါမှာ စားစရာမရှိသောကြောင့် တခြားအိမ်သို့သွား၍ ထမင်းအိုးကိုဖွင့်ကာ ထမင်းချိုးကို ခိုးစားနေခိုက် အိမ်ရှင်က ခရင်းနှင့် ရင်ပတ်ကို ထိုးသောကြောင့် ထွက်ပြေးလာခဲ့ရကြောင်း၊ သားကလေးများအနီးသို့ ရောက်သောအခါ လဲကျ၍သေခဲ့ရကြောင်း စသည်ကိုပြော၏။ ထိုသူ၏ ရင်ပတ်၌ ခရင်းဒဏ်ရာ ထင်လျက်ရှိ၏။ ၎င်းမှာ စွဲလမ်းသောစိတ်ကြောင့် ဖြစ်သည်ဟု ယူသင့်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဥပမာ အိပ်မွေ့ချထားသောသူအား ဆရာက သံပူနှင့်ကပ်မည်ဟု ပြော၍ ခဲတန်နှင့် ကပ်လိုက်လျှင် သံပူဟု စွဲလမ်းမှုကြောင့် ထိုနေရာတွင် မီးလောင်ဖု ပေါ်လာခြင်းမျိုးပင်ဟု မှတ်ရာ၏။

## ပုဇွန်ဘ၀က လူ

ထို့ပြင် ထိုမိဖုယားရွာအနီး မီးလောင်ကျွန်းရွာ၌ ဖိုးပြန့်ကြီး မညိုတို့၏ သမီး မယ်တင်ဆိုသူမှာ ရှေးဘ၀က လယ်ပုဇွန်လုံး ဖြစ်ခဲ့ကြောင်းပြော၏။

အထက်ပါ ဝတ္ထုတို့၌ မျောက်, ခွေး, ပုဇွန်လုံးဖြစ်ခဲ့သည်ဟု ပြောသူတို့မှာ သင်ပေး၍ရင်း၊ တစုံတရာအကျိုးကို မျှော်၍ရင်း ပြောသည်ဟုစွပ်စွဲရန် အကြောင်းမရှိပေ။ မိမိတို့တွေ့ကြုံခဲ့သည်ကို မှတ်မိသည့်အတိုင်း ပြောကြသည် ဟူ၍သာ ယုံကြည်ထိုက်လှပေ၏။

ထိုမှတပါး အလားတူ ယုံကြည်ထိုက်သော ဝတ္ထုများ, တစ္ဆေဘ၀က အဖြစ်အပျက်များကို ပြန်ပြောသော ဝတ္ထုများလည်း များစွာပင်ရှိ၏။ ဉာဏ်ထူးနှင့် ပြည့်စုံအောင် အားမထုတ်နိုင်သူတို့သည် ထိုသို့သော အကြောင်းအရာတို့ဖြင့် တမလွန်ဘ၀ ရှိကြောင်း ယုံကြည်ထိုက်၏။

ထို့ပြင် သူများနှင့် အလုပ်အကိုင်ခြင်း တူပါလျက် အချို့ပုဂ္ဂိုလ်မှာ အကျိုးပေး အလွန်ထူးချွန်ခြင်း၊ အချို့မှာ အလွန်

http://www.dhammadownload.com



ညှံ့ဖျင်းခြင်း၊ အချို့မှာ ဉာဏ်ထူးချွန်ခြင်း၊ အချို့မှာ မိဘမျိုးရိုးနှင့်မတူဘဲ စိတ်နေစိတ်ထား အလေ့ဝါသနာ အလွန်ကွဲပြားနေခြင်း စသည်တို့ကိုတွေ့ရ၏။ ၎င်းတို့မှာ ရှေးဘဝက ကံ, ဉာဏ်, အလေ့ စသည်ကြောင့် ဖြစ်သည်ဟု ဗုဒ္ဓ တရားတော်က ဆိုထား၏။ သို့ဖြစ်၍ ၎င်းတို့ကို ထောက်ဆသောအားဖြင့်လည်း ရှေးဘဝ နောင်တမလွန်ဘဝရှိကြောင်း ယုံကြည်အပ်၏။

မေးခွန်းအမှတ် (၁) အဖြေပြီး၏။

http://www.dhammadownload.com

# ရောဂါပိုးများသည် သတ္တဝါမည်ပါသလား

## မေးခွန်းအမှတ်-၂

မေး။ ။(က) ဆေးပညာအားဖြင့် တွေ့ရှိရသော ရောဂါပိုးကောင်ကလေးများမှာ တကိုယ်မှနှစ်ကိုယ်၊ နှစ်ကိုယ်မှ လေးကိုယ်၊ လေးကိုယ်မှ ရှစ်ကိုယ်၊ ရှစ်ကိုယ်မှ တဆယ့်ခြောက်ကိုယ် စသည်အားဖြင့် တိုးပွား များပြားလာပါသည်။ သူ့အလိုလို သေသည်ဟူ၍မရှိပါ။ ထိုပိုးကောင်များမှာ အကြောင်းကံတရား ရှိပါသလား။

(ဥပမာ- ဝမ်းကိုက်ရောဂါ စွဲကပ်သော သူနာတွင် အင့်အမီးပါဟာစ်တိုလိပ်ကား (Entamoeba Hystolitica) ပိုးမျိုး တွေ့ရသည်။ အခြား ရောဂါတို့၌လည်း ရောဂါပိုးများ တွေ့ရှိရပါသည်။)

## အဖြေအမှတ်-၂

ဖြေ။ ။(က) ဗုဒ္ဓတရားတော်အရ ကာမဘုံက သတ္တဝါမှာ စိတ်ဝိညာဉ်သည် ပဓာနအင်္ဂါဖြစ်၏။ ၎င်း စိတ်ဝိညာဉ်မှာ တကိုယ်ကနှစ်ကိုယ် ခွဲမထွက်နိုင်။ ထို့ပြင် သတ္တဝါမှန်လျှင် သူ့

http://www.dhammadownload.com



ဘဝအားလျော်စွာ အသက်တမ်းရှိ၏။ ထိုအသက်တမ်း ကုန်လျှင် သေကြေပျက်စီးရ၏။ မေးခွန်း၌ ဖေါ်ပြထားသော ရောဂါပိုးအချို့မှာ မွေးထုတ်ခြင်းမျိုး မရှိပါဘဲ တကိုယ်မှနှစ်ကိုယ် နှစ်ကိုယ်မှလေးကိုယ်၊ လေးကိုယ်မှရှစ်ကိုယ် စသည်ဖြင့် ပွားလာသည်ဟု ဆိုသောကြောင့်ရင်း၊ ဘယ်တော့မှ သူ့အလိုလိုမသေဟု ဆိုသောကြောင့်ရင်း "ဆေးပညာအရ ပိုးဟုခေါ်ရသော်လည်း ဗုဒ္ဓတရားတော်အရအားဖြင့်မူ ၎င်းတို့ကိုသတ္တဝါဟု အသိအမှတ်မပြု" ဥပမာ-တပင်တည်းမှ အကိုင်းများကိုဖြတ်၍ ခွဲစိုက်လျှင် အပင်အသီးအသီးဖြစ်နိုင်သော သစ်ပင်ရုပ်ကဲ့သို့ရင်း၊ ဘယ်တော့မှမသေပျက်နိုင်သော သံချေးများ ကြေးညှိများ၊ ကျောက်ခက်များကဲ့သို့ရင်း၊ ခွဲတိုင်းလည်းရ, သေလည်းမသေနိုင်သော ပြဒါးရုပ်, ရေရုပ်ကဲ့သို့ရင်း ရုပ်အထူးများဟူ၍သာ အသိအမှတ်ပြုအပ်၏။ ထို့ကြောင့် ထိုသို့သောရောဂါပိုးများမှာ မည်သည့်ကံ အကြောင်းနှင့်မျှ မသက်ဆိုင်၊ ရောဂါ စွဲမည့် ပုဂ္ဂိုလ်၏ အကုသိုလ်ကံ အကြောင်းအားလျော်စွာ ဥတုကြောင့်ဖြစ်ပေါ်သော ကမ္မပစ္စယ ဥတုဇရုပ်များဟူ၍သာ သိအပ်၏။

## ရောဂါပိုးများကိုသတ်လျှင်
## ပါဏာတိပါတကံထိုက်သလား

မေး။ ။(ခ) အနောက်နိုင်ငံ ဆေးပညာအရ ကြောက်မက်ဘွယ်ကောင်းသော ရောဂါ ပိုးမွှားများကြောင့် ဖြစ်ကြသည်ကို ကမ္ဘာ့သမားတော်ကြီး များစွာတို့က သက်သေထုတ်ကြပြီးလျှင် ကမ္ဘာသို့ တင်ပြခဲ့ကြပါသည်။ ထိုရောဂါပိုး

http://www.dhammadownload.com



များကို နှိမ်နင်းသတ်ဖြတ်ရန်ဆေးများကို ရှာဖွေကြသောအခါ ကာလသားရောဂါအတွက် သတ်ရန် စိန်ပါသည့် အားစနစ် (Arsenic)ခေါ် ထိုးဆေး၊ နမိုးနီးယားရောဂါပိုးများသတ်ရန် အတွက် ပယ်နင်စလင် ( Penicillin )ထိုးဆေး၊ တီဘီပိုးများ သတ်ရန်အတွက် စတရက်တိုမိုင်ဆင် ( Streptomycin ) ထိုး ဆေးများနှင့် အခြားဆေးများကို ရရှိခဲ့ကြပါသည်၊ ၎င်းဆေး များနှင့် လူမမာတို့အား ထိုး၍ကုသတိုင်း ကုသတိုင်း ဆရာဝန် များသည် ရောဂါပိုးများကို သတ်ရာ ရောက်ရှိနေကြပါသည်။ ထို့အတွက် ပါဏာတိပါတကံ ထိုက်ပါသလား။

(၎င်းရောဂါပိုး ကလေးများသည် မြေအပြင်၌ တွေ့ကြရ သော ပိုးမွှားတို့ကဲ့သို့ပင် လူးလာလှုပ်ရှားသွားလာ စားသောက် နေကြသောကြောင့် သက်ရှိသတ္တဝါတမျိုး ဟူ၍ ခေတ် ဆေး ပညာအရ ယူဆကြပါသည်။)

ဖြေ။ ။(ခ)အထက်ပါ (က)အဖြေ၌ ပြခဲ့သော ရောဂါ ပိုးမျိုးဖြင်လျှင် ၎င်းတို့မှာ ဗုဒ္ဓတရားတော်အရ ပါဏဟု မဆို အပ်သောကြောင့် ၎င်းတို့ကို ပျက်စီးစေခြင်းဖြင့် ပါဏာတိ ပါတကံ မထိုက်။

အကယ်၍ ပကတိမျက်စိဖြင့် မြင်တွေ့နေရသော အခြားပိုး များကဲ့သို့ သန္တေတည်ပြီး မွေးခြင်း, အသက်တမ်း အလိုက် သေခြင်းများ ရှိပါမူ ထိုသို့သောပိုးများမှာ ပါဏပင်ဖြစ်ရာ၏။ ထို့ကြောင့် ထိုပိုးများကို သတ္တဝါဟုအမှတ်ရှိလျက် သေအောင် ပြုလုပ်ခြင်းဖြင့် ၎င်းတို့ သေပျက်သွားလျှင် ပါဏာတိပါတကံ

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ထိုက်သည်ဟု ယူအပ်၏။ သို့သော် ပါဏာတိပါတကံသည် သီလ စသော ကုသိုလ်ဂုဏ်ရှိသူကိုသတ်လျှင်အပြစ်ကြီး၏။ ဂုဏ်မရှိသူကို သတ်လျှင် အပြစ်ငယ်၏။ သို့ဖြစ်၍ ဘာဂုဏ်မျှရှိမည်မဟုတ်သော ထိုပိုးကလေးများကို သတ်ခြင်းမှာ အလွန်ပင် အပြစ်သေးငယ် ရာ၏။ အကယ်၍ ထိုပိုးများသေခြင်းကို အာရုံမထားဘဲရောဂါ ပျောက်ကင်းခြင်းကိုသာ ရည်မျှော်၍ ဆေးပေးလျှင် ဖြစ်စေ၊ ၎င်းတို့ကို ဝိညာဉ်အသက်ရှိသော သတ္တဝါမဟုတ်ဟု အမှတ် ရှိလျှင်ဖြစ်စေ၊ မိမိဆေးကြောင့် ၎င်းတို့သေသော်လည်းပါဏာတိ ပါတကံ မထိုက်ဟု ယူအပ်၏။

မေးခွန်းအမှတ်(၂)အဖြေပြီး၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com

# စိတ်နှင့်ရောဂါ

## မေးခွန်းအမှတ်-၃

မေး။ ။(က) ယခုခေတ်သွေးတိုးရောဂါ၊ နှလုံးသွေးကြော ပိတ်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ သွေးချိုပေါ ရောဂါ စသည်အားဖြင့် များစွာသော ရောဂါတို့သည် ချမ်းသာကြွယ်ဝသောသူ၊ ရာထူးဂုဏ်သိရ် ကြီးသောသူ၊ ဘုန်းတန်ခိုးကြီးသော ဆရာတော်ကြီးများ အချို့တို့၌ ဖြစ်နေသည်ကို တွေ့ရပါသည်။

ရှင်းပုဂ္ဂိုလ်တို့သည် ငွေကြေး အင်အား ပြည့်စုံပါလျက်နှင့် ဤဝေဒနာကြီးများကို ခံစားကြရပြီး မသေနိုင်ဘဲ အိပ်ရာ၌ လပေါင်းများစွာ လဲနေကြရာတွင် ဆေးပညာဖြင့် မည်မျှပင် ကုသကြပါသော်လည်း မပျောက်နိုင်ဘဲ ဖြစ်နေကြပါသည်။

ထိုပုဂ္ဂိုလ်ကြီးများ၌ ဖြစ်သော ဝေဒနာသည် ဆေးပညာ အလိုအားဖြင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရ ရှိသည့်အနက် စိတ်နှင့် အာဟာရကြောင့် ဖြစ်သည်ဟု ယူဆကြပါသည်။ ထိုယူဆချက်ကို လက်ခံပါသလား။

စိတ်ကြောင့် ဖြစ်သည် ဆိုရာတွင် ဦးနှောက် အလုပ်ကိုများပြားစွာလုပ်သော ရဟန်းရှင် လူတိုင်းမှာ ခန္ဓာကိုယ်အတွင်းရှိ သွေးကြောများက ခန္ဓာကိုယ်၏ နှလုံးသို့ မပို့နိုင်သောကြောင့် နေ့ရှအားနည်းသော ဥယျာဉ်၌ ရေကိုလုံလောက်စွာ မလောင်း

ဆင့္ဌမအကြိမ်

http://www.dhammadownload.com



နိုင်၍ ဉယျာဉ်ကြုံလှီသွားရသကဲ့သို့ ခန္ဓာကိုယ်တွင်လည်း ကြုံလှီလာရခြင်း ဖြစ်ပါသည်။

## အဖြေအမှတ်-၃

ဖြေ။ ။(က)ယခုခေတ်မှာ ဖြစ်ပေါ်နေသော သွေးတိုးရောဂါ, နှလုံးသွေးကြောပိတ်ရောဂါ, ဦးနှောက် သွေးကြောပိတ်ရောဂါ, သွေးချိုပေါ်ဒရောဂါ အစရှိသော ရောဂါများကို စိတ်ကြောင့်ဖြစ်သည်ဟု ယူဆချက်မှာ မှန်သင့်သလောက် မှန်ဘွယ်ရှိ၏။ သို့ရာတွင် စိတ်အမျိုးအမည်ကို ခွဲခြားရန်ကား လိုပေလိမ့်မည်။

၎င်းကို လောဘ, ဒေါသဖြင့် ပူလောင်သောစိတ်၊ လောဘ, ဒေါသကင်းလျက် ကြည်လင်အေးချမ်းသောစိတ် ဟူ၍ အကျဉ်းချုပ်အားဖြင့် နှစ်မျိုးခွဲသင့်၏။ ထိုတွင်စီးပွားရေး အလုပ်အကိုင်များ၌ အလွန်ကြောင့်ကြစိုက်လျက် ပူပန်မှုသောကစိတ် အားကြီးနေသောသူအား၎င်း၊ ကျောင်းကန်ကိစ္စ, တပည့်တပန်းကိစ္စ, ဟောပြောဆက်ဆံရေးကိစ္စ, ကျမ်း ရေးသား စိစစ်ရေးကိစ္စတို့၌ ကြောင့်ကြ စိုက်မှုများနေသော ရဟန်းပုဂ္ဂိုလ်အား၎င်း၊ ထိုသို့သော ရောဂါဖြစ်လျှင် စိတ်ကြောင့် ဖြစ်သည်လည်း ရှိရာ၏။ ထိုစိတ်မှာလည်းလောဘ,ဒေါသဖြင့်ပူလောင်သောစိတ်မျိုးသာ ဖြစ်ရာ၏။ သို့သော် စိတ်ကြောင့်ဟူ၍သာ တထစ်ချယူရန်ကား သင့်မည်မထင်။ ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းဟူသော အနေအထိုင်မမျှခြင်း (ဝိသမပရိဟာရ) ရောဂါ ဖြစ်စေတတ်သော

http://www.dhammadownload.com



အစာအာဟာရ, အိုမင်းဆွေးမြေ့ခြင်း (ဇရာ)နှင့် ကံအားလျော်စွာ မူလကပင် ပါလာသော အကြောအသွေး အခြေအနေတို့ကြောင့်လည်း ဖြစ်ဖွယ်အကြောင်း ရှိသေး၏*။

---

* ဤအရာ၌ ဗုဒ္ဓကျမ်းဂန်တို့တွင် ပြဆိုထားသော ဒုက္ခဝေဒနာဖြစ်ကြောင်း ၈-ပါးနှင့်လည်း နှီးနှော၍ ရှင်းပြဦးအံ့။

(၁) သည်းခြေပျက်ခြင်း၊ (၂) သလိပ်ပျက်ခြင်း၊ (၃) လေပျက်ခြင်း၊ (၄) သည်းခြေ,လေ,သလိပ် သုံးမျိုးစုံ ပျက်ခြင်း၊ (၅) ဥတုပျက်ခြင်း၊ (၆) အနေအထိုင်မမျှတခြင်း၊ (၇) ရှပ်ကိုယ်၌ အနာတရဖြစ်အောင် ပြုလုပ်ခြင်း၊ (၈) အကုသိုလ်ကံ တရားဟူသော ဤအကြောင်းရှစ်ပါးတို့တွင် တပါးပါးကြောင့် ဒုက္ခဝေဒနာ ဖြစ်ပေါ်သည်ဟု ဗုဒ္ဓကျမ်းဂန်တို့၌ ပြဆိုထား၏။

ဤအကြောင်းရှစ်ပါးထဲ၌ စိတ်, အစာအာဟာရနှင့် အိုမင်းဆွေးမြေ့ခြင်းဟူသောရောဂါဖြစ်ကြောင်းသုံးမျိုးတို့ကိုတိုက်ရိုက်အားဖြင့် ဖော်ပြထားခြင်းမရှိပေ။ သို့သော်လည်း သည်းခြေပျက်လျှင် စိတ်လည်း ပျက်၏။ စိတ်ပျက်လျှင်လည်း သည်းခြေပျက်တတ်၏။ အသက်ရှူလေမှ စ၍ လေရှပ်လည်း ပျက်တတ်သည်ပင်။ ထို့ကြောင့် စိတ်အကြောင်းမှာ သည်းခြေပျက်ခြင်း, လေပျက်ခြင်းတို့၌ ပါဝင်ဆည်ဟု မှတ်အပ်၏။ ထို့ပြင် ရောဂါဖြစ်စေတတ်သည့် အစာကို စားခြင်းသည် အဆိပ်ကို စားခြင်းကဲ့သို့ပင် အနာတရဖြစ်စေသည့် အပြုအမူမျိုးဖြစ်သောကြောင့်ရင်းကိုဥပက္ကမဟုခေါ်သော အနာတရဖြစ်အောင် ပြုလုပ်ခြင်း၌ ပါဝင်သည်ဟု မှတ်အပ်၏။ ထို့ပြင် အိုမင်း ဆွေးမြေ့ခြင်းသည် ဇီရဏတေဇောဟု ခေါ်သော ဥတုကြောင့် ဖြစ်၏။ ထို့ကြောင့် အိုမင်းဆွေးမြေ့ခြင်း ဟူသော ရောဂါဖြစ်ကြောင်းမှာ ဥတုပျက်ခြင်း၌ ပါဝင်သည်ဟု မှတ်အပ်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



## လောဘ, ဒေါသ အပူအပင်ကင်းလျက် ကြည်လင်အေးချမ်းသော စိတ်ကြောင့်မူကား သွေး,လေ,အသွား,အလာ ပျက်ဘွယ်

ဤ အကြောင်းရှစ်ပါးတို့တွင် အကုသိုလ်ကံကြောင့် အနာရောဂါ ဒုက္ခဝေဒနာဖြစ်ရာ၌ အကုသိုလ်ကံကို ပဓာနအကြောင်း ဟူ၍ရင်း, သည်းခြေပျက်ခြင်းစသော တပါးသော အကြောင်းတို့ကလည်း ထို ရောဂါဝေဒနာ ဖြစ်ပွားစေရန် ထိုက်သည် အားလျော်စွာ ပါဝင်အားပေး ထောက်ပံ့ကြသည်ဟူ၍ရင်းမှတ်အပ်၏။ ထို့အတူပင် သည်းခြေပျက်ခြင်း စသော အကြောင်း ၇-ပါးကြောင့် ရောဂါဝေဒနာ ဖြစ်ရာ၌လည်း ထိုအကြောင်း ၇-ပါးကို ပဓာနအကြောင်း ဟူ၍ရင်း, အကုသိုလ်ကံကလည်း အားပေး ထောက်ပံ့သေးသည် ဟူ၍ရင်း မှတ်အပ်၏။ ဤ အကြောင်း ၇-ပါးနှင့်ဆိုင်သော ရောဂါဝေဒနာတို့၌ ကံသည် ပဓာန အကြောင်းမဟုတ်။ "အညီရှိလျှင်-ယင်အုံ" ဆိုသကဲ့သို့ ဥပထမ္ဘက အထောက်အပံ့ အကြောင်းမျှသာ ဖြစ်သောကြောင့် မဖြစ်မီကလည်း ဆေးစသည်ဖြင့် ကာကွယ်နိုင်၏။ ဖြစ်ပြီးမှလည်း ပျောက်အောင် ကုသနိုင်၏။

မရေမတွက်နိုင်သော ဘဝများစွာက ကျင်လည်လာခဲ့သော သတ္တဝါတို့မှာ ထိုသို့သော ရောဂါဝေဒနာကို ဖြစ်စေနိုင်သော အကုသိုလ်ကံမှ လွတ်ကင်းကြမည် မဟုတ်ပေ။ သို့သော် ပျိုပျိုရွယ်ရွယ် သန်စွမ်းနေတုန်းမှာ မေးခွန်း၌ပါသော ရောဂါမျိုး ဖြစ်ရန် များစွာအကြောင်းမရှိပေ။ အိမ်မင်းသော သူမှာမူကား ထိုအိမ်မင်းခြင်းအထောက်အပံ့ကိုရ၍ အားမကြီးလှသော အကုသိုလ်ကံကလည်း ဝင်ရောက်အကျိုးပေးသဖြင့် ထိုသို့သောရောဂါများ ဖြစ်ရသည် ဟူ၍လည်း ယူသင့်၏။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



အကြောင်းမရှိပါ။ အကြောင်းမူကား ဘာဝနာတရားကို ပွား များ အားထုတ်နေသော သူမှာ ဣဒ္ဓိပါဒ်ခေါ် ပြီးမြောက် ကြောင်း တရားလေးပါး ဖြစ်ပွားလျက် ရှိ၏။ ထို ဣဒ္ဓိပါဒ် ၄-ပါးကို ပွားများထားသောပုဂ္ဂိုလ်မှာ တခြား အကြောင်း ကြောင့် ဖြစ်ပေါ်လာသော ရောဂါကိုပင် ပျောက်ကင်းစေ နိုင်ကြောင်း၊ အသက်တမ်းပြည့် ဖြစ်စေ, အသက်တမ်းထက် ကျော်လွန်၍ဖြစ်စေ အသက်ရှည်စွာ တည်နေနိုင်ကြောင်းများကို ဗုဒ္ဓမြတ်စွာဘုရား ကိုယ်တော်တိုင်ပင် အကြိမ်ကြိမ် ဟောထား ပေ၏။ ထိုဟောချက်များနှင့်အညီပင် ယခုခေတ် တရား အား ထုတ်သော သူတို့ထဲမှ အချို့ပုဂ္ဂိုလ်များမှာ နှစ်ပေါင်းများစွာက ဆေးအမျိုးမျိုး ဆရာအမျိုးမျိုးဖြင့် ကုသ၍ မပျောက်နိုင်သော ရောဂါများပင် တရားအားထုတ်ခြင်းဖြင့် အမြစ်ပြတ် ပျောက် ကင်း သွားကြသည်ကိုလည်း တွေ့ရ၏။ အောက်ပါမှာ ဘာဝနာ ဖြင့် အသက်ရှည်နိုင်ကြောင်း ပြသော တရားတော် ဖြစ်သည်။

သော ဣမေသံ စတုန္နံ ဣဒ္ဓိပါဒါနံ ဘာဝိတတ္တာ ဗဟုလီကတတ္တာ အာကင်္ခမာနော ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပါဝသေသံ ဝါ။ ဣဒံ ခေါ ဘိက္ခဝေ ဘိက္ခုနော အာယုသ္မိံ။ (ဒီ ၃-၆၄။)

ထိုရဟန်းသည် ဤဣဒ္ဓိပါဒ်၄-ပါးတို့ကိုပွားစေသောကြောင့် အလိုရှိပါမူ အသက်တမ်းပြည့် (အာယုကပ်ပတ်လုံး) ဖြစ်စေ, အသက်တမ်းထက် ပိုလွန်၍ဖြစ်စေ အသက်ရှည်လျက်ဘည်နေ

http://www.dhammadownload.com



နိုင်၏။ ရဟန်းတို့ ဤဣဒ္ဓိပါဒ် ၄-ပါးသည် ရဟန်း၏ အသက် ဖြစ်ပေသည်။ (ဒီ ၂-မဟာပရိနိဗ္ဗာနသုတ်။ သံ ၃၊ ဣဒ္ဓိပါဒ သံယုတ်တို့၌လည်း အလားတူရှိ၏။)

ထို့ကြောင့် "ဘာဝနာကို အားထုတ်လျက် စိတ်အလုပ် များခြင်းဖြင့် ရောဂါမဖြစ်နိုင်။ ဘာဝနာ အင်အားပြည့်လျှင် ရှိပြီးရောဂါကိုပင် ပျောက်စေနိုင်သေးသည်" ဟု မှတ်အပ်၏။

## အဘယ့်ကြောင့် အသက်ရှည်ကြသလဲ

မေး။ ။(ခ) ဦးကျောက် အလုပ်များစွာ မလုပ်ကြသော ရှရှားတောင်ပိုင်းရှိ လူများစွာတို့သည် အသက် ၁၇၀-၁၈၀ မက ရှည်ကြသည်ဟု (၂၅-၃-၅၇) နေ့ထုတ် မဏ္ဍိုင် သတင်း စာတွင် ဘတ်ရပါသည်။ ၎င်းအသက်ရှည်သူများမှာ အသက် ၁၀၀-ကျော်သော အခါ သွားသစ်များပင် ပြန်လည်ပေါက် လာကြသည်ဟု ဆိုပါသည်။

သရဏာဂုဏ်သုံးပါး မထွန်းကားသော ထို အရပ်ဒေသတွင် ဤမျှလောက် အသက်ရှည်ကြကုန်သော သူတို့သည် အတိတ် ဘဝက မည်ကဲ့သို့သော ကောင်းမှုကံကို ပြုခဲ့ကြပါသနည်း။

ဖြေ။ ။(ခ) စိတ် အလုပ်နည်းသော ရှရှား တောင်ပိုင်း သား အချို့လူများ၏ အသက်ရှည်ခြင်းကို ထောက်၍ ၎င်းတို့မှာ

http://www.dhammadownload.com



စိတ်အလုပ် နည်းသောကြောင့်သာ အသက် ရှည်ကြသည်ဟု ယူဆလျှင် ၎င်းယူဆချက်ကို အပြည့်အစုံ မှန်သည်ဟု မဆိုနိုင်ပါ။ အကြောင်းမှာ စိတ်အလုပ် နည်းရုံမျှဖြင့် အသက်ရှည်မည်ဆိုလျှင် ဗမာပြည်ထဲမှာလည်း ချင်း၊ ကချင် ဒေသက အချို့လူများမှာ စိတ်အလုပ်ဆိုလျှင် လုပ်စရာမရှိသလောက်ပင် နည်းပါးကြ၏။ သို့သော်လည်း ထိုဒေသကလူများမှာ ထူးထူးခြားခြား အသက် ရှည်ကြောင်း မကြားရဘူးပေ။ ထို့ပြင် ဗမာပြည်၌ အသက် တရာနီးပါးနှင့် တရာကျော်တိုင်အောင် ထူးထူးခြားခြား အသက် ရှည်သူတို့ကို မေးမြန်း စုံစမ်းကြည့်လျှင် ထိုသူတို့၏ မျိုးရိုးကိုက အသက်ရှည်မျိုး ဖြစ်နေသည်ကို တွေ့ရတတ်၏။ မျိုးရိုး၏ သက်တမ်းမှာ ပြဋ္ဌာန်း၏။ ဗုဒ္ဓမြတ်စွာဘုရား တို့၏ ကံသော်မှ ၎င်းမျိုးရိုး၏ အသက်တမ်းကို မလွန်ဆန်နိုင်ကြောင်း အောက်ပါအတိုင်း ပြထားသည်ကို တွေ့ရ၏။

သဗ္ဗေပိ ဗောဓိသတ္တာ မေတ္တာပုဗ္ဗဘာဂေန သောမနဿ သဟဂတ ဉာဏသမ္ပယုတ္တ အသင်္ခါရိက စိတ္တေန မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိံ ဂဏှိံသု၊ တေန စိတ္တေန ဂဟိတပဋိသန္ဓိယာ အသင်္ချေယျံ အာယု၊ ကာလ္မာ ပန တေ အသင်္ချေယျံ န အဋ္ဌံသု။ ဥတုဘောဇနဝိပတ္တိယာ။ ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ ဝဍ္ဎတိပိ။ ပ။ တတ္ထ ယံ ယံ အာယုပရိမာဏော မနုဿော ဗုဒ္ဓါ နိဗ္ဗတ္တန္တိ၊ တေသမ္ပိ တံ တဒေဝ အာယုပရိမာဏံ ဟောတိတိ ဝေဒိတဗ္ဗံ။

ဆင္ဂမအကြိမ်

http://www.dhammadownload.com



အလုံးစုံသောနောက်ဆုံးဘဝဘုရားအလောင်းတော်တို့သည် ခမတ္တာချောန်၏ ရှေ့သွားဖြစ်၍ သတ္တဝါတို့အား ချမ်းသာစေလိုသောဥာဏ်ဖြင့် ယှဉ်လျက် ရွှင်လန်းထက်သန်သော စိတ်ဖြင့် ခယ်တော်၏ဝမ်း၌ ပဋိသန္ဓေစွဲယူကုန်၏။ ထိုစိတ်ဖြင့် ပဋိသန္ဓေ စွဲယူသောသူ၏ အသက်သည် အသခေ့ါ်ရှည်နိုင်၏။ သို့ဖြစ်လျှင် ထိုဘုရားအလောင်းများကပင် ဖြစ်သွားသော ဘုရားတို့သည် အဘယ်ကြောင့် အသက်အသခေ့ါ် မတည်နေကုန်သနည်းဟူမူ ထိုထိုခေတ်ကာလ၌ဖြစ်ပေါ်လျက်ရှိသော ဥတုနှင့်အာဟာရတို့၏ ချို့တဲ့ခြင်းကြောင့် မတည်နေကုန်သတည်း။ မှန်ပေ၏။ ထိုထို ခေတ်ကာလ၌ ဖြစ်ပေါ်လျက်ရှိသော ဥတုနှင့် အာဟာရတို့၏ အာနုမ်းကြောင့် ထိုထိုခေတ်ကာလ လူတို့၏ အသက်တမ်းသည် ဆုတ်သည်လည်းရှိ၏။ တိုးသည်လည်းရှိ၏။ ပ။ ထိုသို့ဆုတ်လျက် တိုးလျက်ရှိသော အသက်တမ်းတို့တွင် အကြင်အကြင် အသက်တမ်းရှိသောသူတို့၌ ဗုဒ္ဓမြတ်စွာဘုရားတို့ ဖြစ်ပေါ်လာလျှင် ထိုဘုရားတို့၏ အသက်သည်လည်း လူတို့၏ ထိုထိုအသက်တမ်း အတိုင်းပင်ဖြစ်သည်ဟု သိအပ်၏။ (ဘာသာပြန်)

"အထက်ပါ အဋ္ဌကထာကို ထောက်ဆကြည့်လျှင်လည်း မျိုးရိုး၏အသက်တမ်းမှာ အသက်တိုခြင်း ရှည်ခြင်း၏ ပဓာန အကြောင်းဖြစ်သည်"ဟု သိရ၏။

ထို့ပြင် ဗုဒ္ဓတရားတော်အရအားဖြင့် တဖန်ပြန်၍ လူဖြင် ထိုက်သည့် ကံရှိသူမှာ သေခါနီး၌ စိတ်ညွတ်လျှင် အနောက်

http://www.dhammadownload.com



နိုင်ငံမှလူကလည်း အရှေ့နိုင်ငံများ၌ ဖြစ်နိုင်၏၊ အရှေ့နိုင်ငံမှလူကလည်းအနောက်နိုင်ငံများ၌ ဖြစ်နိုင်၏။* ထို့ပြင် ဗုဒ္ဓဘာသာ မထွန်းကားသောနိုင်ငံကလူများသည်လည်း လူအချင်းချင်းကူညီစောင့်ရှောက်သောအားဖြင့် အသက်ရှည်ကြောင်း ကောင်းမှုကို ပြုနေကြသည်မှာ များစွာပင်ရှိ၏။

ထို့ပြင် "ပစ္စုပ္ပန်ဘဝ၌ပြုသော ကောင်းမှုကြောင့် အသက်ရှည်သည်" ဟု ပြဆိုသော ဗုဒ္ဓဘာသာ တရားတော်မှာလည်း

---

* ဗုဒ္ဓသာသနာဝင် မဟုတ်သောသူမှာလည်း လူပြန်ဖြစ်ရန်အတွက် ရှေးရှေးဘဝများက ပြုဘူးသော ဒါန၊ သီလစသော ကုသိုလ်ကံများ ရှိနိုင်၏။ ယခု ပစ္စုပ္ပန် ဘဝ၌လည်း မိတ်ဆွေများ ဉာတိသည်များ ဆင်းရဲသူများ စသည်တို့အား ပေးကမ်းခြင်း ကျွေးမွေးခြင်း, အချင်းချင်း စောင့်ရှောက်ခြင်း, အကျိုးများ အောင်ညွှန်ကြားခြင်း, ဆောင်ရွက်ခြင်း, ဆေးရုံ, စာသင်ကျောင်း စသည် ဆောက်လုပ်လှူခြင်း, ၎င်းတို့အတွက် ရံပုံငွေ ထည့်ဝင်လှူဒါန်းခြင်း, လူကိုသတ်ခြင်း နှိပ်စက်ခြင်းမှ ကြဉ်ရှောင်ခြင်း, တိရစ္ဆာန်ကို သတ်ခြင်း, နှိပ်စက်ခြင်းမှ ကြဉ်ရှောင်ခြင်း, ခိုးမှု— လိမ်မှုတို့မှ ကြဉ်ရှောင်ခြင်း, အသက်ကြီးသူနှင့် ဆရာတို့အား ရိုသေခြင်း ဤသို့စသော ကောင်းမှုများသည် ဗုဒ္ဓသာသနာဝင် မဟုတ်သော သူတို့အားလည်း ထိုက်သည့်အားလျော်စွာရှိကြ၏။ ထိုကောင်းမှုများကြောင့် လူလည်း ပြန်၍ဖြစ်နိုင်၏။ နတ်လည်း ဖြစ်နိုင်၏။ သို့သော် ကံကံ၏အကျိုးကို ယုံကြည်သိမြင်၍ပြုသော ကုသိုလ်မဟုတ်လျှင် ဉာဏဝိပ္ပယုတ်ဉာဏ်နှင့် မယှဉ်သောကုသိုလ် ဖြစ်သောကြောင့် ထိုကုသိုလ်ဖြင့်ဖြစ်လာသောလူ့ဘဝနတ်ဘဝ၌ မဂ်ဖိုလ်ကိုကား မရနိုင်ပေ။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ပဋိသန္ဓေအကျိုးပေးလိုက်သည့် မူလကံ၏ အစွမ်းအားလျော်စွာ အသက်တမ်းပြည့် ရှည်ခြင်းကိုသာ ဆိုလို၏။ ထိုကံ၏အစွမ်းထက် ပိုလွန်၍ အသက်ရှည်သည်ကိုကား ဆိုလိုသည်မဟုတ်။ ဥပမာ မူလကံက အသက်တရာ ရှည်အောင် အကျိုးပေးထားလျှင် ပစ္စုပ္ပန်ကံက ကြားထဲ၌ တစုံတရာအန္တရာယ် မကျရောက်စေဘဲ ထိုအသက်တရာပြည့်အောင် အသက်ရှည်စေရန် ကူညီအားပေးသည်ဟု ဆိုလို၏။

သို့ဖြစ်၍ ယခုပြခဲ့သော အကြောင်းအားလုံးကို ထောက်ဆသောအားဖြင့် "ဗုဒ္ဓဘာသာ မထွန်းကားသော နိုင်ငံများ၌ တဦးတလေ ထူးထူးခြားခြားအသက်ရှည်ကြသည်မှာရှေးဘဝက ပြုခဲ့သော ကံနှင့်လည်းဆိုင်သည်၊ မျိုးရိုး၏အသက်တမ်းနှင့်လည်း ဆိုင်သည်၊ ဥတု,အာဟာရ နေထိုင်မှုတို့နှင့်လည်း ဆိုင်သည်၊ စိတ်ပူပန် ပင်ပန်းမှု နည်းပါးခြင်းနှင့်လည်း ဆိုင်သည်" ဟု မှတ်ယူသင့်၏။ "ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်ဖြစ်ပါမူ ရတနာသုံးပါးနှင့်စပ်သော ကုသိုလ်နှင့်လည်း ဆိုင်သည်"ဟု မှတ်ယူသင့်၏။

မေးခွန်း အမှတ် ၃-အဖြေ ပြီး၏။

ဘဝပြဿနာ အဖြေ အားလုံး ပြီးပြီ။

http://www.dhammadownload.com

# ဘဝပြဿနာ နောက်ဆက်တွဲ

အမှာစကား=ဒေါက်တာ ဦးမြင့်ဆွေ ထပ်မံလျှောက်ကြားသော ငါးပါးသီလဆိုင်ရာ ပြဿနာများကို အသီးအသီး ဖြေရှင်းထားပါသည်။

## ၁။ ပါဏာတိပါတဆိုင်ရာ (က) မေးခွန်း

ဆရာဝန်များသည် လူနာများအား အသက်ဘေးမှ ချမ်းသာရအောင် ကယ်ဆယ် ပေးနေကြသူများ ဖြစ်ကြပါသည်၊ ဆရာဝန်ကောင်း မှန်သမျှ မိမိတို့ ကုသပေးလျက် ရှိနေသော လူနာကိုပျောက်ကင်း သွားအောင် ကုသပေးချင်ကြပါသည်၊ သို့သော် လူသားများဖြစ်ကြသော ဆရာဝန်များသည် ရောဂါတိုင်းကို ပျောက်ကင်းအောင် ကုသမပေးနိုင်ကြပါ။

ကုသ၍မရသော ရောဂါအမြောက်အမြား ရှိနေကြပါသေးသည်၊ ရောဂါကြောင့် သေဆုံးကြတော့မည် ဖြစ်သော်လည်း ချက်ချင်း မသေနိုင်သေးသူများ၊ ရောဂါကြောင့် လူစဉ်မမှီဘဲ လူချင်းသူချင်းမတူ ဖြစ်နေကြသူများ ရှိကြပါသည်။

ထိုသနားဘွယ်ရာ ဂိလာန (ဝါ) ဒုက္ခိတများတို့သည် လူ့လောကထဲ၌ အသက်ရှင်နေခြင်းအားဖြင့် ဆန်ကုန်မြေလေးများ ဖြစ်ကြသည်ဟု ယူဆသူများရှိကြသည်။

ဆင့်မအကြိမ်

http://www.dhammadownload.com



ထိုသနားဘွယ်ရာ ဂိလာနများကို ကမ္ဘာ့အရပ်ရပ်ရှိ ဆရာဝန် အချို့သည် ကရုဏာတရား ရှေ့ထားပြီး လူမမာ၏ဘဝကို နိဂုံးချုပ်ပစ်လိုက်ခဲ့လျှင် ထိုသို့ ပြုလုပ်သော ဆရာဝန်မှာ ပါဏာတိပါတကံ ထိုက်ပါမည်လား၊ သို့မဟုတ် အပြစ်ကင်းပါမည်လား။

ကုသ၍မရသဖြင့် ဘဝကိုနိဂုံးချုပ်အောင် လုပ်လိုက်သည်ကို Euthanasia ဟု ခေါ်ပါသည်။

ယင်းသို့ ကရုဏာစိတ် ရှေ့ထားပြီး ပြုလုပ်သော ဘဝနိဂုံးချုပ်(ယူသာနေးစီးယား)အပြုအမူကို ကျင့်သုံးမိခဲ့သူများ ကျင့်သုံးသူကိုကြိုက်၍ လက်ခံသူများရှိသလို မကြိုက်၍ အပြစ်ပြောသူများ ရှုတ်ချသူများလည်း ရှိကြပါသည်။ ယင်း ယူသာနေးစီးယားကို ပြုလုပ်ပေးလိုက်ခြင်းသည် အချိန်မတိုင်မီ သေဆုံးသွားအောင် ပြုလုပ်လိုက်ရာ မရောက်ပါလော။

ယင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဥပမာ ထုတ်ပြရလျှင် ကင်ဆာ ရောဂါကဲ့သို့ ကုသ၍ မပျောက်နိုင်တော့ဘူးဟု သိရလျှင် ထိုသို့သော ရောဂါရှိသည့် လူနာဖြစ်သူက "သေဆေးကိုသာ ထိုးပေးပါတော့ ဆရာ့မှာ အပြစ်မရှိပါဘူး"ဟု (လူမမာကိုယ်တိုင်က) ပြောသည့်အတွက် ထိုသို့သောဆေးကို ထိုးပေးလျှင် စေတနာ အစစ်အမှန်ရှိသူ ဆရာမှာ ပါဏာတိပါတကံ ထိုက်ပါသလား။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



## (က) မေးခွန်း၏ အဖြေ

ကရုဏာစိတ် ရှေ့သွား၍ လူမမာအား သေဆေး ပေးရန် တောင်းပန်သူ သေဆေးပေးသူတို့ နှစ်ဦးလုံးမှာပင် မူလရင်း သေချိန်ထက် စော၍ သေစေသောကြောင့် ပါဏာတိပါတကံ ထိုက်သည်သာ၊ ဤကား အကျဉ်းချုပ်အဖြေဖြစ်သည်။ အကျယ်မှာ အောက်ပါအတိုင်းပင်။

သေလုနီးပါး အပြင်းအထန် ရောဂါဝေဒနာ ခံစားနေရသူကို တွေ့မြင်ရလျှင် အလွန်ပင် သနားဘွယ်ကောင်း၏၊ မြန်မြန် သေသွားလျှင် ဆင်းရဲမှ မြန်မြန်လွတ်ကင်း၍ ချမ်းသာသွားလိမ့်မည်ဟု ထင်ရတတ်၏၊ သို့သော် သေပြီးလျှင် ချမ်းသာလိမ့်မည် ထင်ချက်မှာ ကေန်မှန်သည်ဟု မဆိုနိုင်ပေ။ ဤအချက်ကို ပေတ၀တ္ထုပါဠိ အဋ္ဌကထာတို့၌ ပြဆိုထားသော အမ္ဗသက္ကရ ၀တ္ထုလာစကားဖြင့် ဆင်ခြင် ဆုံးဖြတ်နိုင်ပါသည်။

### အမ္ဗသက္ကရ၀တ္ထု အကျဉ်းချုပ်

မြတ်စွာဘုရား လက်ထက်တော်ကာလက ဝေသာလီမြို့၌ ကုန်သည် တယောက်ရှိ၏၊ ယင်းကုန်သည်သည် သူ့ဆိုင်ရှေ့ ရွှံ့ဗွက်၌ သွားလာသူတို့ ချမ်းသာစေရန် နွားခေါင်းရိုးတခုကို တံတားသဖွယ် ခြေနင်းစရာပြု၍ ခင်းပေးထား၏၊ တနေ့သောအခါ သူ့တူက ခိုးယူလာခဲ့သော ပစ္စည်းကို လက်ခံထားမိ သဖြင့် ရာဇ၀တ်မှုသင့်၍ သေဒဏ် အပြစ်ပေးခံရလေသည်။

ဆင့်မအကြိမ်

http://www.dhammadownload.com



သေပြီးသောအခါ ဘုမ္မစိုးဟုခေါ်သော မြေတည်နတ် ဖြစ်ရ၏၊ ထိုသို့နတ်ဖြစ်ရခြင်း၏ အကြောင်းမှာ နွားခေါင်းရိုးဖြင့် တံတားခင်းပေးဘူးသော ကုသိုလ်ကြောင့်ဖြစ်သည်၊ ထိုကုသိုလ်ကြောင့် စီးနင်းရန် မြင်းဖြူကိုလည်းရ၍ ယင်းမြင်းဖြူကိုစီး၍ လျှက် အလိုရှိရာ သွားလာနိုင်ပေသည်၊ မြင်းဖြူရှင်နတ်ဟူ၍လည်းခေါ်သင့်ပေ၏။ သို့သော် ယခင်ကုန်သည်ဘဝတုန်းက သူငယ်ချင်းဖြစ်သူ ရေချိုးနေစဉ်မှာ ယင်း သူငယ်ချင်း၏ လုံချည် အဝတ်များကို ကျီစားသည့်အနေဖြင့် ဝှက်ထား ခဲ့ဘူးသောကြောင့် ယင်း မြင်းဖြူရှင်နတ်မှာ အဝတ်မရှိဘဲ ကိုယ်တုံးလုံးဖြစ်၍ နေရရှာလေသည်။

ထိုကုန်သည်၏တူမှာမူ ခိုးမှုကြောင့် တံကျင်လျှို ခံရလျက်ရှိနေ၏၊ မြင်းဖြူရှင်နတ်သည် တံကျင်လျှို ခံနေရသော သူ့တူဆီသို့ ညဉ့်သန်းကောင်ယာမ်အချိန်၌ လာရောက်၍ "လူကလေး အသက်ရှင်နေရန် ကြိုးစားပါ၊ အသက်ရှင်နေတာက သေတာထက် ကောင်းပါသည်"ဟု အားပေးစကား ပြောကြားနေ၏၊

တံကျင်တံစို့ဖြင့် အထိုးခံရ၍ အလွန် ဆင်းရဲနေသူအား အသက်ရှင်နေရန် ဘာကြောင့် အားပေးရသနည်းဟူမူ— ယင်း တံကျင်အလျှိုခံနေရသူမှာ သေပြီးလျှင် ငရဲသို့ရောက်ကာသာ၍ ဆင်းရဲဒုက္ခရောက်ရမည်ကို နတ်က သိမြင်သောကြောင့် ထိုသို့ အားပေးစကား ပြောကြားသည်ဟု ဆို၏။

ထိုစဉ်ကာလက အမ္ဗသဋ္ဌရမည်သော လိစ္ဆဝီမင်းသည် "ကံ ကံ၏အကျိုးမရှိ၊ နောင်ဘဝမရှိ"ဟု အယူမှားလျက်ရှိ၏၊ ထိုမင်း

http://www.dhammadownload.com



သည်လည်း အကြောင်း တခုကြောင့် ထိုနတ်ကိုတွေ့ရန် ညဉ့်အခါ စောင့်ကြည့်နေသဖြင့် တွေ့ရ၍ အကြောင်းအရာများကို မေးမြန်းပြီးလျှင် ထိုမြင်းဖြူရှင်နတ်၏ ညွှန်ကြားချက် အရ ကပ္ပိတကမည်သော မထေရ်ထံသို့သွား၍ အဝတ်အထည်များကို လှူပြီးလျှင် ထိုမြင်းဖြူရှင်နတ်အား အမျှပေးဝေ၏၊ အမျှပေးဝေလိုက်သည်နှင့်တပြိုင်နက် ထိုမြင်းဖြူရှင်နတ်မှာ အဝတ်အထည်များကို ဝတ်ဆင်လျက် ချမ်းသာစွာ ဖြစ်သွားသည်ကိုလည်း ထိုလိစ္ဆဝီမင်းသည် မျက်မြင်တွေ့ရလေ၏၊ ထိုသို့ မြင်တွေ့ရသောကြောင့် ထိုလိစ္ဆဝီမင်းသည် ကံ ကံ၏အကျိုးကြီးကြောင်း၊နောင်ဘဝ ရှိကြောင်းများကို ယုံကြည်ပြီးလျှင် ထိုကပ္ပိတက မထေရ်ထံမှာပင် တရားနာလျက် နှလုံးသွင်း ရှုမှတ်သဖြင့် သောတာပန် ဖြစ်သွားသည် ဟူ၍၎င်း၊ တံကျင်လျှို ခံနေရသော သူကိုလည်း တံကျင်မှ လွှတ်စေပြီးလျှင် ဆေးကုပေးသဖြင့် ကျန်းမာသွားသောအခါ ထိုသူငယ်သည် ကပ္ပိတက မထေရ်ထံ၌ ရဟန်းပြု၍ တရားကျင့်သဖြင့် မကြာမီပင် ရဟန္တာ ဖြစ်သွားသည်ဟူ၍၎င်း ပေတဝတ္ထုပါဠိ အဋ္ဌကထာ တို့၌ ပြဆိုထားသည်။

အထက်ပါဝတ္ထုဖြင့် ကောက်ချက်ချရလျှင် "မြန်မြန်သေရုံမျှဖြင့် ဆင်းရဲမှုလွတ်လိမ့်မည်"ဟု ယူဆချက်မှာ ကေန်မဟုတ်ကြောင်း မသေချာလှကြောင်း ထင်ရှားသိရပေသည်။အကယ်၍ သေပြီးနောက် လူ့ချမ်းသာဘဝ နတ်ချမ်းသာဘဝသို့ ရောက်လျက် ကေန်ပင် ချမ်းသာသွားမည် ဖြစ်စေကာမူ၊ ပါဏာတိပါတကံအရာ၌ သူ့သဘာဝအတိုင်း သေရမည့်အချိန်ထက်

—— ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



စော၍ သေစေလျှင်၊ သေအောင်ပြုလျှင် (ပါဏ- သတ္တဝါကို၊ အတိပါတ- သေချိန်ထက်လျင်စွာသေစေသောကြောင့်)သတ်ရာ ရောက်၍ သတ်မှု ပါဏာတိပါတကံ ထိုက်သည်သာဖြစ်ပေသည်။ အဘယ်ကြောင့်ဆိုသော်—

ဆင်းရဲဒုက္ခခံနေရသည်ကို တွေ့မြင်ရ၍ သနားသောကုသိုလ် စေတနာ, ဆင်းရဲမှ လွတ်စေလိုသော ကုသိုလ်စေတနာတို့က ရှေးအဖို့၌ ဖြစ်ခဲ့ငြားသော်လည်း၊ နောက်ဆုံး၌ သေစေလိုသော စေတနာဖြင့် သေဆေးကို ပေးခြင်းကြောင့်ပင်တည်း။

## ဝိနည်းပါဠိတော်မှ အလားတူဝတ္ထု

အလားတူဝတ္ထုကို ထုတ်ပြရလျှင် ဝိနည်းပိဋကပါရာဇိကဏ်ပါဠိတော် စာမျက်နှာ ၁၀၀—၌ ပြဆိုထားသည်မှာ—ပြင်းထန်သောရောဂါဖြင့် နာနေသော ရဟန်းတပါးအား အခြားရဟန်းများက သေခြင်း၏ ကျေးဇူးကို သနားသဖြင့် ချီးမွမ်းပြောကြားကြ၏။ ထိုနာနေသော ရဟန်းသည် ထိုရဟန်းတို့၏ ချီးမွမ်းပြောဆိုချက်ကို သဘောကျ၍ မြန်မြန်သေစေရန် အစာ မစားဘဲနေသဖြင့် သေဆုံး ပျံတော်မူလေ၏။ ထိုအခါ သေခြင်း၏ ကျေးဇူးကို ချီးမွမ်းမိသော ရဟန်းတို့မှာ သေအောင် တိုက်တွန်းရာရောက်၍ ပါရာဇိက အာပတ်သင့်လေသလောဟု ယုံမှား သံသယ ဖြစ်ကြ၏၊ မြတ်စွာဘုရားရှင်က ထိုရဟန်းတို့မှာ ပါရာဇိကအာပတ်သင့်ကြောင်း အဆုံးအဖြတ်ပေးတော်မူလေသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဤ၀တ္ထု၌ အသည်းအထန်နာနေသောရဟန်းအား သနား သဖြင့် "အသက်ရှင်နေသည်ထက် သေခြင်းက ကောင်း ကြောင်း" ချီးမွမ်းပြောဆိုကြသော ရဟန်းတို့မှာ ရှေးအဖို့က သနားသောစိတ်ဖြစ်ခဲ့လေသည်၊ နောက်အဖို့၌မူသေစေလိုသော စိတ်ဖြစ်ခဲ့၏၊ သို့သော်လည်း သနားသောစိတ်က ထင်ရှား သောကြောင့် လောက ဝေါဟာရအားဖြင့် "(ကာရုညေန) သနားသဖြင့် ချီးမွမ်းပြောဆိုသည်" ဟု ပါဠိ၌ ဆိုထား ကြောင်း၊ သို့သော် သေစေလိုသော စိတ်ဖြစ်ခိုက်၌မူ ထိုသနား ကရုဏာစိတ်မရှိကြောင်းကို အဋ္ဌကထာ ဋီကာတို့၌ဖွင့်ပြထားကြ ပေသည်။

ယခု ဒေါက်တာ ဦးမြင့်ဆွေ၏ မေးခွန်း၌လည်း သနား သောစိတ် ဖြစ်သည်မှာ ထင်ရှားပေ၏၊ သေစေရန်ဆေးကို ပေးဆဲနောက်ဆုံးအချိန်၌မူ ထိုသနားသောစိတ် မရှိတော့ပဲ သေစေလိုသောစိတ်သာရှိသည်၊ သို့သော် ထိုသေစေလိုသော စိတ်က မထင်ရှားသကဲ့သို့ ဖြစ်နေ၏၊ သေသေချာချာစဉ်းစား ကြည့်လျှင်မူကား သေစေလိုသည့် စိတ်ရှိကြောင်း ထင်ရှား သည်သာ၊ ထိုစိတ်မရှိလျှင် သေစေတတ်သောဆေးကို ပေး ခြင်းပင် မဖြစ်နိုင်သည်သာ။ သို့ရာတွင် သနားသောစိတ်နှင့် သေစေလိုသောစိတ်ကို ခွဲခြားသိရန်သာမန်ပုဂ္ဂိုလ်တို့မှာ ခဲယဉ်း လှ၏၊ သနားသောစိတ်မှာ ကရုဏာနှင့်ယှဉ်သော ကုသိုလ်စိတ် ဖြစ်သည်၊ သေစေလိုသော စိတ်မှာ ဒေါသနှင့် ယှဉ်သော အကုသိုလ်စိတ်ဖြစ်သည်၊ သေစေဟု နှလုံးသွင်းသည်မှာ ဒေါသ ပင်တည်း၊ ထို့ကြောင့် ရှေးအဖို့က မည်သို့သော ကုသိုလ်စိတ်

http://www.dhammadownload.com



များ ရှိစေကာမူ နောက်ဆုံး၌ သေစေလိုသောစိတ်ဖြင့် သေစေရန် ပြုမိပြောမိခြင်းသည် ဤပါဏာတိပါတကံအရာ၌ လိုရင်း ဖြစ်ပေသည်။ အောက်ပါမှာ အဋ္ဌကထာတို့၌ ပြဆိုထားသော သတ်မှုမြောက်ကြောင်း အင်္ဂါငါးပါး ဖြစ်သည်။

(၁) ပါဏော-သတ္တဝါဟုတ်ခြင်း၊
(၂) ပါဏသညိတာ-သတ္တဝါဟု အမှတ်ရှိခြင်း၊
(၃) ဝဓကစိတ္တံ-သတ်လိုသော စိတ်- သေစေလိုသောစိတ် ရှိခြင်း၊
(၄) ဥပက္ကမော-သေစေရန် ပြုလုပ် ပြောဆိုခြင်း၊
(၅) တေန မရဏံ- ထိုပြုလုပ်ပြောဆိုမှုကြောင့် သေခြင်း-

ဆိုသည့် ဤအင်္ဂါငါးပါး ညီညွတ်လျှင် သတ်မှု ပါဏာတိပါတကံ ထိုက်သည်ဟု ကိန်းသေမှတ်ရန် သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ (နှာ-၆၉) စသည်တို့၌ ပြဆိုထားသည်။

သို့ဖြစ်၍ သနားသောစိတ်ဖြင့် သေစေရန် ပြောဆိုတောင်းပန်ချက်အရ ဒေါက်တာက သေစေတတ်သော ဆေးကို တိုက်ကျွေး ထိုးပေးသဖြင့် လူမမာသေသွားလျှင် တောင်းပန်သူများရော ဒေါက်တာရော ပါဏာတိပါတကံ ထိုက်သည်၊ သားသမီးတို့၏ တောင်းပန်ချက်အရဖြင့် မိခင်ဖခင်ဖြစ်သူ သေသွားလျှင် ယင်းသားသမီးတို့မှာ မာတုဃာတကကံ ပိတုဃာတကကံဟု ဆိုအပ်သော အာနန္တရိယကံကြီးလည်း ထိုက်၏။ အလွန် ဝန်လေးစွ၊ အထူးသတိပြု၍ ကြဉ်ရှောင်သင့်ပါသည်။

(က) မေးခွန်း၏ အဖြေ ပြီး၏။

http://www.dhammadownload.com



## ပါဏာတိပါတဆိုင်ရာ (ခ) မေးခွန်း

သိပ္ပံပညာရှင်များသည် ဆိုင်ရာပညာရပ်များ တိုးတက်ရေးနှင့် လူသားတို့၏ အကျိုး ဖြစ်ထွန်းရေးကို ရှေးရှုလျက် ပါနဗေဒ၏ လိုင်းခွဲဖြစ်သော သတ္တဗေဒ ( Zoology ) ဆေးဝါးများ၏ အာနိသင်ရှိ,မရှိကိုလေ့လာပြီး သုတေသန ပြုကြရာတွင် မျောက်, ပူး, ယုန်, ငှက်အမျိုးမျိုးနှင့် အခြား သတ္တဝါများကို လေ့လာစမ်းသပ်ကာ သတ်ဖြတ် နေကြရပါသည်။ ဓာတ်ခွဲခန်းတွင် စမ်းသပ်ကြသည့်အလျောက် သိပ္ပံပညာနှင့် ဆေးပညာမှာ တနေ့တခြား တိုးတက်လာပါသည်။ ယင်းကဲ့သို့ စမ်းသပ်ခဲ့ကြရာတွင် များစွာသော လူသား များမှာ ထင့်ထင်ရှားရှားကြီး အကျိုး ဖြစ်ထွန်းကြရပါသည်။ ထိုသို့အကျိုးများအောင် စမ်းသပ် လေ့လာသောသူတို့သည် လူတို့၏ကောင်းကျိုးကို များစွာ ဆောင်ရွက်ခဲ့ကြသလိုပင် ပါဏာတိပါတကံကို ပြုလုပ်ကြရသည့်အတွက် သူတို့၏ မကောင်းကျိုးအပြစ်များကိုလည်း ပြုလုပ်ရာရောက်နေပါသည်။ သို့ဖြစ်ရာတွင် သူတို့အတွက် ကုသိုလ်နှင့် အကုသိုလ် မည်သည်က သာလွန်နေပါသနည်း။

## (ခ) မေးခွန်း၏ အဖြေ

နောင်လာ နောက်သားတို့အား အကျိုးများစေရန် နည်းလမ်းကောင်းများကို တီထွင်ပေးခဲ့ဘူးသည့် အတွက် မည်ကဲ့သို့သော ကောင်းကျိုးများကို ရသည်ဟု ပြဆိုထားသော သက်သေသာကေတ္တုများ ပြောပြလောက်အောင် ထင်ရှား မရှိပေ၊

http://www.dhammadownload.com



သတ္တဝါတို့ကိုသတ်၍ နှိပ်စက်၍ စမ်းသပ် လေ့လာဆဲမှာလည်း အများ၏ အကျိုးကို ဖြစ်စေလိုသောစိတ်ထက် နှိပ်စက် သတ်ဖြတ်လိုသောစိတ်နှင့် မိမိလုပ်ငန်းအတွက် အောင်မြင်စေလိုသော စိတ်များကသာ ထက်သန်များပြားစွာ ဖြစ်လျက် ရှိပေလိမ့်မည်။ ထို့ကြောင့် ကောင်းကျိုးကိုပေးနိုင်သည့် ကုသိုလ်စိတ်မှာ နည်းပါးဘွယ် ရှိပါသည်။ မကောင်းကျိုးပေးမည့် အကုသိုလ်စိတ်တို့ များပြားစွာ ဖြစ်သည်မှာ ထင်ရှားလှပါသည်။

ဤအဆုံး့ကိုယ်ချင်းစာတရားဖြင့်စဉ်းစားကြည့်လျှင် ပြုသင့်သော အမှု ဟုတ်မဟုတ် ထင်ရှားပေါ်လာနိုင်ပါသည်၊ တစုံတယောက်သောသူက မိမိကိုယ်ကို ခွဲစိတ်သတ်ဖြတ်၍ အများအကျိုးအတွက် ပြုလုပ်မည်ဆိုလျှင် မည်သူမှ လက်ခံနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ထိုသို့ စမ်းသပ်ရာ၌ မကောင်းကျိုးဖြစ်စေမည့် အကုသိုလ်ကံက များကြောင်း ထင်ရှားပါသည်။

(၁) မေးခွန်း၏အဖြေ ပြီး၏။

---

## ပါဏာတိပါတကံဆိုင်ရာ (၈) မေးခွန်း

တရားအားထုတ်၍ ဝိပဿနာဉာဏ် ပြည့်စုံလောက်ပြီဟုယူဆရသော ပုဂ္ဂိုလ်များသည် သတ္တဗေဒ ပညာရပ်ကို သင်ကြားလေ့လာရပါမူ သတ္တဝါကို သတ်လိုစိတ် မရှိသော်လည်း မလွှဲမရှောင်သာသောကြောင့် သတ္တဝါ အမျိုးမျိုးကို ခွဲစိတ်လျက် လေ့လာ စမ်းသပ်ကြရပါသည်။ ထိုသို့ လေ့လာစမ်းသပ်ကြရာတွင် အစမ်းသပ်ခံရသည့် သတ္တဝါကို နာကျင် စေသည့်ပြင်

http://www.dhammadownload.com



သေလည်း သေစေနိုင်ပါသည်။ ယင်းသို့ နာကျင်စေ သေစေသော အကုသိုလ်ကံကို အကျိုး မပေးအောင် ဝိပဿနာက တားဆီးပိတ်ပင် နိုင်ပါမည်လား။

## (ဂ) မေးခွန်း၏ အဖြေ

မြတ်စွာဘုရား လက်ထက်တော် ကာလက ရာဇဂြိုဟ်မြို့၌ တမ္ဗဒါဌိက မည်သော သူသတ်အရာရှိတယောက် ရှိခဲ့၏။ ၅၅-နှစ်ပတ်လုံး သေဒဏ်သင့်သူတို့ကို သတ်ခဲ့၏၊ ထိုရာထူးမှ ထွက်ရသည့်နေ့မှာ အရှင် သာရိပုတ္တရာ၏ တရားကိုနာ၍ ဝိပဿနာဉာဏ်၏ အထွတ်အထိပ်သို့ ရောက်ပြီးနောက် မကြာမီအတွင်းမှာပင် နွားမဝှေ့သတ်ခံရ၍ သေသွား၏၊ သေပြီးသော အခါ တုသိတာနတ်ပြည်သို့ ရောက်သွားသည်ဟု ဆို၏။

ထိုဝတ္ထု၌ ၅၅-နှစ်ပတ်လုံး ခိုးသူများကိုသတ်ခဲ့သော အကုသိုလ်ကို သေခါနီး၌ပွားစေသော ဝိပဿနာကုသိုလ်က တားဆီးပိတ်ပင်သောကြောင့် ယင်းအကုသိုလ်ကံများက အကျိုးပေးခွင့် မရတော့ဘဲ ဝိပဿနာကုသိုလ်ကြောင့် တုသိတာနတ်ဘုံ၌ ဖြစ်ရကြောင်း သိရပေ၏။

သို့သော် ဝိပဿနာအလုပ် အားထုတ်ပြီးသည့် နောက်မှ ပြုလုပ်သော အကုသိုလ်ကံကို ရှေးကပွားစေခဲ့သော ဝိပဿနာက ဘားမြစ်ကြောင်းကိုကား ပြဆိုချက် မရှိပေ။ ဝိပဿနာဉာဏ် အလုံးစုံပြည့်စုံ၍ သောတာပတ္တိမဂ်သို့ ရောက်လျှင်မူကား ပြုဘူးသော အကုသိုလ်ကံများကလည်း အပါယ်ဘဝသို့ မပစ်ချနိုင်၊

http://www.dhammadownload.com



နောက်ထပ်လည်း အပါယ် ကျစေနိုင်သည့် ပါဏာတိပါတ စသော အကုသိုလ်ကံကို မပြုနိုင်တော့၊ မိမိအသက်ပင် အသေခံရစေကာမူ သူတပါးအသက်ကို သတ်ခြင်းစသော ငါးပါးသီလပျက်စေသော အမှုမျိုးကို မပြုနိုင်တော့ဟု ကျမ်းဂန်တို့၌ အထင်အရှား ပြဆိုထား၏။ ထို့ကြောင့် သူတပါး အသက်ကို သတ်ရဲသေးလျှင် အရိယာ သောတာပန်မဖြစ်သေးဟု မှတ်ယူရာ၏။

(၈) မေးခွန်း၏ အဖြေပြီး၏။

## ၂။ အဒိန္နာဒါနကံ ဆိုင်ရာ မေးခွန်း

ဒေါက်တာ ဦးမြင့်ဆွေက အောက်ပါ အတိုင်း မေးလျှောက်သည်။

တပည့်တော်များသည် ဗုဒ္ဓသာသနာ နုဂ္ဂဟအဖွဲ့၌ ဆရာဝန်တဦး ဖြစ်ပါသည်။ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ပိုင် ဆေးပစ္စည်းများဖြင့် သာသနာ့ရိပ်သာ ယောဂီများအား ကုသပေးနေရပါသည်၊ ထိုဆေးပစ္စည်းများကို မိမိ၏ကိုယ်ကျိုးအတွက် အသုံးမပြုပါ၊ သို့သော်လည်း ရိပ်သာ၏အပြင်ပမှ သီလသမာဓိနှင့်ပြည့်စုံသော အခြားပုဂ္ဂိုလ် တဦးတယောက် ပြင်းထန်သော ဝေဒနာခံစားနေရချိန်တွင် ထိုအဖွဲ့ပိုင် ဆေးပစ္စည်းများကို ထိုအခြားသူအတွက် သုံးစွဲခဲ့လျှင် အဒိန္နာဒါနကံ ထိုက်ပါသလော။

ဆေးဌာန၌ တာဝန်ရှိသူသည် အုပ်ချုပ်ရေး တာဝန်ရှိသူလူကြီး၊ သို့မဟုတ် သက်ဆိုင်ရာ အစိုးရမသိအောင် အလှူသုံး

http://www.dhammadownload.com



စားပြုပြီးမှ မိမိမှာပြစ်မှုမဖြစ်ရအောင် မိမိကြောင့်လျော့နည်းသွားသောငွေများကို မိမိ၏နည်းဟန်ဖြင့် ပြုလုပ်၍အစိုးရဥပဒေအရ မဖြစ်မနေပါ သော်လည်းအဒိန္နာဒါနကံထိုက်နိုင်ပါသလော။

## ယင်းမေးခွန်း၏အဖြေမှာအောက်ပါအတိုင်းပင်

ပါရာဇိကကဏ္ဍ အဋ္ဌကထာ၌ ခိုးပုံခိုးနည်းများကို ၂၅-ပါး ပြဆိုထား၏၊ ထို ၂၅-ပါးတို့တွင် အထက်ပါ မေးခွန်းသည် ဥပနိဓိခေါ် အပ်နှံထားသောပစ္စည်းကို ခိုးပုံနှင့်သက်ဆိုင်၏။မိမိလက်ဝယ် အခြားသူက ပစ္စည်းတစုံတခုကို အပ်နှံထားလျှင် ထိုပစ္စည်းကို ပိုင်ရှင်ကတောင်းသောအခါ မပေးဘဲနေလျှင် ခိုးမှုဖြစ်သည်။ မူလပစ္စည်းဖြစ်စေ၊ အလားတူပစ္စည်း ဖြစ်စေ ပြန်ပေးပါမူ ခိုးမှုမဖြစ်ပေ။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့က အပ်ထားသောဆေးပစ္စည်းကို ခိုးလိုသောစိတ် မရှိပါဘဲ အရေးပေါ်ကိစ္စအနေဖြင့် ယူသုံးမိလျှင် နောင်အခါ၌ ဘဏ္ဍာစားလည်း ပြန်ထားနိုင်လျှင်၊ သို့မဟုတ် သက်ဆိုင်ရာ အဖွဲ့အားပန်ကြား၍ အဖွဲ့ကသဘောတူ ခွင့်ပြုလျှင် အဒိန္နာဒါနကံ မထိုက်ဟူ၍ မှတ်ယူသင့်ပါသည်။

အကယ်၍ ယူ၍ သုံးစဉ်ကပင် ခိုးဝှက်လိုသော စိတ်ရှိလျှင်၊ သို့မဟုတ် ဘဏ္ဍာစားပေးသင့်သောအခါ၌ မပေးလျှင်၊သို့မဟုတ် အဖွဲ့က သဘောမတူပါဘဲလျက် ဘဏ္ဍာစားမပေးလျှင်မူ အဒိန္နာဒါနကံ ထိုက်သည်ဟူ၍ မှတ်ယူသင့်ပါသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဆေးဌာနၥ် တာဝန်ရှိသူလူကြီး မသိအောင်၊ သို့မဟုတ် သက်ဆိုင်ရာ အစိုးရမသိအောင် အလွဲသုံးစားပြုပြီးမှ အပြစ်မပေါ်အောင်ပြုလုပ်ရာ၌မူ မူလကပင် ခိုးဝှက်လိုသောစိတ်ရှိနေလျှင် အဒိန္နာဒါနကံ ထိုက်သည်ဟု ဆိုရပေမည်။ သို့မဟုတ် သုံးစွဲခဲ့စဥ်က နောင်အခါဘဏ္ဍာစာရး ပြန်ထည့်ထားမည်ဟူသော ရည်ရွယ်ချက်ဖြင့် စင်ကြယ်သောစိတ် ရှိခဲ့လျှင် ဘဏ္ဍာစာရးကိုလည်း ပြန်လည်ဖြည့်သွင်းထားနိုင်လျှင် အဒိန္နာဒါနကံမထိုက်ဟု ဆိုရပေမည်။

အဒိန္နာဒါနကံဆိုင်ရာ မေးခွန်း၏ အဖြေ ပြီး၏။

## ၃။ ကာမေသုမိစ္ဆာဆိုင်ရာ မေးခွန်း

ဖန်ပြွန်ကလေးထဲတွင် သိုလှောင် ထားသော အမျိုးသား တဦး၏သုက်သွေးကို ထိုအမျိုးသားနှင့် မသက်ဆိုင်သော အမျိုးသမီးတယောက်၏ ယောနိအတွင်းသို့ ယင်းအမျိုးသမီး၏ အလိုအရ (ဝါ) ယင်းအမျိုးသမီး၏ ခွင့်ပြုချက်အရ သွင်းပေးခဲ့၍ ထိုအမျိုးသမီးမှာ ပဋိသန္ဓေရလာလျှင်–

(၁) သုက်သွေးသွင်းပေးသည့် ဆရာဝန်၊

(၂) သုက်သွေးပိုင်ရှင် အမျိုးသား၊

(၃) သုက်သွေး အသွင်းခံရသူ အမျိုးသမီး– ဟူသော ဤသုံးဦးအနက် မည်သူမှာ ကာမေသုမိစ္ဆာစာရကံ ထိုက်ပါသနည်း။

http://www.dhammadownload.com



## အထက်ပါမေးခွန်း၏ အဖြေမှာ အောက်ပါအတိုင်းပင်

မေးခွန်း၌ ပါဝင်သော သုံးဦးလုံးပင် ကာမေသုမိစ္ဆာစာရကံ မထိုက်ပါ။ မထိုက်ခြင်း၏ အကြောင်းမှာ ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ဆိုင်ရာ အင်္ဂါများနှင့် မညီသောကြောင့်ပင်ဖြစ်သည်။ ယင်း အင်္ဂါများမှာ—

(၁) အဂမနီယဋ္ဌာနတာ- မသွားလာအပ်သော အရာဋ္ဌာနဖြစ်ခြင်း၊

(၂) သေဝနာစိတ္တံ- မှီဝဲလိုသောစိတ်ရှိခြင်း၊

(၃) မဂ္ဂေနမဂ္ဂပဋိပတ္တိ- မဂ်ခေါ် လိင်ဖြင့် လိင်ထဲသို့ သွင်းခြင်း၊

(၄) သာဒိယနံ- သာယာခြင်း- ဟူသော ဤလေးပါးပင်ဖြစ်သည်။

ထိုအင်္ဂါ လေးပါးတို့တွင် လိင်ဖြင့် လိင်ထဲသို့ သွင်းခြင်းဟူသော တတိယအင်္ဂါမှာ လုံးဝ ချွတ်ယွင်းလျက်ရှိ၏။ ထို့ပြင် ဆရာဝန်မှာမူ (၂-နှင့် ၄) အင်္ဂါများလည်း ချွတ်ယွင်းလျက်ရှိမည်ပင်၊ အမျိုးသမီးမှာမူ (၁)အင်္ဂါလည်း ချွတ်ယွင်းလျက်ရှိမည်၊ သုက်သွေးရှင်မှာမူ ဘာမျှမသိရသဖြင့် အင်္ဂါ လေးပါးလုံး ချွတ်ယွင်းနေသည် ဟူ၍ပင် ဆိုရပေမည်။ ထို့ကြောင့် အဆိုပါ သုံးဦးလုံးပင် ကာမေသုမိစ္ဆာစာရကံ မထိုက်ဟု ဆိုခဲ့ပေသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



သို့ရာတွင် လင်ရှိသူဖြစ်လျှင် အမျိုးသမီးမှာမူ လင်ယောကျ်ားကို လိမ်ရာတော့ရောက်ပေလိမ့်မည်။ ထို့ကြောင့် လင်ဖြစ်သူပါ သဘောတူလျှင် လုံးဝအပြစ်ကင်းရာ၏။

ကာမေသုမိစ္ဆာစာရကံ ဆိုင်ရာ မေးခွန်း၏အဖြေ ပြီး၏။

---

## ၄။ မုသာဝါဒကံဆိုင်ရာ(က)မေးခွန်း

ဆရာဝန်များသည် ဆေးလက်မှတ်ကို ဆေးခွင့်အနေနှင့် ပေးနေကြရပါသည်။ ထိုသို့ပေးကြရာ၌ အမှန်မဟုတ်သည့်အကြောင်းကိစ္စနှင့်ပတ်သက်ပြီး အမှုကိစ္စများကို ရင်ဆိုင်ကြရပါသည်။

ယင်းဆေးလက်မှတ်ကိုရသူအား အမှန်မဟုတ်ပါဘဲ အစိုးရဌာနမှ အလုပ်နားခွင့် ၁-လ, ၂-လ, ၃-လ, ၄-လ, စသည် အခွင့်များ ပေးရသည်အဖြစ်သို့ ရောက်တတ်ပါသည်။ တမင်သက်သက် လုပ်ကြံပြီး တောင်းသော တစ်ုတယောက်အား အစိုးရဌာနမှ ခွင့်ပေးလိုက်လျှင် မဟုတ်မမှန်ဘဲ ဆေးလက်မှတ်ပေးလိုက်သော ဆရာဝန်မှာ မုသာဝါဒကံ ထိုက်ပါသလော။

## (က) မုသာဝါဒဆိုင်ရာ မေးခွန်း၏ အဖြေ

ရောဂါဖြစ်နေသူမဟုတ်ပါဘဲ ရောဂါဖြစ်နေသူ မကျန်းမာသူ အနေနှင့် ဆေးလက်မှတ် ပေးလိုက်သဖြင့် ထိုလက်မှတ်အရ အစိုးရဌာနက ယုံကြည်၍ အလုပ်နားရန် အခွင့်ပေးလိုက်လျှင် ထိုအခွင့်ယူသူ၏ လုပ်အားအတွက် အကျိုးယုတ်စေ နိုင်သော ကြောင့်၎င်း၊ အလုပ်မဲ့ လခပေးရလျက် ဆုံးရှုံး စေသော

http://www.dhammadownload.com



ကြောင့်ရင်း၊ နောက်ပါ မုသာဝါဒအင်္ဂါတို့ ညီညွတ်ပြည့်စုံသောကြောင့်ရင်း၊ ဆေးလက်မှတ် ပေးလိုက်သော ဆရာဝန်မှာ မုသာဝါဒကံ ထိုက်သည် ဟူ၍သာ ယူရန်ရှိသည်။ မုသာဝါဒအင်္ဂါများမှာ—

(၁) အတထံ ဝတ္ထု၊ အမှုမမှန်ခြင်း၊
(၂) ဝိသံဝါဒနစိတ္တံ- ချွတ်ယွင်းစေလို- အလွဲသိစေလိုသော စိတ်ရှိခြင်း၊
(၃) တဇ္ဇောဝါယာမော- ထိုစိတ်အားလျော်စွာ ပြုလုပ်ပြောဆိုခြင်း၊
(၄) ပရဿ တဒတ္ထဝိဇာနနံ- တဖက်သားက ထိုအမှားကို အမှန်အနေဖြင့် ယုံကြည်သိမှတ်ခြင်း-ဟူသော ၎င်းလေးပါးပင် ဖြစ်သည်။ ယင်းမုသာဝါဒကို ကိုယ်အမူအရာဖြင့် ဖြစ်စေ၊ ကိုယ်နှင့်စပ်သော စာရွက်စာတန်းစသည်ဖြင့်ဖြစ်စေ၊ ပြောဆိုခြင်းဖြင့်ဖြစ်စေ၊ သူတပါးအား အသိမှားအောင် ပြုခြင်းဖြင့် ပြီးမြောက်သည်ဟု မှတ်အပ်ကြောင်း ကိုလည်း သီလက္ခန္ဓဝဂ္ဂ အဋ္ဌကထာ(နှာ-၇၁)စသည်တို့၌ ပြဆိုထားသည်။

မုသာဝါဒဆိုင်ရာ (က)မေးခွန်း၏ အဖြေပြီး၏။

---

## မုသာဝါဒဆိုင်ရာ (ခ) မေးခွန်း

မိတ်ဆွေဖြစ်သူ ကင်ဆာရောဂါရှင်တဦးကို မိမိထံမှ အတော်အသင့် စမ်းသပ်ကုပြီးလျှင် ရန်ကုန်ဆေးရုံကြီး ကင်ဆာရောဂါ ကုဌာနသို့ သွားရောက် ကုသခံရန် ညွှန်ကြား လိုက်ပါသည်။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



ဆေးရုံကြီးတွင် တပတ်မျှ ကုသပေးပြီးလျှင် ကင်ဆာရောဂါ ပါရဂူဆရာများလည်း ပျောက်အောင် ကုသမပေးနိုင် သဖြင့် ''စိတ်မပူပါနှင့် ဒီဆေးကို မှန်မှန်သောက်ပါ၊ ပျောက်သွားပါ လိမ့်မည်''ဟု ပရိယာယ်ဖြင့် အားပေးပြောကြားကာ ပြန်လွှတ် လိုက်ပါသည်။

ယင်းရောဂါရှင်သည် ပါရဂူဆရာများက ကင်ဆာရောဂါဟု အမည် ပေးလိုက် သော်လည်း တပည့်တော် ကုသပေးလျှင် ပျောက်လိမ့်မည် အထင်နှင့် တပည့်တော်ထံသို့ ပြန်ရောက် လာပါသည်။ တပည့်တော်မှာ ကင်ဆာရောဂါအတွက် ကုသ ပေးစရာဆေးဝါးမရှိပါ။ ယင်းဝေဒနာရှင်မှာ အိပ်လို့မရ၊ နေလို့ ထိုင်လို့မရအောင် အလွန်ပြင်းထန်စွာ နာကျင်လျက် ရောဂါ ဝေဒနာကို ခံစားနေရပါသည်။ ၎င်းဝေဒနာ သက်သာရန် အတွက် ( Morpia ) ထိုးဆေး၊ သို့မဟုတ် ( Pethidin ) ထိုးဆေးကို ထိုးပေးမှသာလျှင် နာကျင်မှုသက်သာ၍ အိပ်ပျော် နိုင်ပါတော့သည်။ ထိုရောဂါရှင်သည် သေရတော့မည်မှာ ကေန် မုချ မလွဲနိုင်တော့ပါ။ သို့ဖြစ်၍ ထိုရောဂါရှင်အား ''ခင်ဗျား ရောဂါတော့ ပျောက်မှာ မဟုတ်ဘူး၊ သေတော့မှာဘဲ'' ဟု ပြောလိုက်လျှင် အမှန်ကို ပြောကြားလိုက်ခြင်း ဖြစ်ပါမည်။ သို့သော်- တပည့်တော်အနေဖြင့် ထိုသို့သော ကြောက်ရွံ့ဘွယ် စကားကို မပြောရက်ပါ။ ရောဂါမပျောက်တော့ဘဲ သေဆုံး တော့မည့် ရောဂါရှင်အား အမှန်အတိုင်းမပြောဘဲ မကြာခင် ပျောက်ပါလိမ့်မည်ဟု ပြောခဲ့လျှင် တပည့်တော်သည် လိမ်လည်

http://www.dhammadownload.com



လှည့်ဖျားရာ ရောက်ပြီး မုသာဝါဒကံထိုက်ကာ အပြစ်ဖြစ်ပါ မည်လား အရှင်ဘုရား။

## မုသာဝါဒဆိုင်ရာ (ခ) မေးခွန်း၏ အဖြေ

ရောဂါ မပျောက်တော့ဘူး၊ ကောန်ပင် သေတော့မည် ဟု မှန်းဆသိမြင်နေပါလျက် ထိုရောဂါရှင်အား မကြာခင် ပျောက်ပါလိမ့်မည် ဟု ပြောလျှင် ပဌမမေးခွန်းအဖြေ၌ ထုတ်ပြခဲ့သည့် မုသာဝါဒ အင်္ဂါလေးချက်လုံး ညီညွတ်နေသဖြင့် မုသာဝါဒ ဖြစ်သည်ဟုဆိုဘွယ်ရာရှိပေသည်။ သို့သော်လည်း ထိုသို့ပရိယာယ် ဖြင့် `ပြောသည့်အတွက် ထိုရောဂါရှင်မှာ အကျိုးပျက်ခြင်း၊ အကျိုးမဲ့ခြင်းမရှိသည့်ပြင် အကျိုးဖြစ်တန်သလောက် ဖြစ်ဖို့သာ ရှိပေသည်။ ထိုသို့အကျိုးမဲ့မဖြစ်စေနိုင်သော ပြောဆိုခြင်းသည် အမှားကို ပြောခြင်းပင် ဖြစ်ငြားသော်လည်း မကောင်းကျိုး ပေးတတ်သည့် ကမ္မပထ မမြောက်ဟုမှတ်ယူရသည်။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝနီဓါဋီကာကျော်ကျမ်း [နှာ-၁၇၃] ၌-

> အဘူတံဝတ္ထု-မဟုတ်မမှန်သောအကြောင်းအရာကို ဘူတတော- အဟုတ်အမှန် အနေအားဖြင့်၊ ပရံ ဝိညာ- ပေတုကာမဿ- သူတပါးကိုသိစေလိုသောသူ၏၊ တထာ ဝိညာပန ပယောဂသမုဋ္ဌာပိကာ စေတနာ- ထိုအခြင်း အရာဖြင့် သိစေမည့် ကိုယ်နှုတ်အမှုအရာကို ဖြစ်စေသော စေတနာသည်၊ မုသာဝါဒေါ-မုသာဝါဒမည်၏၊ သော- ထိုမုသာဝါဒသည်၊ ပရဿ အတ္ထဘေဒ ကရောဝ-

http://www.dhammadownload.com



သူတပါးအကျိုးပျက်အောင်ပြုမှုသာလျှင်၊ ကမ္မပထော-အကျိုးပေးတတ်သည့် ကမ္မပထမြောက်သည်၊ ဟောတိ-ဖြစ်၏ဟု-

ဆိုထားပါသည်။ ထို့ပြင် သီလက္ခန္ဓဝဂ္ဂအဋ္ဌကထာ(၇၁) စသည်တို့၌လည်း "အတ္ထဘဉ္ဇနကော-သူတပါး၏ အကျိုးကို ပျက်စေတတ်သော နှုတ်အမူအရာ ကိုယ်အမူအရာသည် မုသာ မည်ကြောင်း" ပြဆိုထားကြပေသည်။

ထို့အပြင် ရောဂါဝေဒနာရှင်အား စိတ်ဓာတ်မကျဘဲ စိတ်ချမ်းသာစေရန်၊ စိတ်တက်ကြွလျက် အသက် ရှည်သင့်သမျှ ရှည်စေရန် ပြောသောစကားသည် အမှန်ပင်မဟုတ်သော်လည်း အမှားသိစေလိုခြင်းက ပဓာနမဟုတ်၊ အကျိုး မဆုတ်ယုတ်စေလိုခြင်းကသာ ပဓာနဖြစ်ပေသည်၊ သို့ဖြစ်၍ ထိုသို့သောစကားသည် ပရိယာယ်ဖြင့် ပြောရာရောက်၏။ အရှင်သာရိပုတ္တရာ မထေရ်က တမ္ဗဒါဌိကအား ပြောသော ပရိယာယ်စကားနှင့်လည်း တစိတ်တဒေသအားဖြင့် တူ၏။ တူပုံမှာ—

တမ္ဗဒါဌိကသည် အရှင်သာရိပုတ္တရာ ဟောသော တရားကို နာနေစဉ် သူပြုမိခဲ့သော မကောင်းမှုများကို အောက်မေ့လျက် စိတ်ပူပန်နေသဖြင့် တရားကို စူးစူးစိုက်စိုက် မနာယူနိုင်ဘဲ ရှိနေ၏၊ ထိုအကြောင်းကို အရှင်သာရိပုတ္တရာက သိနေသဖြင့် "ဥပါသကာ၊ ဘာကြောင့်သင့်စိတ်ကို တရားတော်သို့အာရုံစဉ်လိုက်ပြီး နာနိုင်အောင် မပြုနိုင်သနည်း"ဟု မေးတော်မူ၏။ "အရှင်ဘုရား တပည့်တော်ဟာ ၅၅-နှစ် ပတ်လုံး သေဒဏ်သင့်တဲ့

http://www.dhammadownload.com



ခိုးသားတွေကို သတ်မှုဟူသော ကြမ်းကြုတ်သော မကောင်းမှုကို ပြုလာခဲ့ပါသည်၊ ထိုမကောင်းမှုကို အောက်မေ့သဖြင့် မိမိစိတ်ကို အရှင်ဘုရားဟောသည့် တရားတော်သို့ အစဉ်လိုက်ပြီး နာနိုင်အောင် မပြုနိုင်ဘဲ ရှိနေသည်''ဟု လျှောက်၏။ အရှင်သာရိပုတ္တရာ မထေရ်က (ဝဋ္ဋေဿာမိ နန္တိ) သူ့ကို လှည့်စားပြောမည်ဟု ကြံပြီးလျှင် ''ဘယ့်နှယ်လဲ သင်ဟာ ထိုအမှုများကို မိမိအလိုဖြင့် ပြုခဲ့ပါသလား၊ သို့မဟုတ် သူများက စေခိုင်းလို့ ပြုခဲ့ပါသလား''ဟု မေးတော်မူ၏။ ''ဘုရင်မင်းက တပည့်တော်ကို ပြုလုပ်စေပါသည်၊ ဘုရင်မင်းကခိုင်းလို့ ပြုခဲ့ပါသည်'' ဟု ဖြေကြား လျှောက်ထား၏။ ''ဥပါသကာ၊ သို့ဖြစ်လျှင် သင်၏ အကုသိုလ် ဖြစ်ပါမည်လော''ဟု ပရိယာယ်ဖြင့် မေးတော်မူ၏။ ဤအမေးဖြင့် တမ္ဗဒါဌိကမှာ မိမိ၏အကုသိုလ်မဟုတ် စေခိုင်းသူဘုရင်မင်း၏ အကုသိုလ်သာဖြစ်သည်ဟု ထင်မှတ်လျက် စိတ်အေးသွား၏၊ ထိုသို့ စိတ်အေးသွားသဖြင့် တရားကို ကောင်းစွာ နာယူ၍ နှလုံးသွင်းနိုင်၏၊ ထိုသို့ကောင်းစွာ နာယူနှလုံးသွင်းလျက် သောတာပတ္တိမဂ်၏ အောက်ဘက်က အနုလောမဉာဏ်ခေါ် ဝိပဿနာဉာဏ်ကို ဖြစ်ပွားစေနိုင်ခြင်းဟူသော အကျိုးကို ရသွားကြောင်း ထို့ပြင် ဝိပဿနာ၏အစွမ်းကြောင့်ပင် တုသိတာနတ်ဘုံသို့ ရောက်သွားကြောင်းများကို ဓမ္မပဒ အဋ္ဌကထာ (နှာ-၄၀၇)၌ ပြဆိုထား၏။

**အထက်ပါစကားရပ်၌ ''သင်၏အကုသိုလ်ဖြစ်ပါမည်လော'' ဟူသော စကားသည် ''သင်၏အကုသိုလ် မဟုတ်''ဟု တိုက်ရိုက်**

**ဆဋ္ဌမအကြိမ်**

http://www.dhammadownload.com



ပြောသောစကားမဟုတ်ပေ၊ ပရိယာယ်ဖြင့် မေးသောစကား မျှသာဖြစ်သည်၊ ထို့ကြောင့် ထိုစကားသည် မုသာဝါဒစကား မဟုတ်ပေ၊ သို့သော်လည်း ထိုအမေးဖြင့် တမ္ဗဒါဌိက—က "မိမိ၏ အကုသိုလ်မဟုတ်" ဟု မှားယွင်းစွာသိသွားလေသည်။ ထိုသို့ မှားယွင်းစွာသိသွားခြင်းသည်သေတော့မည့်ဆဲဆဲလူနာက "မကြာခင် ရောဂါပျောက်ကင်းချမ်းသာသွားမည်" ဟု မှားယွင်းစွာ ထင်မှတ်ချက်နှင့် တူညီ၏။ မိမိ၏ အကုသိုလ်မဟုတ်-ဟု ထင်မှတ်ခြင်းကြောင့် စိတ်အေးချမ်းစွာနှင့် တရားနာနိုင်ခြင်း စသော အကျိုးများကို ရသွားခြင်းသည် သေတော့မည့်ဆဲဆဲ လူနာမှာ ရောဂါပျောက်မည်ဟု ထင်မှတ်လျက် စိတ်ချမ်းသာစွာ နေရခြင်း၊ စိတ်ချမ်းသာသဖြင့် ရုတ်တရက်လျင်မြန်စွာ မသေဘဲနေရခြင်း စသော အကျိုးများကို ရခြင်းနှင့် တူညီ၏။ ထို့ပြင် အရှင်သာရိပုတ္တရာ၏ ပရိယာယ်စကားမှာ မိမိ၏ အကုသိုလ်မဟုတ်ဟု မှားယွင်းစွာ သိခြင်းက လိုရင်းမဟုတ်၊ စိတ်အေးချမ်းလျက် တရားနာနိုင်ခြင်း စသည်ကသာ လိုရင်း ဖြစ်သကဲ့သို့၊ မကြာခင် ရောဂါပျောက်မည်ဟု အားပေးသော စကားမှာလည်း ရောဂါပျောက်မည်ဟု မှားယွင်းစွာသိခြင်းက လိုရင်းမဟုတ်၊ စိတ်ခံတတ်မကျဘဲ ချမ်းသာစွာနေရခြင်းကသာ လိုရင်းဖြစ်ပေသည်။ ဤသို့စသည့် တစိတ်တဒေသအားဖြင့် တူညီပေသည်။

ထို့ကြောင့် မကြာမီပင် သေတော့မည်ဟု ထင်ရသူအား မကြာမီပင် ရောဂါပျောက်ပါလိမ့်မည် စသည်ဖြင့် အားပေး··

http://www.dhammadownload.com



စကားပြောကြားခြင်းသည် မုသာဝါဒအင်္ဂါတို့နှင့်ညီညွတ်ငြား သော်လည်း အကျိုးမဲ့ကို မရည်ရွယ်ဘဲ ချမ်းသာစွာ နေနိုင်ရန် အကျိုးကိုသာရည်ရွယ်၍ ပြောသော အားပေးစကားဖြစ်သော ကြောင့် မကောင်းကျိုး ပေးတတ်သည့် ကမ္မပထမြောက်သော အကုသိုလ်ကံကား မဖြစ်ပါ၊ ထိုသို့အားပေးပြောကြားစဉ်က သနားသော ကုသိုလ်စေတနာဖြင့်သာ ပြောခြင်းဖြစ်သည်၊ သေ ဆေးပေးသည်နှင့်မတူဘဲ ပြောင်းပြန်သာဖြစ်သည်၊ ထို့ကြောင့် အကုသိုလ်စေတနာလည်း မဖြစ်ဟူ၍သာ ယူသင့်ပေသည်။

မုသာဝါဒဆိုင်ရာ (ခ)မေးခွန်း၏ အဖြေပြီး၏။

## ၅။ သုရာမေရယကံဆိုင်ရာ(က)မေးခွန်း

(မဇ္ဇပါနာ စ သံယမော) သေရည်အရက်ကို သောက်သုံး ခြင်းမှ စောင့်စည်းခြင်း ရှောင်ကြဉ်ခြင်းသည် မြတ်သောမင်္ဂလာ မည်၏–ဟု ဟောတော်မူသော ဘုရားစကားတော်နှင့်အညီ ဗုဒ္ဓ သာသနာဝင် ပုဂ္ဂိုလ်တိုင်း သေရည်အရက် သောက်သုံးခြင်းမှ ရှောင်ကြဉ်သင့်ကြောင်း ထင်ရှားပါသည်။ သို့သော် ကျန်းမာ ရေး အလွန်ချို့တဲ့နေသူအား ကျန်းမာရေးအလို့ငှာ ပုံစံထုတ်ပြ ရလျှင် အားဖြစ်အောင်, အမောသက်သာအောင် ရည်ရွယ်၍ အရက်များကို တိုက်ကျွေးပြီးလျှင် တဖြည်းဖြည်း အမော သက်သာစေကာ အားရှိစေကာဖြင့် ရောဂါပျောက်ကင်း သွားအောင် ညွှန်ကြားကုသပေး၍ ထိုညွှန်ကြားချက်အတိုင်း အရက်ကို သောက်သုံးလျှင် ထိုသောက်သုံးသော ရဟန်းရှင် လူမှာ သုရာမေရယသိက္ခာပုဒ်ဆိုင်ရာ သီလပျက်ပါသလော။

http://www.dhammadownload.com



ယင်း(က) မေးခွန်း၏အဖြေမှာ အောက်ပါအတိုင်းပင်

သေရည်အရက်စသော မူးယစ်ဆေး စားသုံးဘွယ်အရာ၀ဝင် ကာမဂုဏ်ရုံတရားစသော ဝိနည်းအဋ္ဌကထာ ဋီကာတို့၌ ရဟန်း၏ သိက္ခာပုဒ်ကျင့်ကြောင်း အင်္ဂါများကို—

(၁) မဇ္ဇဘာဝေါ—မူးယစ်ကြောင်းစားသောက်ဖွယ် ဖြစ်ခြင်း၊

(၂) တဿ ပါနံ-ထိုမူးယစ်ကြောင်းပစ္စည်းကို သောက်ခြင်း၊ စားခြင်း—ဟူ၍ ၂—ပါးကိုသာ ပြထားသည်။ ခုဒ္ဒကပါဌ အဋ္ဌကထာ၌မူ—

(၁) သေရည်စသည်တို့တွင် တပါးပါးဖြစ်ခြင်း၊

(၂) မဒနီယပါတုကမျတာ စိတ္တံ-မူးယစ်ဘွယ်ကိုသောက်စားလိုသောစိတ်ရှိခြင်း၊

(၃) ထိုစိတ်အလျောက် သောက်စားရန် အားထုတ်ခြင်း၊

(၄) သောက်စားလျှင် ပါးစပ်ထဲ လည်ချောင်းထဲသို့ ဝင်သွားခြင်း—ဟူ၍အင်္ဂါလေးပါးပြထားသည်။

ထိုအင်္ဂါလေးပါးတို့တွင် မူးယစ်ဖွယ်ဟု မသိပဲ ဖျော်ရည် ဆေးရည်စသည် ထင်မှတ်၍ သောက်စားလျှင် သီလမပျက်ဟု ယူသင့်သကဲ့သို့ ရှိပေ၏။ မှန်ပေ၏-ခုဒ္ဒကပါဌ၌ ပြထားသော သုရာမေရယသိက္ခာပုဒ်သည် ရဟန်းများအတွက်မဟုတ်၊ သာမဏေတို့အတွက် ပြထားသောသိက္ခာပုဒ်များ ဖြစ်ပေသည်။

[ ဆဋ္ဌမအကြိမ် ]

http://www.dhammadownload.com



ရဟန်းများမှာ မူးယစ်ဖွယ်ဟုမသိပဲ သောက်လျှင်လည်း မြတ်စွာဘုရား၏ ပညတ်တော်မူချက်အရ ပါစိတ်အာပတ်သင့်၏၊ သာမဏေများမှာမူ မူးယစ်ဖွယ်ဟုသိပြီး သောက်စားမှသာလျှင် သီလပျက်သည်၊ မသိပဲ သောက်စားမိလျှင် အကုသိုလ်ဖြစ်နိုင်သော်လည်း သီလမပျက်ဟု ဝိနည်းအဋ္ဌကထာ (တတိယ နှာ-၂၉၆)၌ ဖွင့်ပြထား၏၊ အောက်ပါအတိုင်းပင်။

> သာမဏေရော— ရှင်သာမဏေသည်၊ ဇာနိတွာ ပိဝန္တော—မူး ယစ်ဖွယ်မှန်းသိလျက် သောက်စားမိလျှင်၊ သီလဘေဒံ အာပဇ္ဇတိ— သီလပျက်ခြင်းသို့ ရောက်၏။ နအဇာနိတွာ—မသိမူ၍ သောက်စားမိလျှင် သီလပျက်ခြင်းသို့မရောက်ပေ။

လူဝတ်ကြောင်များ ကျင့်သုံးရသော ငါးပါးသီလမှာလည်း ရဟန်းများ၏ သိက္ခာပုဒ်ကဲ့သို့ မြတ်စွာဘုရားကပညတ်ထားသည် မဟုတ်ပေ၊ သာသနာတွင်း သာသနာပ အခါခပ်သိမ်းပင် လူသူတော်ကောင်းတို့ ကျင့်သုံးအပ်သော သီလဖြစ်သည်။ ထို့ကြောင့် လူဝတ်ကြောင်များမှာလည်း ရှင်သာမဏေကဲ့သို့ပင် အရက်မှန်းသိ၍ သောက်မှ သီလပျက်သည်။ ဆေးဟူ၍ငှင်း၊ အဖျော်ဟူ၍ငှင်း ထင်မှတ်၍ သောက်လျှင် သီလမပျက်ဟု ယူနိုင် ဆိုနိုင်၏၊ အကြောင်းမူကား လူ၏သီလသည် ရှင်သာမဏေ၏ သီလထက် ကြပ်ဘည်းဘွယ် မရှိသောကြောင့်ပေတည်း။

သို့ဖြစ်၍ ဒေါက်တာ၏ မေးခွန်း၌ ရဟန်းရှင်လူ တပေါင်းတည်း မေးထားသော်လည်း ခွဲခြား၍ ဖြေရပေမည်။ အရက်ကို

http://www.dhammadownload.com



ဆေးအဖြစ် သောက်စေကာမူ ရဟန်းမှာ (၁) အရက်ဖြစ်ခြင်း (၂) သောက်ခြင်းဟူသော အင်္ဂါ ၂-ပါးနှင့် ညီသောကြောင့် ပါစိတ်အာပတ် သင့်သည်၊ သီလဝိပတ္တိ- သီလ ပျက်ခြင်းနှင့် အာစာရဝိပတ္တိ- အကျင့်ပျက်ခြင်း ဟူသော ၂-ပါး တို့တွင် အာစာရဝိပတ္တိခေါ် အကျင့်ပျက်ခြင်း အပြစ်သင့်သည် ဟူ၍ မှတ်ရာ၏။

ရှင်သာမဏေနှင့် လူဝတ်ကြောင်တို့မှာလည်း အရက်မှန်း သိလျက် သောက်လျှင် ထိုသိက္ခာပုဒ်အရ သီလပျက်၏၊ ရှင်သာမဏေမှာမူ ရှင်သာမဏေ သီလအားလုံးပျက်၏၊ ဥပဇ္ဈာယ် ဆရာထံ၌ သရဏဂုဏ်သီလထပ်၍ယူမှ တဖန်သီလပြည့်စုံနိုင်သည်။ သို့သော် ရှင်သာမဏေနှင့် လူဝတ်ကြောင်တို့မှာ အရက်မှန်း မသိမူ၍ သောက်ကောင်းသောဆေး အဖျော်ဟူသော အမှတ်ဖြင့် သောက်လျှင် သုရာမေရယကံ မထိုက်၊ သီလမပျက်ဟု မှတ်ယူရာ၏။

လူဝတ်ကြောင်မှာ အရက်ကို နှစ်သက်သာယာခြင်း မရှိပဲ မလွှဲသာသည့် အနေဖြင့် ရောဂါပျောက်စေရန် ဆေးအဖြစ် သောက်ရပါမူ ထိုသို့သော သောက်ခြင်းသည် သုရာမေရယကံ ထိုက်၍ သီလပျက်သည်ဟု ဆိုရငြားသော်လည်း မူးယစ်စေလို၍ သောက်ခြင်းကဲ့သို့ငှါး၊ အရက် အရသာကို နှစ်သက်သာယာ၍ သောက်ခြင်းကဲ့သို့ငှါး၊ အပျော်တမ်း သောက်ခြင်းကဲ့သို့ငှါး အပြစ်မကြီးဟူ၍ကား ယူနိုင် ဆိုနိုင်ပေ၏။

**သုရာမေရယကံ ဆိုင်ရာ (က) မေးခွန်း၏အဖြေ ပြီး၏။**

**ဆဋ္ဌမအကြိမ်**

http://www.dhammadownload.com



## သုရာမေရယကံဆိုင်ရာ (ခ)မေးခွန်း

တချိန်က အသက် ၆၅-နှစ်အရွယ်ရှိ မုဆိုးမကြီး ဒေါ်သိန်းသည် သူ၏ချစ်လှစွာသော သမီးပျိုကလေး တဦးနှင့်အတူ ဆင်းဒဝစ်လမ်း တနေရာတွင် နေထိုင်ပါသည်။ တနေ့သောအခါ သမီးပျိုကလေးမှာ ကင်ဆာရောဂါ ဖြစ်ပေါ် လာပါသည်။ ဆရာဝန် အမျိုးမျိုးနှင့် ကုသပါသော်လည်း ထူးခြားခြင်း သက်သာခြင်း မရှိပါ၊ ရောဂါဆိုးကြီးအတွက် ဆေးရုံမှပြန်ဆင်းလာပြီးနောက် တပည့်တော်ထံ ရောက်လာသဖြင့် တပည့်တော်ကပင် ဆက်လက်ကုသပေးခဲ့ရပါသည်၊ ရောဂါမှာမသက်သာဘဲ တညနေ ၅-နာရီ အချိန်တွင် ကွယ်လွန် အနိစ္စရောက်သွားပါသည်။ ဘေးလူများက အမျိုးမျိုးသော တရားစကားဖြင့် ဖြေကြ သတိပေးကြသော်လည်း မိခင်ကြီးဒေါ်သိန်းမှာ ကြီးမားလှသော သံယောဇဉ် အပူမီးကြောင့် မည်သို့မျှ ဆောက်တည်ရာ မရပါ။

"ကယ်ပါဦး ဆရာ၊ ကျမရင်ထဲမှာ ပူလောင် နေပါသည်၊ မည်သို့မျှ မတတ်နိုင်ပါ၊ ကျမမှာ သမီးကလေးတယောက် လုပ်ကိုင်တာကို စားသောက်နေရတာပါ၊ သမီးကလေးမရှိယင် မနေနိုင်တော့ ဘာတရားကိုမှ ကျမ မသိတော့ပါ၊ ဘယ်လိုမှလည်း မဖြေဆည်နိုင်တော့ပါ" ဟု ပြောကာ တငိုငိုတရီရီနှင့် ထိုအဖွားကြီး ဖြစ်နေတာကို ကြုံတွေ့ခဲ့ရပါသည်။ ထိုသို့သော အပူသည် လူတယောက်အား ဆရာဝန်အနေဖြင့် ငြိမ်းအေးအောင် ကုသ

http://www.dhammadownload.com



ပေးနိုင်သောနည်းမှာ (Morpia)ခေါ် ဆေးကိုထိုးပေးရန်ပင် ဖြစ်ပါသည်၊ ထိုဆေးမှာ စိတ်ငြိမ်သက်ပြီး အိပ်ပျော်သွားစေသည့် ဆေးပင်ဖြစ်ပါသည်၊ ထို့ကြောင့် ယင်းဆေးကိုပင် ထိုအဖွားကြီးအား ထိုးပေးလိုက်ရပါသည်၊ သမီးအတွက် ပရိဒေဝမီး တောက်လောင်နေသော ထိုအဖွားကြီး ဒေါ်သိန်းသည် ဆေးထိုးပေးပြီး မကြာမီမှာပင် တဖြည်းဖြည်း ငြိမ်သက်လာပြီး အိပ်ပျော်သွားပါသည်။

နောက်တနေ့ နံနက်အချိန်တွင် ပရိဒေဝမီး အကြီးအကျယ် တောက်လောင်ခံခဲ့ရသော ထိုအဖွားကြီးဒေါ်သိန်းသည် တပည့်တော်ကို တွေ့လျှင်တွေ့ခြင်း "ကျေးဇူးတင်လိုက်တာဆရာ၊ ဆရာ့ဆေးကြောင့် ထူးထူးခြားခြားကြီး ကျမရင်ထဲမှာ တောက်လောင်နေတဲ့ အပူမီးတွေ ငြိမ်းသွားပါတယ်"ဟု ပြောကြားပါသည်။

ဤအတ္တုပ္ပတ္တိနှင့်စပ်၍ (Morpia) ဆေးမှာ တပည့်တော်၏ မျက်မြင်ကိုယ်တွေ့အရအားဖြင့် ဒေါ်သိန်း၏ ကိုယ်ထဲ၌ တောက်လောင်နေသော ပရိဒေဝမီးကို ငြိမ်းအေးစေသောအားဖြင့် ဆေးတန်ခိုး ပြသွားသည်ကို ထူးထူးခြားခြား တွေ့ရပါသည်။ ယင်းကဲ့သို့ ပရိဒေဝမီး အကြီးအကျယ် တောက်လောင်သောသူအား တဒင်္ဂအားဖြင့် ငြိမ်းအေးသွားအောင် ပြုလုပ်ပေးခဲ့လျှင် ပြုလုပ်ပေးသူ (တပည့်တော်) မှာ မူးယစ်ကုံထိုင်းသွားအောင် ပြုလုပ်ပေးရာ ရောက်သဖြင့် သုရာမေရယကံ ထိုက်ပါသလား၊ ထို့ပြင် လူမမာမှာကော အကုသိုလ်ဖြစ်ပါသလား။

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



## ယင်း(ခ) မေးခွန်း၏ အဖြေမှာ အောက်ပါအတိုင်းပင်

သုရာပါနသိက္ခာပုဒ်၌ အနာဗာတ္တိကံ- စေခိုင်းခြင်းကြောင့် အာပတ်မသင့်ဟု ဖွင့်ပြထား၏၊ ထို့ကြောင့် သေရည်အရက်စသည်ကို ကိုယ်တိုင် သောက်စားသူအားသာလျှင် သုရာမေရယကံ ထိုက်သည်၊ သူတပါးကို သောက်သုံးစေရန် တိုက်တွန်းစေခိုင်းသူအား သုရာမေရယကံ မထိုက်ဟု မှတ်အပ်၏၊ သို့သော် မူးယစ်စေရန် ပျော်စေရန်အကျင့်ပါစေရန် စသည် မဆင့်လျော်သော ရည်ရွယ်ချက်ဖြင့် စေခိုင်းတိုက်တွန်းလျှင် အကုသိုလ်ကံဖြစ်သည်သာဟူ၍လည်း မှတ်အပ်၏။

ထို့ပြင် သုရာပါန အင်္ဂါတို့ကိုပြရာ၌ ပါန်-သောက်ခြင်းဟူ၍၎င်း၊ ပီတေ ပဝိသတိ- သောက်လျှင် ပါးစပ်ထဲ လည်ချောင်းထဲသို့ ဝင်သွားသည်ဟူ၍၎င်း ပြဆိုထားသောကြောင့် ပါးစပ်ဖြင့် သောက်စားရာ၌သာ သုရာမေရယကံ ထိုက်သည်၊ အခြား ကိုယ်အစိတ်အပိုင်းထဲသို့ သွင်းခြင်း ဝင်ခြင်းကို သုရာမေရယကံ၏ အင်္ဂါအဖြစ်ဖြင့် ရယူရန်မရှိပေ။ ထို့ကြောင့်—

စိတ်ပူပန်မှု ငြိမ်းစေရန် (Morpia) ဆေးစသည်ကို ထိုးသွင်းပေးသူအား၎င်း၊ စိတ်ပူပန်မှု ငြိမ်းစေရန် ဆေးအထိုးခံသူအား၎င်း၊ သုရာမေရယကံ ထိုက်သည်ဟု ဆိုဘွယ်မရှိပါ။ သို့သော် မူးယစ်စေရန် မူးယင်လျက် စိတ်ပျော်ရွှင်စေရန် ရည်ရွယ်၍ ထိုသို့သောဆေးကို ထိုးပေးသူ အထိုးခံသူတို့မှာမူ သုရာမေရ

http://www.dhammadownload.com



ယက် ထိုက်သည်ဟု မဆိုအပ်သော်လည်း မကောင်းကျိုးပေးတတ်သည့် အကုသိုလ်ကံ ဖြစ်ပွားသည်မှာမူ ယုံမှားဘွယ်မရှိပါ။

သုရာမေရယက် ဆိုင်ရာ (ခ) မေးခွန်း၏ အဖြေပြီး၏။

## သုရာမေရယက် ဆိုင်ရာ (ဂ) မေးခွန်း

ယခုခေတ်တွင် အချို့လူငယ်ကလေးများ အသုံးပြုပြီး အရသာခံစားနေကြသော (Heroin) ခေါ်နံပါတ် ၄-ဘိန်းဖြူဆေးတမျိုးရှိနေပါသည်၊ ယင်းနံပါတ် ၄-ဘိန်းဖြူဆေးကို သုံးဘူးသူတို့က ပြောကြသည်မှာ "ယင်းဆေးကို ရှူမိလျှင် ဘယ်ဆေးနှင့်မျှမတူ ထူးထူးခြားခြား ကောင်းသည်၊ ပီတိ ပဿဒ္ဓိဖြစ်၍ စိတ်ရွှင်ဝမ်းမြောက်နေသည်၊ သမာဓိ တရားအားထုတ်တဲ့အခါ ပီတိ ပဿဒ္ဓိများကို တွေ့ရသည်နှင့် အတူတူပင်ဖြစ်သည်၊ မခြားနားပါ"ဟု သူတို့က ဆိုကြပါသည်။

အိန္ဒိယပြည်မှ ယောဂီကြီး (Maharishi) မဟာရိရှိုးသည် အမေရိကန်နိုင်ငံသို့ ရောက်သွားစဉ်က (Transcendental Meditation) သမထ တရားအားထုတ်ပုံ အားထုတ်နည်းကို အမေရိကန်လူငယ်များအား ပြသပေးပြီးနောက် သူက ဤသို့ ပြောပါသတဲ့၊ "နံပါတ် ၄-ဘိန်းဖြူကို ရှူတာနဲ့ တရားအားထုတ်တာဟာ အတူတူလိုပါဘဲ၊ သိပ်ပြီးတော့ ငြိမ်ရှိတယ်၊ စိတ်အေးချမ်းမှုလဲရတယ်၊ အင်မတန် ရှုပ်ထွေးပြီး လှုပ်ရှားတဲ့ ဦးနှောက်ဟာလဲ တည်ငြိမ်သွားပြီး စိတ်တွေဟာ ဘယ်လို အေးချမ်းမှန်းမသိအောင် အေးချမ်းသွားရပါတယ်"လို့ ပြောပါသတဲ့။

http://www.dhammadownload.com



အဒွီ အပြောအဆို အယူအဆဟာ လွဲမှားနေသည်ဟု တပည့်တော် ထင်ပါသည်။ နံပါတ် ၄-ခေါ် ဘိန်းဖြူကို ရှုနေကြသော လူငယ်များအား ထိုအယူအဆ လွဲမှားနေပုံကို မည်ကဲ့သို့ အကြောင်းပြပြီး ရှင်းလင်းပြရပါမည်နည်း အရှင်ဘုရား။

## အထက်ပါ(ဂ) အမှတ်နောက်ဆုံးမေးခွန်း၏အဖြေမှာ အောက်ပါအတိုင်းပင်

ရွှင်လန်း ဝမ်းမြောက်ခြင်း ပီတိသောမနဿ ဖြစ်ခြင်းသည် အကုသိုလ်စိတ်ဖြင့် ဖြစ်ခြင်း, ကုသိုလ်စိတ်ဖြင့် ဖြစ်ခြင်းဟူ၍ ၂-မျိုးရှိ၏။

လုပ်ငန်းဆောင်တာ အောင်မြင်သောအခါ၊ စာမေးပွဲ အောင်သောအခါ၊ မိမိအလိုကျ အိမ်ထောင်ပြုရသောအခါ မိမိအလိုရှိနေသော ရွှေငွေကျောက် အဝတ်အစား ကား စသည်တို့ကို ရသောအခါ၊ ဘေးဒုက္ခများမှ လွတ်မြောက်သောအခါ စသည်တို့၌ လူတိုင်းပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြ၏၊ ထိုသို့ ဝမ်းမြောက်ခြင်းမှာ လောဘနှင့်ယှဉ်သော အကုသိုလ်စိတ်ဖြင့် ဝမ်းမြောက်ခြင်းဖြစ်သည်၊ ထိုသို့သော ဝမ်းမြောက်ခြင်းသည် အကြောင်းညီညွတ် နေတုန်းမှာသာဖြစ်၍ အကြောင်း မညီညွတ်လျှင် (အောင်မြင်ပြီးသော လုပ်ငန်း ပျက်စီးသွားလျှင်၊ နောက်ထပ် စာမေးပွဲမအောင်လျှင်၊ အိမ်ထောင် ပျက်ကွဲသွားလျှင်) ဤသို့ စသည်ဖြင့် အကြောင်းမညီညွတ်သောအခါ

http://www.dhammadownload.com



မူလက ဝမ်းမြောက်ရသည်ထက်ပင် စိတ်မချမ်းမသာ ဖြစ်ရတတ်၏။

ထို့အတူပင် ဘိန်းဖြူအတွေ့သည် ကာမဂုဏ် အတွေ့တမျိုးပင် ဖြစ်သည်၊ ယင်းအတွေ့ကိုမှီ၍ ဝမ်းမြောက်ချမ်းသာ ပီတိ သောမနဿ ဖြစ်နေရခြင်းသည် သူ့အရှိန်အဝါ ရှိစဉ်အတွင်း အခိုက်အတန့်မျှသာ ဖြစ်ကြောင်း (၂၄)နာရီခန့်ကြာ၍ တဖန် ရူချိန် ကျသောအခါ ၎င်းဘိန်းဖြူကို မရူရလျှင် ကိုယ်ထဲ၌ မခံသာအောင် အလွန် ဆင်းရဲရကြောင်း၊ စိတ်ထဲမှာလည်း မူမှန်မဟုတ်တော့ဘဲ ဖောက်လွဲ ဖောက်ပြန်ဖြစ်ကာ လွန်စွာ ဆင်းရဲရကြောင်းများကို ဘိန်းဖြူပြဿနာဆိုင်ရာ စာအုပ်များ၌ များစွာပင် တွေ့ရဘူး၏။

ဘယ်လောက် ကိုယ်စိတ်ဆင်းရဲရသလဲဆိုလျှင် လူတယောက်ဟာ ဘိန်းဖြူ ရူချိန်၌ မရူရသောကြောင့် စိတ် ဖောက်ပြန်ကာ မိမိ၏သား လေးဘက်သွား ကလေးသူငယ်ကလေးကိုပင် ခြေထောက်ဖြင့် ကန်၍ သတ်မိသည်ဟူ၍၎င်း၊ အခြားသူငယ် တယောက်မှာ မိခင်အား ကြက်သားဟင်း ချက်ပေးရန်ပြောသဖြင့် မိခင်ဖြစ်သူက ကြပ်တည်းခဲယဉ်းစွာ ဝယ်ယူခဲ့၍ ကြက်သားဟင်း ချက်နေစဉ်မှာ စိတ်ဖောက်ပြန်ပြီးလျှင် မိခင်ကို ဓားဖြင့် ခုတ်သတ်မိသည်ဟူ၍၎င်း၊ ဘိန်းဖြူ စွဲနေသော သူသည် ဘိန်းဖြူ ရရေးအတွက် မပြုဝံ့သောအမှုဟူ၍ မရှိ၊ ရနိုင်သော နည်းဖြင့် လုပ်ရသောကြောင့် မိဘအိမ်မှ ပစ္စည်းများကို ခိုးယူ

http://www.dhammadownload.com



၍လည်း ဘိန်းဖြူကို ဝယ်ယူကာ သုံးဆောင်ကြသည် ဟူ၍ရင်း၊ အပျိုစဉ်အမျိုးသမီးများအချို့လဲ အပျိုစဉ်ဘဝ အဆုံးအရှုံးခံ၍ ဘိန်းဖြူကို ကြပ်တည်းစွာရှာကြံလျက် သုံးစွဲကြရသည်ဟူ၍ရင်း၊ ဤသို့ စသည်ဖြင့် မဖြစ်သင့်သော ဒုက္ခအမျိုးမျိုးနှင့် ရင်ဆိုင်တွေ့ကြုံ ခံစားနေကြရသည်မှာ ဘိန်းဖြူကြောင့်ပင် ဖြစ်ကြောင်း ဘာလွန် ထင်ရှားပါသည်။ ဒေါက်တာဦးမြင့်ဆွေလည်း ယင်းဘိန်းဖြူကြောင့် ထိုသို့ အကြီးအကျယ် ဒုက္ခရောက်ကြရကြောင်းများကို များစွာပင် ကြားဘူးသိဘူးပြီး ဖြစ်ပါလိမ့်မည်။

ယင်းသို့ ဘိန်းဖြူအကြောင်းပြု၍ ဒုက္ခ ရောက်ကြရသည်မှာ ကုသိုလ် ပီတိ ပဿဒ္ဓိ မဟုတ် အကုသိုလ်ပီတိသောမနဿ ဖြစ်သောကြောင့်ပင်တည်း။

သမာဓိဘာဝနာတရားအလုပ်ဖြင့် ရရှိသော ဝမ်းမြောက်မှု စိတ်အေးချမ်းမှုပီတိ ပဿဒ္ဓိများသည်ကား အပြစ် ကင်းသော ကုသိုလ်တရားများသာ ဖြစ်ပေသည်၊ ထိုကုသိုလ်ပီတိပဿဒ္ဓိတို့မှာ ကာမဂုဏ်ကို နှစ်သက်သာယာမှု အကုသိုလ်နှင့်တကွ အခြားကိလေသာဟူသမျှ ကင်းဝေးစင်ကြယ်နေသော အခါ၌သာ ဖြစ်ပေါ်ပေသည်၊ ထို့ကြောင့် သာယာနှစ်သက်မှု ကြိုက်မှု စွဲလမ်းမှု မပါဘဲ သန့်ရှင်းစင်ကြယ်စွာ ဝမ်းမြောက်ရွှင်လန်း စိတ်အေးချမ်းလျက် ပီတိ ပဿဒ္ဓိများ ဖြစ်ပေါ်ကြပေသည်။ ဈာန်ပီတိပဿဒ္ဓိကို ရထားလျှင် ယင်းဈာန်အာရုံကို နှလုံးသွင်းလျက် ဝမ်းမြောက်ရွှင်လန်း စိတ်အေးချမ်းမှု ပီတိပဿဒ္ဓိများကို ဘယ်အချိန်

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com



မဆို ခံစားနိုင်၏၊ ဤသို့သော ရွှင်လန်းဝမ်းမြောက်မှု စိတ်အေးချမ်းသာမှုကို မရသည့်အတွက်လည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲ မဖြစ်၊ မတော်မသင့်သော စိတ်ယုတ် စိတ်ညံ့များလည်း မဖြစ်၊ အလွန်ပင် သန့်ရှင်း စင်ကြယ်စွာ အေးချမ်းလျက်သာ ရှိမြဲဖြစ်သည်။ ထို့ကြောင့် သမာဓိကိုမှီ၍ ဖြစ်ပေါ်လာသော ဝမ်းမြောက်ရွှင်လန်းမှု စိတ်အေးချမ်းသာမှု ပီတိပဿဒ္ဓိသည် ဘိန်းဖြူရှူသူ၏ ဝမ်းမြောက် ချမ်းသာမှုနှင့် မနှိုင်းယှဉ်သာအောင် အလွန်ပင် ကွာခြားလျက် ရှိသည်။

ဘိန်းဓာတ်၏ အတွေ့အထိ အရှိန်အဝါကြောင့် စိတ်ကူးကြံစည်တိုင်း အခိုက်အတန့်မျှ ဝမ်းမြောက်ရွှင်လန်းချမ်းသာနေသည်မှာ ဘိန်းဖြူရှူသူအားသာ ဖြစ်သည် မဟုတ်၊ ဘိန်းမည်းရှူသူမှာလည်း ထိုအတူပင်ဖြစ်ကြောင်း ကြားရဘူး၏။ သို့သော် ထိုဘိန်း ၂-မျိုးလုံးပင် ကျန်းမာရေးနှင့် စိတ်ဓာတ်ကို ပျက်စေတတ်သည့်ပြင် အသက်ကိုလည်းတိုစေကြောင်း ထိုဘိန်းပြဿနာစာအုပ်တို့၌ တွေ့ရဘူးသည့်ပြင် စိတ္တဇဆေးရုံမှ ဆရာဝန်တို့၏ ကိုယ်တွေ့များကိုလည်း ကြားရဘူး၏။

ထို့ပြင် ဘိန်းဖြူကိုရှူ၍ ဝမ်းမြောက်ချမ်းသာခြင်းမှာ တကယ်မဟုတ်ဘဲ စိတ်ကူးမျှဖြင့် ဖြစ်နေခြင်းမျှသာဖြစ်သည်၊ ၎င်းသည် စိတ်ကူးမျှဖြင့် အရူး၏ စိတ်ချမ်းသာ ပျော်ရွှင်နေခြင်းနှင့်လည်း တူ၏။ တရားအားထုတ်သူမှာ သမာဓိကိုမှီ၍ ဖြစ်ပေါ်လာသော စိတ်အေး ချမ်းသာ ဝမ်းမြောက်မှုမှာမူ တကယ်အစစ်အမှန်ကို

http://www.dhammadownload.com



ဘာရှုံပြုလျက် ဖြစ်နေပေသည်၊ ၎င်းသည် တကယ်အစစ်အမှန် ဖြစ်၍ စည်းစိမ်ချမ်းသာ ပြည့်စုံသူ၏ စိတ်အေးချမ်း ဝမ်းမြောက်မှုများနှင့်လည်း တူပေသည်။

တနည်းအားဖြင့် နှိုင်းယှဉ်ပြရလျှင် ဘိန်းဖြူ အရသာကို ခံစား၍ ဝမ်းမြောက်ချမ်းသာ နေသူမှာ ကုသိုလ်မပွားဘဲ အကုသိုလ်သာ များနေသောကြောင့် သေသည်၏ အခြားမဲ့၌ ယုတ်ညံ့သောဘဝသို့ ရောက်သွားရန် အလွန်ပင် နီးစပ်လျက်ရှိ၏၊ တရားအားထုတ်၍ သမာဓိကြောင့်ဖြစ်သော အေးချမ်း ဝမ်းမြောက်မှုသည်ကား အကုသိုလ်ကင်းလျက်သန့်ရှင်းစင်ကြယ်သောကြောင့် ထိုသို့သောပီတိပဿဒ္ဓိနှင့် ပြည့်စုံသောသူမှာ သေသည်၏အခြားမဲ့၌ ယင်းသမာဓိကုသိုလ်ကြောင့် မြင့်မြတ်သော ဘဝသို့ရောက်ရန် ကေန်ပင်ဖြစ်ပေသည်။ သမာဓိတရားအလုပ်ကို အားထုတ်ရသည်မှာ ထိုဘဝဟောင်း ဘဝမြတ်၌ဖြစ်ရန်ရည်ရွယ်ချက်လည်း ပါဝင်၏၊ အရိယမဂ်ဖိုလ်ရ၍ ဘဝဆင်းရဲငြိမ်းရန် ရည်ရွယ်ချက်လည်း ပါဝင်၏။

ထို့ကြောင့် ဘိန်းဖြူကိုမှီ၍ဖြစ်သော ချမ်းသာနှင့် သမာဓိကို မှီ၍ဖြစ်သော ချမ်းသာသည် မတူရုံမျှသာ မဟုတ်၊ အလွန်ပင် ကွာခြားလျက်ရှိ၏။ ကွာခြားပုံမှာ အကုသိုလ်ချမ်းသာအဖြစ်နှင့် ကုသိုလ်ချမ်းသာအဖြစ် အားဖြင့်လည်း ကွာခြား၏၊ တခဏမျှ တည်ပုံနှင့် အမြဲတည်ပုံအားဖြင့်လည်း ကွာခြား၏။ မျက်မှောက်တွင် မကောင်းကျိုးရစေပုံနှင့် ကောင်းကျိုးရစေပုံအားဖြင့်လည်း ကွာခြား၏၊ သေသည်၏အခြားမဲ့၌ ယုတ်ညံ့ရာတွင် ဖြစ်ရမည့်

http://www.dhammadownload.com



အခြေအနေနှင့် မြင့်မြတ်ရာတွင် ဖြစ်ရမည့် အခြေအနေ အား ဖြင့်လည်း ကွာခြား၏၊ ဤသို့အဖက်ဖက်မှ မတူဘဲကွဲလွဲခြားနား ပါလျက် မဟာရိရှီးခေါ် ယောဂီရသေ့ကြီးက• အတူတူပင် ဖြစ်ကြောင်း ပြောဆိုသည်ဟူသော စကားမှာ ယုံကြည်ဘွယ် မရှိပါ။

မိမိ၏ အထင်အားဖြင့် "တရား အားထုတ်သူမှာ တရား အရသာများကို တွေ့ရခြင်းသည် ဘိန်းဖြူကိုမှီ၍ဖြစ်သော စိတ် အေးချမ်း ဝမ်းမြောက်မှုကဲ့သို့ပင် ကောင်းကြောင်း၊ စရိတ်စက မကုန်ဘဲ အမြဲတမ်း ချမ်းသာမှုကို ရနိုင်ကြောင်း စသည်ဖြင့် တရားအားထုတ်မှု၌ စိတ်ဝင်စားအောင် ဘိန်းဖြူစွဲနေသူတို့အား နားလည်စေနိုင်သော ဥပမာဖြင့် ဖော်ပြပြောဆိုခြင်းသာ ဖြစ် လိမ့်မည်"ဟု ထင်မြင်မိပေသည်။ ထိုသို့ပြောဆိုခြင်း ဖြစ်ပါမူ ဘိန်းဖြူကို ချီးမွမ်းစကားမဟုတ်၊ စရိတ်မကုန်ဘဲ အမြဲတမ်း ချမ်းသာစေနိုင်သော တရားအလုပ်ကို အားထုတ်သင့်ကြောင်း ပြောဆိုခြင်း ဖြစ်ပေမည်။ ထို့ကြောင့် မဟာရိရှီး၏စကားကိုမှီ၍ ဘိန်းဖြူအရသာကို တရားအရသာနှင့် ထပ်တူပင်ဟု ဂုဏ်မယူ သင့်ပါ။

တခါက ကြားရဘူးသည်မှာ ဟိန္ဒူ ဘာသာဝင် အချို့ သူတော်ကောင်းတို့သည် သူတို့၏ဘုရားသခင်ကို အာရုံပြုခါနီး၌ ဆေးခြောက်ကို ရှူကြရသည်ဟုကြားဘူး၏။ ဘယ်အတွက် ရှူကြ သနည်းဟူမူ- ဆေးခြောက်၏ အစွမ်းကြောင့် ယစ်မူးလျက် ကြောက်နေသောအခါ ဘုရားသခင်ကို လေးလေး နက်နက်

http://www.dhammadownload.com



အားကိုးအားထား ပြုခြင်းဖြစ်စေရန် ရှုကြသည်တို့ ဆိုဒ်၏ ကြောက်ဖွယ်မရှိပါဘဲ ဆေးခြောက်၏ အစွမ်းကြောင့် ယစ်မူး သျက် ဖောက်ပြန်၍ ကြောက်ခြင်းသည် အဝိဇ္ဇာနှင့် ဒေါမနဿ ပြဋ္ဌာန်းသော ဒေါသစိတ်အကုသိုလ်စိတ်ဖြင့် ကြောက်ခြင်းဖြစ် သည်၊ သတိ သံဝေဂဉာဏ်ဖြင့် ကြောက်သော ကုသိုလ်တရား ကား မဟုတ်ပေ။ ထို့ကြောင့် ထိုသို့ကြောက်၍ ဘုရားကိုအာရုံပြု နေဆဲ၌သန့်ရှင်းစင်ကြယ်သောကုသိုလ်သမာဓိကားမဖြစ်နိုင်ပေ။ ကလေးသူငယ်များမှာ ကြောက်၍ မိဘကို အားကိုးသော သဘောမျိုးသာ ဖြစ်သည်၊ ထို့ကြောင့် ဗုဒ္ဓဘုရားတော် အလို အားဖြင့် ကုသိုလ်ကိုပွားစေရာ၌ အကုသိုလ်ကို ဖြစ်ပွားစေတတ် သော မူးယစ်ဆေးဝါးများကို မမှီဝဲသင့်ပေ၊ မှီဝဲလျှင် ကုသိုလ် မဖြစ်ဘဲ အကုသိုလ်တွေသာဖြစ်ပွားနေမည်မှာ သေချာပါသည်။

ထို့အတူပင် ဘိန်းပြုဖြင့် စိတ်ကိုရှင်လန်းဝမ်းမြောက်စေခြင်း ချမ်းသာစေခြင်းသည် အစစ်အမှန် မဟုတ်သော ရှင်လန်း ဝမ်း မြောက် ချမ်းသာခြင်းဖြစ်၍ မမှီဝဲသင့်သော အရာသာဖြစ်သည်။ ဘာနှင့်တူသလဲ ဆိုလျှင် အိပ်မက်ထဲ၌ ရှင်လန်း ဝမ်းမြောက် ချမ်းသာနေခြင်းနှင့်တူသည်၊ ထိုသို့သောအစစ်အမှန်မဟုတ်သည့် စိတ်ချမ်းသာမှုမျိုးဖြင့် အချိန်ကုန်နေလျှင် မျက်မှောက်တွင်ရနိုင် သော စီးပွားဥစ္စာနှင့်ချမ်းသာများမှ ဆုံးရှုံးသွားမည့်ပြင် ကျန်း မာရေးပျက်ခြင်း၊ အသက်တိုခြင်း၊ စိတ်ဖောက်ပြန်၍ မပြုသင့် သည်များကို ပြုမိသဖြင့် အတိဒုက္ခရောက်ရခြင်းစသော ဆင်းရဲ အမျိုးမျိုးကို ခံစားသွားရဘို့သာ ဖြစ်သည်။

ဆင့်မအကြိမ်

http://www.dhammadownload.com



ဘိန်းဖြူ၏ အပြစ်များကို ကျယ်ကျယ်ပြန့်ပြန့် သိနားလည်ထားကြရန် ဘိန်းဖြူပြဿနာဆိုင်ရာ စာအုပ်စာတမ်း များကို ဖတ်ရှုသင့်လှပါပေသည်။

ဤတွင် ဒေါက်တာဦးမြင့်ဆွေ၏ မေးခွန်းများအတွက် ဖြေဆိုချက် အပြီးသတ်လိုက်ပါသည်။

မိမိတို့၏ အကျိုးစီးပွားဖြစ်ကြောင်း အစစ်အမှန်ကို သိမြင်နားလည်နိုင်ကြပါစေ။

အရှင်သောဘန
အဂ္ဂမဟာပဏ္ဍိတ
မဟာစည်ဆရာတော်
သာသနာ့ရိပ်သာ၊ ရန်ကုန်

၁၃၃၈-ခုနှစ်
ကဆုန်လဆန်း(၇)ရက်
(၄၊ ၅၊ ၇၆)

ဆဋ္ဌမအကြိမ်

http://www.dhammadownload.com

## သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ
## အလှူအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်၏။

---

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် ပရိယတ္တိ ပဋိပတ္တိစွမ်းရည်များ ထင်ရှားထက်မြက်လှပါသည်။ မြတ်ဗုဒ္ဓဟောကြား တော်မူသော တရားဒေသနာနှင့်အညီ ကျမ်းစာအုပ်ပေါင်း(၈၀)ကျော် ရေးသားပြုစုခဲ့ပါသည်။ ဆရာတော် ဘုရားကြီးရေးသားပြုစုခဲ့သည့် ကျမ်းစာအုပ်များသည် သာသနာ တော်အတွက် အကျိုး ကျေးဇူးများလှပါသည်။

ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာတော်ကို ချီးကျူးထောက်ပံ့ လျက်ရှိသော ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်က မဟာစည်ဆရာတော် ဘုရားကြီး၏ ကျမ်းစာအုပ်များကို ပုံနှိပ်ဖြန့်ချိလျက်ရှိပါသည်။ ကျမ်းစာအုပ် များပုံနှိပ်ထုတ်ဝေရာ၌ အဆင့်အတန်းမြင့်မြင့်ဖြင့် ပိုမိုကောင်းမွန်သည်ထက် ကောင်းမွန်အောင် စီစဉ်ဆောင်ရွက် လျက်ရှိပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"ဟု ဘုရားဟောပါဠိလာရှိသည့် အမြတ်ဆုံး အလှူဖြစ်သော "တရားစာအုပ်များလှူဒါန်းလိုပါက" မဟာစည် တရားတော် ပြန့်ပွားရေး ထာဝရပဒေသာပင်တစ်ပင်လျှင် ကျပ် ၅၀၀၀/-ဖြင့် စိုက်ထူလှူဒါန်းနိုင်ပါသည်။ သီးသန့် ငွေပဒေသာပင်စိုက်ထူ၍ မိမိနှစ်သက်ရာ ကျမ်းစာအုပ်ကို ရိုက်နှိပ် လှူဒါန်းလိုပါက (သို့မဟုတ်) အုပ်ရေ ၁၀၀-နှင့်အထက် လှူဒါန်းလိုပါက ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်နှင့် ဆက်သွယ်လှူ ဒါန်းနိုင်ပါကြောင်း။

ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ်
မဟာစည်သာသနာ့ရိပ်သာ
အမှတ်(၁၆) သာသနာ့ရိပ်သာလမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၅၄၁၉၇၁

http://www.dhammadownload.com

## ဆဋ္ဌသင်္ဂါယနာ အဂ္ဂမဟာပဏ္ဍိတ
## ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး

## ဟောကြားရေးသားပြုစုတော်မူသောတရားစာအုပ်များနှင့် ကျမ်းစာအုပ်များစာရင်း


၁။ ကမ္မဋ္ဌာန်းတရားအားထုတ်ရခြင်း
၂။ ကမ္မဋ္ဌာန်းဆရာတို့၏မှတ်တမ်း
၃။ ကမ္မဝါ
၄။ ကာမသုတ္တန်တရားတော်
၅။ ကမ္မဋ္ဌာသာသနာပြုစာတမ်း
၆။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ပ)
၇။ ကမ္မဋ္ဌာသာသနာပြုတရားတော် (ဒု)
၈။ ကမ္မဋ္ဌာသာသနာပြုမဇ္ဈိမဒူတခရီး
၉။ ကျွန်တော်(သို့) ၃၃-နှစ် မဟာစည်
၁၀။ ငွေရတုတရားတော်
၁၁။ စူဠဝေဒလ္လသုတ်တရားတော်
၁၂။ တက္ကသိုလ်တရားတော်
၁၃။ တုဝဋ္ဋကသုတ်တရားတော်
၁၄။ ထေရဂုတ္တန္တဝိလာသိနီ (ပ)
၁၅။ ထေရဂုတ္တန္တဝိလာသိနီ (ဒု)

http://www.dhammadownload.com

၁၆။ ဒုလ္လဘရဟန်းသစ်များသြဝါဒကထာ
၁၇။ ဓမ္မစကြာ
၁၈။ ဓမ္မဒါယာဒသုတ်တရားတော်
၁၉။ ဓမ္မဒေသနာဆောင်ပုဒ်များ
၂၀။ ဓမ္မဒေသနာစာစောင်များ (ပ)
၂၁။ ဓမ္မဒေသနာစာစောင်များ (ဒု)
၂၂။ ဓမ္မဒေသနာစာစောင်များ (တ)
၂၃။ ဓမ္မဒေသနာစာစောင်များ (စ)
၂၄။ နိဗ္ဗာန်ဆိုင်ရာတရားတော်
၂၅။ နိုင်ငံခြားသာသနာပြုခရီးအတွေ့အကြုံ
၂၆။ ပဋိစ္စသမုပ္ပါဒ် (ပထမတွဲ)
၂၇။ ပဋိစ္စသမုပ္ပါဒ် (ဒုတိယတွဲ)
၂၈။ ပဋိပတ္တိသာသနာ
၂၉။ ပုရာဘေဒသုတ်တရားတော်
၃၀။ ဗုဒ္ဓသာသနာ့အန္တရာယ်ကာကွယ်ရေးတရားတော်
၃၁။ ဗြဟ္မစိုရ်တရားတော်ကြီး
၃၂။ ဗြဟ္မဝိဟာရတရားတော်
၃၃။ ဗောဇ္ဈင်သုတ်တရားတော်
၃၄။ ဘဝပြဿနာ
၃၅။ ဘာရသုတ္တန်တရားတော်
၃၆။ ဘုရားရှိခိုး

http://www.dhammadownload.com

၃၇။ မဟာစည်ဆရာတော်ဘုရားကြီးထေရုပ္ပတ္တိအကျဉ်း
(ပထမပိုင်း)
၃၈။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအထူ)
၃၉။ မဟာစည်ဆရာတော်ဘုရားကြီးဓါတ်ပုံ (စက္ကူအပါး)
၄၀။ မဟာသမယသုတ်၊ (၃)သုတ်တရားတော်
၄၁။ မဟာသတိပဋ္ဌာန်(၃) စောင်တွဲ
(ဓမ္မစကြာ+အနတ္တ+မဟာသတိပဋ္ဌာန်)
၄၂။ မဟာသတိပဋ္ဌာန် ပါဠိ နိဿယ
၄၃။ မဟာသတိပဋ္ဌာန် ဝိပဿနာရှုနည်း (အကျဉ်း)
၄၄။ မာလုကျပုတ္တသုတ်တရားတော်
၄၅။ ရှစ်ဖြာမဂ္ဂင်နိဗ္ဗာန်ဝင်တရားတော်
၄၆။ ဝိပဿနာရှုနည်းကျမ်း (ပ)
၄၇။ ဝိပဿနာရှုနည်းကျမ်း (ဒု)
၄၈။ ဝိပဿနာအလုပ်ပေးတရားတော်
၄၉။ ဝိပဿနာလမ်းညွှန်ကျမ်း
၅၀။ ဝိပဿနာအခြေခံတရားတော်
၅၁။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ပ)
၅၂။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (ဒု)
၅၃။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (တ)
၅၄။ ဝိသုဒ္ဓိမဂ်–မြန်မာပြန် (စ)
၅၅။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော် (ဆရာကိုင်)

http://www.dhammadownload.com

၅၆။ ဝိသုဒ္ဓိနှင့်ဉာဏ်စဉ်တရားတော်မှ ဆောင်ပုဒ်များ
၅၇။ ဝမ္မိကသုတ်တရားတော်
၅၈။ ဝါကျာဝယ ဝဏ္ဏနာကျမ်း
၅၉။ ဝိနယဝိနိစ္ဆယသင်္ဂဟကျမ်း
၆၀။ ဝတ်ရွတ်စဉ် (မဟာစည်)
၆၁။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက် (ပ)
၆၂။ ဝိပဿနာရှုနည်းကျမ်းပါဠိသက်သက်(ဒု)
၆၃။ သက္ကပဉှသုတ်တရားတော်
၆၄။ သမ္မာပရိဗ္ဗာဇနီယသုတ်
၆၅။ သီလဝန္တသုတ်တရားတော်
၆၆။ သလ္လေခသုတ်တရားတော် (ပ)
၆၇။ သလ္လေခသုတ်တရားတော် (ဒု)
၆၈။ သစ္စာလေးပါးတရားတော်
၆၉။ ဟေမဝတသုတ်တရားတော်
၇၀။ ဟောဇဉ်သုတ်
၇၁။ အနတ္တလက္ခဏသုတ်တရားတော်
၇၂။ အရိယာဝါသ
၇၃။ အဘိဓမ္မာတရားတော်
၇၄။ အာသီဝိသောပမသုတ်
၇၅။ ဩဝါဒအမွေများ
၇၆။ ဩဝါဒကထာပေါင်းချုပ်

http://www.dhammadownload.com

၇၇။ လောကဓံတရားတော်
၇၈။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွန့်ပေါင်း (ပ)
၇၉။ မဟာစည်နှစ်(၅၀)ရွှေရတုတရားညွန့်ပေါင်း (ဒု)
၈၀။ မဟာစည်နှစ်(၅၀)ရွှေရတုသမိုင်းမှတ်တမ်း
၈၁။ မဂ္ဂင်ရှစ်ပါး
၈၂။ ဝိသုဒ္ဓိမဂ်မဟာဋီကာ
၈၃။ ရာပြည့်မော်ကွန်း
၈၄။ အာဒိတ္တသုတ္တန်တရားတော်

http://www.dhammadownload.com

# ဘဝပြဲသသနာတရားတော် အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | ရှိရင်းအမှား | အမှားပြင်ဆင်ချက် |
|---|---|---|---|
| ၂ | ၁၆ | တိုင်းဘွား | တိုင်းဖွား |
| ၃ | ၃ | သရဏဂုမ် | သရဏဂုံ |
| ၄ | ၁၆ | တိုင်းဘွား | တိုင်းဖွား |
| ၇ | ၂၀ | သာသန | သာသနာ |
| ၁၀ | ၈ | ကျယ်ဝှမ်း | ကျယ်ဝန်း |
| ၁၀ | ၁၂ | ဘွားမြင် | ဖွားမြင် |
| ၁၄ | ၂ | ဘတ်၍ | ဖတ်၍ |
| ၁၆ | ၁ | ပဌမ | ပထမ |
| ၁၉ | ၂ | သမ္မာဒေထ | သမ္မာဒေထ |
| ၃၂ | ၁၈/၁၉ | သိရှိ | သိရှိ |
| ၃၅ | ၂ | ပဌမ | ပထမ |
| ၃၆ | ၆ | ပဌမံ | ပထမံ |
| ၃၆ | ၁၂ | သဗ္ဗုဒ္ဒါ | အဗ္ဗုဒ္ဒါ |
| ၄၁ | ၄ | တလရှိ | တစ်လရှိ |
| ၄၅ | ၂၂ | သံဝသ | သံဝါသ |
| ၄၈ | ၄ | ပဌမ | ပထမ |
| ၅၆ | ၉ | ဘိတ်စာ | ဖိတ်စာ |
| ၅၇ | ၁၀ | မိဖုယား | မိဖုရား |
| ၅၇ | ၁၅/၁၈ | ခရင်း | ခက်ရင်း |
| ၅၈ | ၄ | မိဖုယား | မိဖုရား |

http://www.dhammadownload.com

# ဘဝပြဿနာတရားတော် အမှားပြင်ဆင်ချက်

| စာမျက်နှာ | ကြောင်းရေ | ရှိရင်းအမှား | အမှားပြင်ဆင်ချက် |
|---|---|---|---|
| ၆၄ | ၂ | သွချာပါဒ | သွက်ချာပါဒ |
| ၆၅ | ၅ | သွချာပါဒ | သွက်ချာပါဒ |
| ၆၉ | ၇ | ဦးဈောက် | ဦးနှောက် |
| ၆၉ | ၁၀ | ဘတ်ရပါသည် | ဖတ်ရပါသည် |
| ၆၉ | ၁၃ | သရဏဂုဏ် | သရဏဂုံ |
| ၇၀ | ၄/၇ | ဗမာပြည် | မြန်မာပြည် |
| ၇၀ | ၁၆ | ဂဏီသု | ဂဏိုသု |
| ၇၂ | ၉ | ပြုဘူးသော | ပြုဖူးသော |
| ၈၀ | ၁ | အသည်းအထန် | အသည်းအသန် |
| ၉၇ | ၂ | စားသုံးဘွယ် | စားသုံးဖွယ် |